# ဓမ္မရတနာ
# သိမှတ်ဖွယ်ရာများ



ဦးနန္ဒာစာရ (သာသနဓဇဓမ္မာစရိယ)
M.A (အိန္ဒိယ) , M.A (သီရိလင်္ကာ)

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | – | မေလ၊ ၂၀၁၃ (ဒုတိယအကြိမ်) |
| ပုံနှိပ်သူ | – | နန်းသဇင်ပုံနှိပ်တိုက်၊<br>အမှတ် ၁၉၄/၁၉၆၊ ၃၉လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| တန်ဖိုး | – | ၁၀၀၀ ကျပ် |

ဤစာအုပ်များကို မိမိတို့၏အလှူတွင် ဖိတ်ကြားထားသည့် ဧည့်သည်များအား ဓမ္မဒါနပြုလိုလျှင်လည်းကောင်း၊ မိမိတို့ရပ်ရွာဒေသရှိ ဥပုသ်သည် ဝတ်အသင်းရောဂီများနှင့် ယဉ်ကျေးလိမ္မာကလေးငယ်များအား ဓမ္မဒါနပြုလိုလျှင်လည်းကောင်း ဆက်သွယ်ပါ။

ဦးနန္ဒစာရ၊ ငွေကြာရံပရိယတ္တိစာသင်တိုက်၊ ၁၃ လမ်း၊ ၃ ရပ်ကွက်၊
ဘာင်ဥက္ကလာပ။
ရန်ကုန်။ ဖုန်း–၀၉၄၃၁၁၂၁၂၅၊ unandasara.my@gmail.com

# ဓမ္မရတနာသိမှတ်ဖွယ်ရာများ

ဦးနန္ဒာစာရ (သာသနဓဇဓမ္မာစရိယ)
M.A (အိန္ဒိယ) , M.A (သီရိလင်္ကာ)



**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူအားလုံးတို့တွင် တရားဓမ္မအလှူသည် အမြတ်ဆုံးသော အလှူဖြစ်သည်

သို့ ...

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

မှ ...

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

# အမှတ်တရ ဓမ္မဒါန လက်ဆောင်မွန်

နေ့စွဲ ..................................

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁။ ရှိခိုးဦးချနည်း........................................ ၁
၂။ ကန်တော့ကျိုး........................................ ၂
၃။ ဘုရားတရားသံဃာ့ဂုဏ်တော်များ........................ ၂
၄။ ငါးပါးသီလခံယူဆောက်တည်ပုံ ........................ ၃
၅။ ဆွမ်းတော်ကပ် ........................................ ၄
၆။ အနန္တောအနန္တငါးပါးဘုရားရှိခိုး ........................ ၄
၇။ ခုနစ်နေ့ဘုရားရှိခိုး........................................ ၆
၈။ ၃၂ - ကောဋ္ဌာသ ပါဠိ ........................................ ၈
၉။ ၃၂ - ကောဋ္ဌာသ မြန်မာ ........................................ ၈
၁၀။ သမ္ဗုဒ္ဓေဂါထာ ပါဠိ ........................................ ၉
၁၁။ သမ္ဗုဒ္ဓေဂါထာ အနက် ........................................ ၉
၁၂။ အာဝေဏိကဂုဏ်တော် ပါဠိ ........................ ၁၀
၁၃။ ငှင်းမြန်မာပြန်အကျဉ်း........................................ ၁၁
၁၄။ စက်ကြီး ၁၃-ပါး........................................ ၁၁
၁၅။ ဗျည်း ၃၃-လုံးဘုရားရှိခိုး ........................................ ၁၂
၁၆။ ပဋ္ဌာန်း၂၄-ပစ္စည်း ........................................ ၁၅

၁၇။ ပဋိစ္စသမုပ္ပါဒ် ........................................ ၁၅
၁၈။ မေတ္တာပို့ ပါဠိ ........................................ ၁၆
၁၉။ မေတ္တာသုတ်လာ မေတ္တာပို့ ........................................ ၁၈
၂၀။ အရပ် ဆယ်မျက်နှာ မေတ္တာပို့ . ........................................ ၁၉
၂၁။ မေတ္တာအကျိုးကြီးပုံ ........................................ ၂၀
၂၂။ မေတ္တာအကျိုး ၁၁-မျိုး ........................................ ၂၁
၂၃။ ဆုတောင်း ........................................ ၂၁
၂၄။ အမျှဝေ ........................................ ၂၃
၂၅။ အမျှဝေခြင်းအကျိုး ........................................ ၂၄
၂၆။ သာဓုခေါ်ခြင်း အကျိုး ........................................ ၂၅
၂၇။ ပုတီးစိပ်နည်း ........................................ ၂၈
၂၈။ ရှင်အရဟံ ပုတီးစိပ်နည်း ........................................ ၃၀
၂၉။ ဥပုသ်ဟူသည် ........................................ ၃၀
၃၀။ ဥပုသ်စောင့်ပုံ အစီအစဉ် ........................................ ၃၀
၃၁။ ဥပုသ်စောင့်ခြင်း အကျိုး ........................................ ၃၂
၃၂။ နေ့တစ်ဝက် ဥပုသ် ........................................ ၃၃
၃၃။ အာသန္နကံ အကြောင်း ........................................ ၃၄
၃၄။ တံငါသည် နတ်ပြည်ရောက် ........................................ ၃၆
၃၅။ မုဆိုး နတ်ပြည်တက် ........................................ ၃၈
၃၆။ ကုသိုလ်ရှင် အပါယ်သွား ........................................ ၃၉
၃၇။ ကောင်းမှုရှင်ငရဲရောက် ........................................ ၄၁

၃၈။ ညေဦး ဆန်တစ်စလယ် .................................... ၄၄
၃၉။ မယားချစ်သူ တစ်ဦး .................................... ၄၇
၄၀။ ဒု သ န သော .................................... ၄၉
၄၁။ မိဘကျေးဇူးဆပ်နည်း .................................... ၅၀
၄၂။ အဆုံးအမ မကြိုက်သူ .................................... ၅၂
၄၃။ သစ်ပင်ခုတ်ဖြတ် သတိချပ် .................................... ၅၆
၄၄။ တောင်းလျှင် မုန်းတတ်သည် .................................... ၅၈
၄၅။ မိုးသူတော်ဦးန စကားပုံ .................................... ၆၁
၄၆။ ရဟန်းတော်များနှင့်ပြောဆိုဆက်ဆံတတ်ရန်......... ၆၃
၄၇။ ရဟန်းသံဃာ အိမ်ကြွလာ .................................... ၆၅
၄၈။ ရဟန်းတို့ မကပ်ရောက်သင့်သောအိမ် ................ ၆၆
၄၉။ ရှောင်ရှားရမည့် အပြော .................................... ၆၆
၅၀။ ဆရာနှင့် ဒကာ .................................... ၆၈
၅၁။ ရင်းနှီးမှု ဖြတ်တောက် .................................... ၇၂
၅၂။ လယ်တီသံဝေဂ တေးထပ် .................................... ၇၃
၅၃။ ဩဝါဒတေးထပ် .................................... ၇၃
၅၄။ မိုးညှင်းဆရာတော်ကြီး၏ ဩဝါဒ .................... ၇၄
၅၅။ လူတန်းစားကွဲပြားရခြင်း အကြောင်း .................... ၇၄
၅၆။ အပါယ်လားကြောင်းအလှူဒါန ၁၀- မျိုး ............. ၇၅
၅၇။ မရောင်းကောင်းသောပစ္စည်း ၅- မျိုး .................... ၇၆
၅၈။ အမြဲဆင်ခြင်ရမည့် တရား .................................... ၇၆

၅၉။ လှူဖွယ်ပစ္စည်း၌ ဆင်ခြင်ပုံ ................................ ၇၇
၆၀။ အလှူခံပုဂ္ဂိုလ်ကို ကျေးဇူးတင်သင့် ..................... ၇၈
၆၁။ အသက်ရှည်စေနိုင်သော ကုသိုလ် ..................... ၇၉
၆၂။ အမျက်ဖြေလင်္ကာ ........................................... ၇၉
၆၃။ ညှော့သည် ...................................................... ၈၀
၆၄။ သင်သေသွားသော် ............................................ ၈၁
၆၅။ တားမရဘူး ...................................................... ၈၁
၆၆။ သံဝေဂလင်္ကာ ................................................... ၈၂
၆၇။ ရှင် ရဟန်းမပြုထိုက်သူ .................................... ၈၂
၆၈။ သဗ္ဗမင်္ဂလ ဂါထာ ............................................ ၈၃
၆၉။ အချုပ်အနှောင်မှလွတ်မြောက်သော ဂါထာ ......... ၈၄
၇၀။ ခရီးသွား အန္တရာယ်ကင်း ဂါထာ ........................ ၈၅
၇၁။ ဒုက္ခ သုံးမျိုး .................................................... ၈၇
၇၂။ လယ်တီဆရာတော်ကြီး၏ ဝိပဿနာရှုနည်း ......... ၈၈
၇၃။ မင်းကွန်းဆရာတော်ကြီး၏ ဝိပဿနာရှုနည်း ........ ၉၄
၇၄ ။မိုးညှင်းဆရာတော်ကြီး၏ ဝိပဿနာရှုနည်း .......... ၉၇
၇၅။ စွန်းလွန်းဆရာတော်ကြီး၏ ဝိပဿနာရှုနည်း ...... ၁၀၀
၇၆။ ကောသလအိပ်မက် ၁၆-ချက် ........................ ၁၀၅
၇၇။ ဝိပါက်တော် ၁၂-ပါး ....................................... ၁၀၈
၇၈။ ယမမင်းထံ အစစ်ခံသံပေါက် .......................... ၁၁၂

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ရှိခိုး ဦးချနည်း

စေတီတော် ရုပ်ပွါးဆင်းတုတော်များနှင့် ရဟန်း သံဃာတော်များကို ရှိခိုးဦးချသောအခါ အမျိုးသားဖြစ်ပါက ရှေးဦးစွာ ဆောင့်ကြောင့်ထိုင် အမျိုးသမီးဖြစ်ပါက ကြံ့ကြံ့ထိုင်လျက် ချီထားသော လက်အုပ်ကို မျက်နှာရှေ့ တည့်တည့်ထားပါ ရှိခိုးသောအခါ၌ ထိ ခြင်းငါးပါးနှင့် ညီအောင် ရှိခိုးရမည် မြေပေါ်မှာရှိပါက မြေနှင့်ထိအောင်(ဖျာကော်ဇော) ကြမ်းပြင်ပေါ်ရှိပါက ကြမ်းပြင်နှင့်ထိအောင် ရှိခိုးရမည် ထိခြင်း ငါးမျိုးဆိုသည်မှာ ဒူးနှစ်ဖက် တတောင်နှစ်ဖက်နှင့် နဖူးငါးမျိုးလုံး ကြမ်းပြင်မှာထိရမည်ဟု ဆိုလိုပါသည်။

လက်အုပ်ကြာငုံ ပုံအလားသို့
လက်ညှိုးထိထား ဆံစမှာ
မျက်ခုံးအလယ် လက်မများကို
ထိကာမိုး၍ ရှိခိုးပါ
ခြေလက်နဖူး တတောင်ဒူးကို
တည်ရာထိဦး ငါးအင်္ဂါ
လက်ချဒူးချ တတောင်ချလို့
နဖူးချကာ ရှိခိုးပါ
ဂုဏ်ကိုရည်မှန်း ဦးချစမ်း
ရှင်လမ်းသုံးကြိမ်သာ။
(အောင်ဆန်းတောရဆရာတော်)

ဗုဒ္ဓံ ပူဇေမိ = ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ ပူဇေမိ၊ပူဇော်ပါ၏ အရှင်ဘုရား
ဓမ္မံပူဇေမိ=ဓမ္မံ၊တရားတော်မြတ်ကို။ပူဇေမိ၊ပူဇော်ပါ၏ အရှင်ဘုရား
သံဃံ ပူဇေမိ = သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏
အရှင်ဘုရား

## ကန်တော့ကျိုး

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ကန်တော့ရသော အကျိုး အားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါး ပါး ဝိပ္ပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား တော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## ဘုရား တရား သံဃာဂုဏ်တော်များ

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော
သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဒမ္မသာရထိ
သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

သွာက္ခာတော ဘဂဝတာဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိ ပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိနေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## ငါးပါးသီလ ခံယူဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေနသဟ ပဉ္စသီလံဓမ္မံ ယာစာမိ
အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ(ဒုတိယမ္ပိ၊ တတိယမ္ပိ)
ယမဟံ ဝဒါမိ တံ ဝဒေထ ။
(အာမဘန္တေ)
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံသရဏံ ဂစ္ဆာမိ သံဃံသရဏံ ဂစ္ဆာမိ
(ဒုတိယမ္ပိ၊တတိယမ္ပိ)
တိသရဏဂမဏံ ပရိပုဏ္ဏံ
(အာမဘန္တေ)
ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
သုရာမေရယ ပဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(တိသရဏေန သဟ ပဉ္စသီလံ သာဓုကံကတွာ အပ္ပမာဒေန
သမ္ပါဒေထ)
(အာမ ဘန္တေ)

## ဆွမ်းတော်ကပ်

အရဟာတာဒီ နဝဂုဏေဟိ၊ အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှားသဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတီယဿ၊ (ဓါတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂ) စေတီတော်မြတ်အား။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ၊ အဆင်း အနံ့ အရသာနှင့်ပြည့်စုံသော။ ဣမံ ပိဏ္ဍ ပါတ ခါဒနီယဘောဇနီယံ၊ ဤဆွမ်းခဲဘွယ် ဘောဇဉ်ချိုချဉ် အရသာ အဖြာဖြာကို။ (ဣမံ ပုပ္ဖံ၊ ဤပန်းကို။ ဣမံ ပါနီယ ပရိဘောဇနီယံ၊ ဤသောက်တော်ရေ သုံးတော်ရေကို) သက္ကစ္စံ၊ ရိုသေစွာ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏အရှင်ဘုရား။

## အနန္တောအနန္တငါးပါး ဘုရားရှိခိုး

၁။ ဗုဒ္ဓဂုဏော အနန္တောဟု ကျော်ဇောထင်ရှား သုံးပါးရပ်သူ
နတ်လူ ပြဟ္မာ သတ္တဝါကို ခေမာသာခေါင် နိဗ္ဗာန်ဘောင်သို့

ရွှေဖေါင်မဂ္ဂင် သဘော်ယာဉ်ဖြင့် ကယ်တင်ဆောင်ယူ ပို့တော်မူသည် နတ်လူတို့ထိပ်ပန်း ရဟန်းတို့ဆရာ အစိန္တေယျာဟု အနန္တဂုဏ်အင် ဘုရားရှင်ကို၊ အဟံ၊ အကျွန်နိုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏အရှင်ဘုရား။

၂။ ဓမ္မဂုဏော အနန္တောဟု တည်သောကမ္ဘာ သတ္တဝါလူနတ် အထပ်ထပ်ကို လေးမြတ်ကြင်နာ အဝိဇ္ဇာနှင့် တဏှာသံယော ကိလေတောမှ ဆေးကြောသုတ်သင် မြူမတင်အောင် ရှောင်ကြဉ်ပေတတ် တရားမြတ်ကို၊ အဟံ၊ အကျွန်နိုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏အရှင်ဘုရား။

၃။ သံဃဂုဏော အနန္တောဟု၊ လောဘ ဒေါသ မောဟကင်းကွာ တဏှာကာမ ကိလေသနှင့် ရာဂစရိုက် နှစ်ခြိုက်မပျော် မမွေ့လျော်ဘဲ ရှင်တော်ဟောကြား မြတ်တရားကို မှတ်သား ကြည်ညို မင်္ဂဖိုလ်နိဗ္ဗာန် ရောက်ကြောင်းမှန်သည် မြတ်မွန်ထေရ်ကျော် သံဃာတော်တို့ ဂုဏ်တော်ကြီးစွာ အနန္တကို၊ အဟံ၊ အကျွန်နိုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

၄။ မာတာပိတုဂုဏော အနန္တောဟု အပြောကျယ်စွာ သံသရာဝယ် မာတာပိတာ မိနှင့်ဖတို့ ရေကြည်ကလလ တည်ဦးစက ချိုချဉ်ပူစပ် ရှင်းရှင်းပြတ်အောင် မပြတ်ယုယ မိဘတို့မှာ စိုးရိမ်စွာဖြင့် အစာဆိမ့်အေး နို့ချိုပေး၍ ကျွေးသည့်မိခင်၊ မွေးဖရှင်ကို၊ အဟံ၊ အကျွန်နိုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

၅။ အာစရိယဂုဏော အနန္တောဟု မိန့်ဟောအရ ကောက်ယူပြသော် နယနည်းနာ အဖြာဖြာကို လိမ္မာစေကြောင်း မေတ္တာလောင်း၍ မကောင်းကိုကြဉ် ကောင်းရာယှဉ်လျက် နှုတ်မြွက်သံချို ဆုံးမဆိုသား အဟိုများစွာ သံသရာဝယ် သုံးသွယ်သောကပ် လေးရပ်အပါယ် ရှစ်သွယ်ရပ်ပြစ် ဆိုးညစ်ယုတ်မာ အဖြာဖြာကို ခေမာဘုမ္မိ ဘေးမရှိအောင် နိဗ္ဗာန်သောင်သို့ ရောက်အောင်ပြဋ္ဌာန် သွန်သင်ပေတတ် ဆရာမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## ခုနစ်နေ့ ဘုရားရှိခိုး

၁။ သုံးလူ့ရှင်ပင် ကျွန်ုပ်ထိပ်တင် သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့ ညီညာရုံးစု တောင်းပန်မှုကြောင့် ရတုနဂို ရွှန်းရွှန်းစိုသည် ဝါဆိုလပြည့် ကြွက်မင်းနေ့ဝယ် ချမ်းမြေ့ကြည်ဖြူ သန္ဓေယူသည် နတ်လူငြိမ်းဘို့ကိန်းပါကို။

၂။ သန္ဓေယူကာ ဆယ်လကြာသော် မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြို ကဆုန်လပြည့် သောကြာနေ့ဝယ် ချမ်းမြေ့စုံစီ လုမ္ဗိနီဌ မဟာလိုက်ဆူ ဖွားတော်မူသည် နတ်လူအောင်မြို လမ်းပါကို။

၃။ ဖွားမြင်ခြောက်သော် ဆယ့်ခြောက်နှစ်ရှယ် ပျိုနနယ်ဌ သုံးသွယ်ရွှေနန်း သိမ်းမြန်းပြီးလစ် ဆယ့်သုံးနှစ်လျှင် ဘုန်းသစ်လျှံလူ စံတော်မူ၍ ရှယ်မူနဖြိုး နှစ်ဆယ့်ကိုးဝယ် လေးမျိုးနိမိတ် နတ်ပြဟိတ်ကြောင့် ရွှေစိတ်ညင်ညို သံဝေပိုက ဝါဆိုလပြည့်

ကျားမင်းနေ့ဝယ် ချမ်းမြေ့ရဂုံ တောရပ်လှုံသည် စုံမြိုင်ပင်ရိပ်
ခန်းမှာကို။

၄။ တောရပ်မြိုင်ပေါ် ခြောက်နှစ်ပျော်၍ ခါတော်တဖုံ ပွင့်ချိန်ကြုံက
ကဆုန်လပြည့် ဆင်မင်းနေ့ဝယ် မြေ့ပရမေ ပလ္လင်ဗွေထက်
ရွှေညောင်တော်ကြီး ဗိတာန်ထီးနှင့် မငြိုးကြည်ဖြူ နေတော်မူ
လျက် ရန်မြူခပင်း အမိုက်သင်းကို အရှင်းပယ်ဖျောက်
အလင်းပေါက်က ထွန်းတောက်ဘုန်းတော် သောင်းလုံးကျော်
သည် သုံးဖော်လူတို့ ငြိမ်းပါကို။

၅။ ဘုရားဖြစ်ခါ မိဂဒါသို့ စကြာရွှေဖွါး ဖြန့်ချီသွား၍ ငါးပါးဝဂ္ဂီ
စုံအညီနှင့် မဟီတစ်သောင်း တိုက်အပေါင်းမှ ခညောင်း
ကပ်လာ နတ်ဗြဟ္မာအား ဝါဆိုလပြည့် စနေနေ့ဝယ် ကြွေ့
ကြွေ့လျှံတက် ဓမ္မစက်ကို မိန့်မြွက်ထွေပြား ဟောဖော်ကြား
သည် တရားနတ်စည် ရွှမ်းတယ်ကို။

၆။ တရားနတ်စည် ဆော်ရွှမ်းလည်က သုံးမည်ဘုံသိုက်
တစ်သောင်းတိုက်ဝယ် ကျွတ်ထိုက်သသူ နတ်လူဗြဟ္မာ
သတ္တဝါကို ခေမာသာင်သို့ ဖောင်ကူးတို့ဖြင့် ဆောင်ပို့ပြီးခါ
ဝါလေးဆယ့်ငါး သက်ကားရှစ်ဆယ် စုံပြည်ကြွယ်က ရာလေး
ဆယ့်ရှစ် သက္ကရာဇ်ဝယ် နယ်မလ္လာတိုင်း စံနိုင်းမယုတ် ကုသိ
နာရုံ အင်ကြင်းစုံ၌ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ချမ်းမြေ့နိဗ္ဗူ
စံတော်မူသည် ဂုန်းဆူသောင်းလုံး ကျော်တယ်ကို။

၇။ နိဗ္ဗုစံပြီ ရှုမအီသား သိဂီရွှေလှော် အလောင်းတော်ကို ထိုရော်ကဆုန် လဆုတ်ကြုံ၍ ဂဋ္ဌုန်နေ့ဝယ် ခိုးငွေ့မနော ဂါတ်တေဇောလျှင် ရှင်စောညာဏ်စက် မိဗ္ဗာန်ချက်ဖြင့် လျှံတက်ကော်ရော် မီးပူဇော်သည် မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။ ထိုခုနစ်နေ့ သာချမ်းမြေ့ကို ဆွေ့ဆွေ့ကြည်ဖြူ အာရုံယူလျှက် သုံးလူတို့နတ် မြတ်ထက်မြတ်သား ကိုယ်တော်ဖျားကို သုံးပါးမွန်စွာ ဝန္ဒနာဖြင့် သဒ္ဒါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## ၃၂- ကောဋ္ဌာသ ပါဠိ

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

## ၃၂- ကောဋ္ဌာသ မြန်မာ

ဆံပင် အမွေး ခြေသည်းလက်သည်း သွား အရေ အသား အကြော အရိုး ခြင်ဆီ အညှို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်။

# သမ္ဗုဒ္ဓေ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ ပဉ္စသတ သဟဿာနိ နမာမိ သိရသာမဟံ အပ္ပကာ ဝါဠုကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ နမက္ကာရာနုဘာဝေန ဟိတွာ သဗ္ဗေဥပဒ္ဒဝေ အနေက အန္တရာယာပိ ဝိနဿန္တု အသေသတော။

## သမ္ဗုဒ္ဓေ အနက်

အဋ္ဌဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေ၊ ဘုရားရှင်တို့ကိုလည်းကောင်း။ ဒွါဒသဉ္စ သဟဿကေ၊ တစ်သောင်းနှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ၊ ဘုရားရှင်တို့ကိုလည်းကောင်း။ ပဉ္စသတ သဟဿာနိ၊ ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ၊ ဘုရားရှင်တို့ကိုလည်းကောင်း။ အဟံ၊ ငါသည်။ သိရသာ၊ ဦးခေါင်းဖြင့်၊ နမာမိ၊ ရှိခိုးပါ၏။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ ဂင်္ဂါမြစ်ထဲ၌ သဲတွေကို နည်းစေနိုင်သော။ အနန္တာ၊ အဆုံးမရှိနိုင်သော။ နိဗ္ဗုတိ၊ ငြိမ်းအေးတော်မူပြီးကုန်သော။ ဇိနဉ္စ၊ ဘုရားရှင်တို့ကိုလည်းကောင်း။ တေသံ၊ ထိုဘုရားရှင်တို့၏။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်းကောင်း၊ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ အဟံ၊ ငါသည်။ အာဒရေန၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။ နမက္ကာရာနုဘာဝေန၊ ရှိခိုးရသောကုသိုလ်စေတနာကြောင့်၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို။ ဟိတွာ၊ ပယ်ဖျောက်၍။ အနေက အန္တရာယာပိ၊ များစွာကုန်သော အန္တရာယ်တို့သည်လည်း။

အသေသတော၊ အကြွင်းမဲ့။ ဝိနသ္သန္တု၊ ပျောက်ပျက်ပါစေ ကုန်သတည်း။

## အာဝေဏိက ဂုဏ်တော်ပါဠိ

ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ အသီတိဟတ္ထာနံ စတုန္နံ ပစ္စယာနံ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယဝါ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဣမေသံ စတုန္နံ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတ္ထဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတ္ထ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတ္ထဉာဏံ၊ ဣမေဟိ တီဟိဓမ္မေဟိ သမန္နာ ဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ ဣမေဟိ ဆဟိဓမ္မေ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ နတ္ထိ ဝိရိယဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါ နုပေက္ခာ၊ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တာနံ သမ္မာသမ္ဗုဒ္ဓါနံ။

## မြန်မာပြန် အကျဉ်း

ဘုရားရှင်၏ အသက် ဉာဏ်တော် ပစ္စည်းလေးပါး နှင့်လက္ခဏာ တော် ရောင်ခြည်တော်တို့ကို ပျက်စီးပျောက်ကွယ်အောင် မည်သူမျှမလုပ်ကြံနိုင်သလို ငါ့အားလည်း ဘယ်သူမှ မလုပ်ကြံနိုင်သည် ဖြစ်ပါစေသတည်း။အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလ၌ ဘုရားရှင်၏ဉာဏ်တော်သည် အပိတ်အပင်အဆီးအတားမရှိ၊ ဘုရားရှင်၏ အလုံးစုံသော ကာယကံ ဝစီကံ မနောကံတော်သည် ဉာဏ်တော် ရှေ့သွားရှိ၍ ဉာဏ်တော်သို့ အစဉ်လိုက်တော်မူ၏။ ဘုရားရှင်၏ ဆန္ဒ ဝီရိယ ဓမ္မဒေသနာ ဝိပဿနာ သမာဓိ ဝိမုတ္တိသည် ဆုတ်ယုတ်ခြင်းမရှိ။ ဘုရားရှင်အား မြူးထူးပျော်ပါးကစားလို နောက်ပြောင်ကြည်ဆယ်လိုစိတ်မရှိ။ အသိမကပ်ဘဲ အလျင်စလိုလုပ်မိသည်မရှိ အကျိုးမရှိသောအရာတွေ တွေးနေခြင်းမရှိ ဉာဏ်တော် ဖြင့်မဆင်ခြင်မိလိုက်သည်မရှိ ဤဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော ခုနစ်ဆူသောဘုရားရှင်တို့အား ရှိခိုးပါ၏။

## စက်ကြီး ( ၁၃ ) ပါး

ဩောင်း... တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက် တစ်ဆယ့်ရှစ်ချက် သံဃာ့စက်၊ လရောင်ဝင်းလျှက် ရှင်ရင်း ပစ္စေကဗုဒ္ဓါရဟန္တာစက်၊ မြင့်မိုရ်တောင်ဦး မြင့်ခေါင်ကြူးလျှက် မိဘစက်၊ ဂုဏ်ကျေးဇူးကို အထူးသိလျှက် ဆရာ့စက်၊ ဝရဇိန် လက်နက် ပြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျှက် နတ်တို့စက် ဘွဲ့ဖြူလက်နက် ဘီလူးစက်၊

ဂ - ဟူသည်ကား ဂန္ဓကုဋိတိုက်မှ ကျွတ်ထိုက်သောသူ သတ္တဝါ ဗိုလ်လူ ခပ်သိမ်းသူတို့အား ရွှေဉာဏ်တော် ကွန်ယက်ဖြင့် ဖြန့်ကျက် ကြည့်ရှုတော်မူသော မြတ်စွာဘုရား။ ဃ- ဟူသည်ကား ယဋ္ဌိကာရ ပြဟ္မာမင်းကြီး ဆက်ကပ်သော ရွှေကြာသက်န်းကို ဆင်မြန်းတော်မူသော မြတ်စွာဘုရား။ င - ဟူသည်ကား ငါးပါး မာန်ကို အောင်တော်မူသော မြတ်စွာဘုရား။ စ - ဟူသည်ကား စကြဝဠာတဝိုက် တုဘက်ပြိုင်ဘက် ကင်းတော်မူသော မြတ်စွာ ဘုရား။ ဆ - ဟူသည်ကား ဆယ်ပါးသော ဒုစရိုက်ကို ပယ်ဖျက် ခုတ်ထွင် အောင်မြင်ဒတာ်မူသော မြတ်စွာဘုရား။ ဇ - ဟူသည် ကား ဇာတိဿရဉာဏ်ကို ရတော်မူသောမြတ်စွာဘုရား။ ဈ - ဟူ သည်ကား ဈာန်သမာပတ်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရား။ ည - ဟူသည်ကား ညောယျဓမ်တရားငါးပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား။ ဋ - ဟူသည်ကား ဋီကာလက်သန်း ကျမ်း အသွယ်သွယ်တို့ကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား။ ဌ - ဟူသည်ကား ပဋ္ဌာန်းကျမ်းကို ဟောတော်မူ သော မြတ်စွာဘုရား။ ဍ - ဟူသည်ကား ကောဏ္ဍညပုဏ္ဏားသည် လက်ညှိုးတစ်ချောင်းထောင်ပြ၍ ဘုရားဧကန် ဖြစ်လိမ့်မည်ဟူ၍ ပြောဆိုခြင်း ခံတော်မူရသောမြတ်စွာဘုရား။ ဎ - ဟူသည်ကား ဒီပင်္ကရာဘုရားရှေ့တော်၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူ သောမြတ်စွာဘုရား။ ဏ - ဟူသည်ကား တဏှာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူသော မြတ်စွာဘုရား။ တ - ဟူသည်ကား တစ်ထောင်မကသောတိတ္ထိ တို့ကို ဆုံးမတော်မူသောမြတ်စွာဘုရား။ ထ-ဟူသည်ကား ထူး

မြတ်သော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဒ - ဟူသည်ကား ဒိဗ္ဗစက္ခု ဉာဏ်တော်ကို ရတော်မူသော မြတ်စွာဘုရား။ ဓ - ဟူသည်ကား ဓမ္မစကြာတရားကို ဟောတော်မူသော မြတ်စွာဘုရား။ န - ဟူသည်ကား နိဗ္ဗာန်အောင်ချာ ရွှေပြည်သာကို ပို့ဆောင်တော်မူသော မြတ်စွာဘုရား။ ပ - ဟူသည်ကား ပုဗ္ဗေနိဝါသ ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဖ - ဟူသည်ကား ဖိုလ်ချမ်းသာ မဂ်ချမ်းသာကို အောင်မြင်တော်မူသော မြတ်စွာဘုရား။ ဗ - ဟူသည်ကား ဗောဓိပင်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။ ဘ-ဟူသည်ကား ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ မ - ဟူသည်ကား မစ္စုမာန်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။ ယ-ဟူသည်ကား သရက်ဖြူပင်အရင်းတွင် တိတ္ထိတို့ကို ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသောမြတ်စွာဘုရား။ ရ - ဟူသည်ကား ရောင်ခြည်တော် ခြောက်သွယ်နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား။ လ - ဟူသည်ကား လူသုံးပါးတို့တွင် တုဘက်ပြိုင်ဘက် ကင်းတော်မူသော မြတ်စွာဘုရား။ ဝ - ဟူသည်ကား ဝသုန္ဓြေမြေနတ်သားသည် သက်သေခံပြု၍ မာရ်နတ်မင်း ခုခံသည်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။ သ - ဟူသည်ကား သစ္စာလေးပါးတရားအပေါင်းနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဟ - ဟူသည်ကား ဟန္ဒဒါနိ ဘိက္ခဝေ ပါဠိတော်လာသည်နှင့်အညီ ရဟန်းအပေါင်းတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရား။ ဠ - ဟူသည်ကား လပြည့်ဝန်းကဲ့သို့ ပြည့်ထွန်းသော ရွှေမျက်နှာတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာ

ဘုရား။ အ - ဟူသည်ကား နေအရုဏ်မတက်မီ အာသဝေါကင်း ကွာ၍ အာသဝက္ခယဉာဏ်ကို ရတော်မူသော မြတ်စွာဘုရား။ ထိုဗျည်း(၃၃)လုံးတို့ဖြင့် မှတ်သားအပ်သော ဘုရားရှင်တို့အား နေ့ ညမပြတ် ရှိသေမြတ်နိုးရှိခိုးပါ၏ဘုရား။

## ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်း

ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယောတိ။

## ပဋိစ္စ သမုပ္ပါဒ်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက

ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## မေတ္တာ ပို့ပါဦး

အဟံ အဝေရော ဟောမိ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ၊ မာတာပိတု အာစရိယ ဉာတိမိတ္တသမူဟာ အဝေရာ ဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု။ အာရက္ခဒေဝတာ၊ ဘုမ္မဋ္ဌဒေဝတာ၊ ရုက္ခဋ္ဌဒေဝတာ၊ အာကာသဋ္ဌဒေဝတာ၊ အဝေရာ ဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု။ သဗ္ဗေသတ္တာ သဗ္ဗေပါဏာ သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ သဗ္ဗေအတ္တဘာဝပရိယာပန္နာ သဗ္ဗာဣတ္ထိယော သဗ္ဗေပုရိသာ သဗ္ဗေအရိယာ သဗ္ဗေအနရိယာ သဗ္ဗေဒေဝါ သဗ္ဗေမနဿာ

သဗ္ဗေဝိနိပါတိကာ အဝေရာ ဟောန္တု အဗျာပဇ္ဈာ ဟောန္တု အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု ဒုက္ခာမုစ္စန္တု ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆ န္တု ကမ္မဿကာ။

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဒက္ခဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊ သဗ္ဗေ သတ္တာ သဗ္ဗေပါဏာ သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ သဗ္ဗေအတ္တဘာဝပရိယာပန္နာ သဗ္ဗာဣတ္ထိယော သဗ္ဗေပုရိသာ သဗ္ဗေအရိယာ သဗ္ဗေအနရိယာ သဗ္ဗေဒေဝါ သဗ္ဗေမနုဿာ သဗ္ဗေဝိနိပါတိကာ အဝေရာ ဟောန္တု အဗျာပဇ္ဈာ ဟောန္တု အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု ဒုက္ခာမုစ္စန္တု ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု ကမ္မဿကာ။

ဥဒ္ဓံ ယာဝဘဝဂ္ဂါစ၊ အဓော ယာဝအဝီစိတော။
သမန္တာ စက္ကဝါဠေသု ယေသတ္တာ ပထဝီစရာ။
အဗျာပဇ္ဈာ နိဝေရာစ နိဒုက္ခာစ နုပဒ္ဒဝါ။
ဥဒ္ဓံ ယာဝဘဝဂ္ဂါစ၊ အဓော ယာဝအဝီစိတော။
သမန္တာ စက္ကဝါဠေသု ယေသတ္တာ ဥဒကေစရာ။
အဗျာပဇ္ဈာ နိဝေရာစ နိဒုက္ခာစ နုပဒ္ဒဝါ။
ဥဒ္ဓံ ယာဝဘဝဂ္ဂါစ၊ အဓော ယာဝအဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာအာကာသေစရာ။
အဗျာပဇ္ဈာ နိဝေရာစ နိဒုက္ခာစ နုပဒ္ဒဝါ။

# မေတ္တာသုတ်လာ မေတ္တာပို့

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ

၂။ ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ
ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး
ငြိမ်းအေးကြပါစေ

၃။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်
မြဲပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ

၄။ ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ

၅။ ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ

၆။ ရှည် တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ

၇။ ကြီး ငယ်အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ

၈။ ဆူ ကြုံ အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

# အရပ် ( ၁၀ ) မျက်နှာ မေတ္တာပို့

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၂။ အနောက် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၃။ မြောက် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၄။ တောင် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၅။ အရှေ့တောင်ထောင့် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၆။ အနောက်မြောက်ထောင့် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ ဒေါသခပ်သိမ်း

ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၇။ အရှေ့မြောက်ထောင့် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၈။ အနောက်တောင်ထောင့် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၉။ အောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

၁၀။ အထက် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ နလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

## မေတ္တာ အကျိုးကြီးပုံ

ဘုရားရှင် သာဝတ္ထိပြည်၌ သတင်းသုံးတော်မူစဉ် ရဟန်းများကို- ရဟန်းတို့ နံနက်တစ်ကြိမ် နေ့လည်တစ်ကြိမ် ညနေတစ်ကြိမ်

ထမင်းအိုးတစ်ရာစီဖြင့် ချက်ပြုတ်ကျွေးမွေး လှူဒါန်းသော ကုသိုလ်ထက် နံနက်တစ်ကြိမ် နေ့လည်တစ်ကြိမ် ညနေတစ်ကြိမ် အနည်းဆုံး နို့သာတစ်ရိုက်ရှူချိန် နို့တစ်ညှစ်စာမျှ အချိန်ကလေးလောက် မေတ္တာပို့ခြင်းက ပိုအကျိုးကြီးကြောင်း မိန့်ကြားတော်မူပါသည်။ (သံ၊၁၊၄၅၅)

တစ်နေ့သုံးခါ အိုးတစ်ရာဖြင့် ချက်ကာထမင်း ကျွေးမွေးခြင်းထက် မယွင်းစင်စစ် နို့တစ်ညှစ်စာ ကြိမ်သုံးခါမျှ မေတ္တာပွါးများ ကျိုးကြီးမားသည် ဘုရားမြတ်စွာ မိန့်ခွန်းတည်း။ (မဟာစည်ဆရာတော်)

## မေတ္တာအကျိုး ၁၁-မျိုး

၁။ ချမ်းသာစွာအိပ်ရခြင်း ၂။ ချမ်းသာစွာနိုးရခြင်း ၃။ အိပ်မက်ဆိုးများမမြင်မက်ခြင်း ၄။ လူတို့ချစ်ခင်ခြင်း ၅။ နတ်တို့ ချစ်ခင်ခြင်း ၆။ နတ်တို့စောင့်ရှောက်ခြင်း ၇။ လက်နက် မထိခြင်း၊ အဆိပ်မသင့်ခြင်း မီးမလောင်ခြင်း ၈။စိတ်တည်ကြည်ခြင်း ၉။ မျက်နှာအဆင်းကြည်လင်ခြင်း ၁၀။ သေခါနီးမတွေဝေခြင်း ၁၁။ ပြဟ္မာ့ပြည် လားရောက်ရခြင်း။

## ဆုတောင်း

က္ကာဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။ မေ၊ အကျွန်ုပ်၏။

က္ကာဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာ ဝဟံ၊

အာသဝေါတရားလေးပါးတို့၏ကုန်ရာ နိဗ္ဗာန်သို့

ရှက်ဆောင်နိုင်သည်၊ ဟောတု၊ ဖြစ်ပါစေသတည်း။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

မေ၊ အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်၊ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ပစ္စယော၊ အထောက်အပံ့သည်၊ဟောတု၊ ဖြစ်ပါစေသတည်း။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရား ကိုးပါးအား လျော်သောဤကျင့်ဝတ်ပဋိပတ်ဖြင့် ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရားကိုးပါးအား လျော်သောဤကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရားကိုးပါးအား လျော်သောဤကျင့်ဝတ်ပဋိပတ်ဖြင့်၊သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။

အဒ္ဓါ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ၊

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရားကိုးပါးအား လျော်သောဤကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဇာတိ ဇရာ ဗျာဓိ မရဏမှာ၊ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ၊ အဒ္ဓါ၊ မချွတ်ကေန်၊ ပရိမုစ္စိဿာမိ၊ ကင်းလွတ်ရပါလို၏။

## အမျှဝေ

ဤသို့ပြုရ မြတ်ပုညကို ကြီးထမြင့်ခေါင် မြင်းမိုရ်တောင်ဦး မကကြူးသား ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား ရပြားပါစေ အမျှဝေ၏။ မသွေနိစ္စ ဤကာယကို စောင့်ထပေတတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေ၏။ မိတ္တဆွေညာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ ဒေဝါယက္ခ ဣန္ဒြာဘုမ္မာ အာကာသနတ် အထူးမှတ်၍ မပြတ်ပုည ကုသလကို ရကြပါစေ အမျှဝေ၏။ သဗ္ဗေသတ္တာ သတ္တာဝါဟု နာနာလောက အနန္တတွင် မပြတ်စဉ်ကာ သတ္တာဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိ ခုနစ်ပါး များစွာလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျအား အမျှကုသိုလ် ပေးဝေလို၏။ ထိုကုသလ ဤပုညကို အမျှရ ကြသည်ဖြစ်စေသော်။ ဝသုန္ဓြေ ဤမြေပံ့သု သိလာထုလည်း သက်သေအမှု တည်စေသောဝ်။ အားလုံးကြားကြားသမျှ အမျှ အမျှ.. အမျှ.. ယူတော်မူကြပါကုန်လော့.... သာဓု သာဓု သာဓု...။

## အမျှဝေခြင်း အကျိုး

တစ်ခါက ဘုရားအလောင်းတော်သည် ညီငယ်နှင့်အတူ သဘော်ဖြင့် ကူးသန်းရောင်းဝယ်ခြင်းပြုရာ အသပြာတစ်ထောင် အမြတ်ရရှိ၍ပြန်လာခဲ့လေသည်၊ ရေလမ်းခရီးတွင်ဘုရားလောင်းသည် စားကြွင်းစားကျန်များကိုငါးတို့ပက်ကြွေးလျက် ဤကုသိုလ်၏ အဖို့ကို မြစ်စောင့်နတ်အား အမျှပေးဝေပါ၏ဟုဆိုရာ မြစ်စောင့်နတ်လည်း သာဓုခေါ်ပေ၏၊ ထိုအခိုက်နတ်တို့၏ စည်းစိမ် တိုးပွားလာသည်ကိုမြင်သဖြင့် ဆင်ခြင်ကြည့်ရာ သာဓုခေါ်ခဲ့တဲ့အကျိုးဆက်ဟု သိသွားလေသည်၊ ညီငယ်သည် အသပြာတစ်ထောင်ကို အပိုင်ကြံလိုစိတ်ဖြင့် ကျောက်ခဲထုပ်တစ်ထုပ်ကို အသပြာထုပ်နှင့် တူအောင်ပြုလုပ်ကာ ရေလယ်ရောက်လျှင် ကျောက်ခဲထုပ်ကို ချကာ အသပြာထုပ်ကျသွားဟန်ပြုမည်ဟုစိတ်ကူးခဲ့လေသည်။ သူ့စိတ်ကူးအတိုင်း ပြုလုပ်ပြီးသော် အစ်ကိုဘုရားလောင်းအား စိတ်မကောင်းဟန်ပြုပြောပြလေသည်။ (ကျောက်ထုပ်ထင်ကာ အသပြာထုပ်ရေ ထဲပစ်ချမိသည်ကို သူမသိသေးချေ) ဘုရားလောင်းသည်လည်း ဖြစ်ပြီးမှတော့ စိတ်မကောင်းဖြစ်မနေလေနှင့်ဟု အားပေးစကား ပြောကြားလေသည်၊ ထိုအဖြစ်ကိုမြစ်စောင့်နတ်သိရာ နတ်၏တန်ခိုးဖြင့် ငါးကိုမျိုစေလျှက်တံငါသည်၏ ပိုက်ကွန်မှာမိစေလိုက်သည်၊ တံငါသည်လည်းငါးကို တစ်ထောင့်ခုနစ်ပဲဟုဆိုကာလှည့်လည်ရောင်းချရာ ဝယ်မည့်သူမရှိဘဲ တစ်ထောင်တန်သောငါး မကြားဖူးပေါင်ဟုဆိုကာ ပျက်ရယ်အပြု ခံရလေသည်၊ ဘုရားလောင်းအိမ်သို့ရောက်သောအခါ ခုနစ်ပဲသာပေး

ပါတော့ဟုဆိုကာ ရောင်းသွားလေသည်။ ဘုရားလောင်းလည်း ငါးဗိုက်ကိုခွဲရာ တံဆိပ်မပျက်သေးသော မိမိအသပြာတစ်ထောင်ထုပ် ပြန်ရသဖြင့် ထူးဆန်းလွန်းလှတဲ့ ဒီအဖြစ် ဘယ်သူ့မှပြောပြလို့မှ ယုံကြမည်မဟုတ်ဟု စဉ်းစားနေစဉ် မြစ်စောင့်နတ်က ကိုယ်ထင်ပြပြီး သူ ကူညီတာဖြစ်ကြောင်း အမျှဝေလို့ ကျေးဇူးတုံ့ပြန်တာဖြစ်ကြောင်း ညီငယ်ဖြစ်သူသည် ကောက်ကျစ်သူဖြစ်ကြောင်း ကျောက်ခဲထုပ် ဖြစ်နေမှန်းသိ၍ ယခုအခါ ကြီးစွာပူပန်လျက် အိပ်ယာမှာလည်း လျောင်းနေရကြောင်း၊ ကောက်ကျစ်တဲ့ သင့်ညီကို ခွဲဝေမပေးဘဲ သင်သာ အကုန်သုံးရစ်တော့ဟုဆိုကာ ပျောက်ကွယ်သွားလေသည်၊ ဘုရားလောင်းသည် သဘောထားကြီးစွာဖြင့် ညီငယ်အား အသပြာငါးရာ ခွဲဝေပေးလိုက်လေသည်။ (မစ္ဆုဒ္ဒါနဇာတ်)

## သာဓုခေါ်ခြင်း အကျိုး

သာဝတ္ထိပြည် သူဌေးသမီးတစ်ဦးရဲ့ ခင်ပွန်းဟာ ဘုရားရှင်ထံက တရားတော်နာပြီး ရဟန်းဝတ်လိုစိတ် အပြင်းအပြဖြစ်သွားပါတယ်၊ ဘုရားရှင်ဟောတော်မူတဲ့တရားတော်တွေဟာ လူ့ဘဝနဲ့ ကျင့်ဖို့မလွယ်လှဘူး၊ ရဟန်းဝတ်ပြီးကျင့်ရင်တော့ အရမ်း အဆင်ပြေမှာဘဲလို့တွေးပြီး သာသနာ့ဘောင်ဝင်ရောက် ရဟန်းဖြစ်မြောက်ရေး ဘယ်သူ အကူအညီပေးနိုင်မလဲလို့ စဉ်းစားနေမိပါတယ်၊ ကံအားလျော်စွာပဲ အိမ်ဆွမ်းခံကြွတဲ့ ရဟန်းတစ်ပါးရဲ့ အကူအညီနဲ့ သာသနာ့ဘောင် ဝင်ရောက်နိုင်ခဲ့ပါတယ်။ တနေ့ ခင်ပွန်း သာသနာ့ဘောင်ဝင်သွားလို့ ဇနီးမှာ အိမ်ထောင်ဖက်

မရှိတော့ဘူးဆိုတာ ကောသလမင်း ကြားသိသွားပါတယ်၊ မင်းကြီး က မိဘုရားမြှောက်ချင်လို့ နန်းတော်သို့ ဝင်စေလိုက်ပါတယ်၊ တနေ့မှာ မင်းကြီးနန်းတော်ထဲဝင်လာပြီး မောင်းမမိဿံအားလုံး ကို ကြာပန်းစည်းဖြေပြီး တစ်ယောက်တစ်ပွင့်စီ လိုက်ဝေပါတယ်၊ ကံအားလျော်စွာ ထိုအမျိုးသမီးလက်ထဲမှာ ပန်းနှစ်ပွင့်ရောက်လာ ပါတယ်၊ သူများထက်ပန်းတစ်ပွင့်ပိုရလို့ ကြည်နူးဝမ်းသာမဆုံး ပီတိတွေဖုံး ရွှင်တပြုံးပြုံးနဲ့ အားရပါးရ ပန်းကို နမ်းရှုလိုက်ပါတယ်၊ ကြာပန်းကိုနန်းရှုနေစဉ်မှာပဲ (ခင်ပွန်းရဲ့ခံတွင်းကထွက်တဲ့ ကြာပန်း ရနံ့ကို သတိရသွားပြီး ဪ.. သူ.. ငါ့ကို ထားရစ်နိုင်ခဲ့လေ ခြင်းဟုတွေးကာ) ပါးပြင်ပေါ်မှ မျက်ရည်တွေ စီးကျလာပါတော့ တယ်၊ ဝမ်းသာရွှင်ပြနေတဲ့အမူအရာကနေ ဝမ်းနည်းတဲ့အသွင် ပေါ်လာလို့ မင်းကြီး စိတ်ဝင်တစားဖြစ်သွားပါတယ်၊ ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲလို့ မင်းကြီးက မေးပါတယ်၊ အမျိုးသမီးကလည်း သူ့အဖြစ်ကို အမှန်တိုင်းပြောပြပါတယ်၊ သုံးကြိမ်သုံးခါ ပြောပြ သည့်တိုင် မင်းကြီးက မယုံကြည်ခဲ့ပါဘူး၊ နောက်နေ့မှာ နန်းတော် တစ်ခုလုံးမွှေးသွားစေရန် ရှိရှိသမျှ ပန်းနံ့သာတို့ကို နန်းတော်သို့ သယ်ဆောင်စေခဲ့ပြီး ဘုရားအမှူးရှိတဲ့ ရဟန်းပေါင်းအတွက် ပန်းနေရာခင်းခိုင်းပါတယ်၊ ဘုရားအမှူးရှိသော ရဟန်းအပေါင်း အား ဆွမ်းကပ်ပြီးကြီးစွာသော အလှူကိုလှူပါတယ်၊ (မင်းကြီးက ထိုအမျိုးသမီးရဲ့ ရဟန်းဝတ်သွားတဲ့ ခင်ပွန်းကို စိတ်ဝင်စားနေပါ တယ်) ဆွမ်းကပ်အပြီးမှာ မင်းကြီးက သင့်ရဲ့မထေရ်ပါလား ဘယ် ကိုယ်တော်လဲလို့မေးပါတယ်၊ အမျိုးသမီးကလည်း လက်ညှိုး ညွှန်ပြပြီး အဲဒီကိုယ်တော်ပဲလို့ပြောပါတယ်၊ မင်းကြီးက ဘုရားရှင်

ကို ရှိခိုးပြီး "အရှင်ဘုရား အရှင်ဘုရားနှင့်အတူ ရဟန်းအပေါင်း ပြန်ကြွတော်မူပါ၊ တပည့်တော်ရဲ့ ဤမည်သော မထေရ်က အနုမောဒနာပြုပါလိမ့်မယ် " လို့ ဘုရားရှင်ကို လျှောက်ပါတယ်၊ ဘုရားရှင်က အဲဒီ ရဟန်းကိုထားခဲ့ပြီး ကျောင်းကို ပြန်ကြွတော်မူ ပါတယ်၊ ထိုမထေရ် ဆွမ်းအနုမောဒနာပြုတဲ့အခါ နန်းတော် တစ်ခုလုံး ကြာပန်းရနံ့ လှိုင်သွားပါတယ်၊ မင်းကြီးလည်း များစွာ အံ့အားသင့် ရွှင်လန်းလျှက် ထိုအမျိုးသမီးကို သင် မှန်ကန်သော စကားကို ပြောပါပေတယ်ဟု ချီးမွမ်းစကားပြောကြားလိုက်ပါတယ်၊ နောက်နေ့ မင်းကြီးက ဒီအကြောင်း ဘုရားရှင်အား လျှောက်ထား မေးမြန်းပါတယ်၊ ဘုရားရှင်က "ဒီရဟန်းဟာ ရှေးဘဝက တရားနာ ကြားတဲ့အခါ သာဓု သာဓုလို့ သာဓုခေါ်ပြီး ကောင်းချီးပေးကာ တရားကို ရိုရိုသေသေနာခဲ့တယ်၊ အဲလို ရိုရိုသေသေ တရားနာပြီး သာဓုခေါ်ခဲ့တဲ့ ကောင်းမှုရဲ့အကျိုးဆက်ကြောင့် ခံတွင်းက ကြာပန်းရနံ့ ထွက်တာဖြစ်တယ်" လို့ မိန့်ကြားတော်မူပါတယ်။ သာဓုခေါ်ခြင်းရဲ့အကျိုးဟာကျေနပ်စရာကောင်းလှပါတယ်၊ တရား နာယူတဲ့အခါ ဝမ်းမြောက် ဝမ်းသာစိတ်နဲ့ သာဓုခေါ်နိုင်အောင် ကြိုးစားသင့်ပါတယ်။ (အံ၊၄၊၁၊၂၀)

## ပုတီးစိပ်နည်း

ပုတီးစိတ်နည်းကို အကျယ်ရှင်းပြစရာ မလိုလောက် **အောင် ဗုဒ္ဓဘာသာမြန်မာပြည်သားတို့ နားလည်ထားကြပြီးဖြစ် သည်၊ အရပ်ဟုဆိုကာ ပုတီးတစ်လုံးချ သမ္မာသမ္ဗုဒ္ဓေါဟုဆိုကာ ပုတီးတစ်လုံးချဟုဆိုသော ရိုးရှင်းလွယ်ကူလှသောနည်း ဖြစ်ပေ**

သည်။ သို့သော် အရဟံ သမ္မာသမ္ဗုဒ္ဓါစသော ဂုဏ်တော်တို့၏ အနက်အဓိပ္ပာယ်ကိုမစဉ်းစားဘဲ ပုတီးပတ်အရေအတွက်များရှိ လောက်ရည်ရွယ်ပြီးစိတ်ခြင်းသည် သိပ်အကျိုးမများလှပေ ပုတီး စိတ်နည်းအမျိုးမျိုးရှိရာ မိမိကြိုက်နှစ်သက်ရာနည်းဖြင့် ပုတီး စိတ်ကြလေသည်။ များသောအားဖြင့် ဘုရားဂုဏ်တော် တရား ဂုဏ်တော် သံဃာ့ဂုဏ်တော်များနှင့် သုံးဆယ့်နှစ်ကောဋ္ဌာသ စသည်တို့ကို စိပ်တတ်ကြပေသည်။ (ဘာသာရေးနယ်ပယ်၌ ကိုယ့်ကိုယ်ကိုအဟုတ်ကြီးထင်နေသူအချို့သည် ပုတီးစိပ်ခြင်းအမှု ကိုကဲ့ရဲ့ အပြစ်တင် အထင်သေး ရှုတ်ချတတ်ကြပေသည်။ ထိုသို့ မပြုအပ်ပေ) တရားထိုင်နေချိန်မှအပ ဘာသာရေးလိုက်စားသူ တစ်ဦးအနေနဲ့ ဟိုဟိုဒီဒီ စကားတွေပြောနေမည့်အစား တောင်တွေး မြောက်တွေး တွေးနေမည့်အစား အချိန်တွေ အလ ဟသ မဖြစ်ရအောင် ပုတီးစိပ်ခြင်းဖြင့် ဂုဏ်တော်ပွားနေသင့်သည်။ ဘုရားဂုဏ်တော်တွေ ပွားများနေခြင်းသည် သာမန်ကုသိုလ်ရရုံမျှ တင်မက နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်ကြောင်း အင်္ဂုတ္တိုရ်၌ အတိအလင်းဖော်ပြထားပါသည်။ (ဧကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမော ဧကဓမ္မော ဗုဒ္ဓါနုဿတိ။ (အံ၊၁၊၃၂)။ ထို့အပြင် သုံးဆယ်နှစ်ကောဋ္ဌာသထဲက တစပဉ္စကခေါ် အစ ကမ္မဋ္ဌာန်းငါးခု (ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရည်) စီးဖြန်း ခြင်းမျှဖြင့်လည်း ရဟန္တာဖြစ်သွားကြသူတွေ ရှိပေသည်၊ ထို့ကြောင့် ပုတီးစိပ်ခြင်းသည်လည်း ဘာသာရေးလုပ်ငန်းကြီးတစ်ခုဟုမှတ်ယူ

သင့်ပါသည်။ အနက်အဓိပ္ပာယ် မစဉ်းစားဘဲ အရဟံဟုဆိုကာ ပုတီးတစ်လုံးချမည့်အစား၊ အရဟံ = လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားဟု ဘုရားရှင်၏ ကြည်ညိုဖွယ်ဂုဏ်တော်ကို အာရုံယူလျက် ပုတီးတစ်လုံးချသင့်သည်။ အရဟံမှာ အနက်သုံးမျိုးရှိသည်။ အရဟံ = ကိလေသာရန်တို့ကို ပယ်သတ်တော်မူသော မြတ်စွာဘုရား၊ အရဟံ = ဆိတ်ကွယ်ရာအရပ်မှာပင် မကောင်းမှုကိုပြုတော်မမူသောမြတ်စွာဘုရားဟု မိမိကြည်ညိုရာ ဂုဏ်တော်တစ်ခုကို နလုံးသွင်းလျက် ပုတီးတစ်လုံးချရမည်။ ထိုနည်းအတူ သမ္မာသမ္ဗုဒ္ဓေါစသည်ကိုလည်း အနက်အဓိပ္ပာယ် ဆင်ခြင်လျက် ပုတီးစိတ်သင့်သည်။ (မိမိလက်ထဲပုတီးကိုင်ထားသူ တစ်ဦးအနေနဲ့ စိတ်တွေကို အကျိုးမရှိသောအာရုံပေါ်၌တင်ထား ဖြစ်မည်မဟုတ်ပါ၊ အကယ်၍ စိတ်လွတ်သွားလျှင်လည်း မိမိပုတီး ပြန်မြင်သည်နှင့်တပြိုင်နက် ကောင်းသည့်အာရုံအပေါ်မှာဘဲ စိတ်ကို ပြန်တင်မိမှာဖြစ်ပါတယ်၊ ပုတီးကိုင်ထားသူတစ်ဦးအထံ အခြားသူတစ်ဦးဦးကလည်း အကျိုးမရှိသောစကားများ လာရောက် ပြောကြားခြင်းပြုမည် မဟုတ်ပါ)

## ရှင်အရဟံ ပုတီးစိပ်နည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
အနန္တ ဗလဝံ ဗုဒ္ဓံ၊ အနန္တ ဂေါစရံ ဓမ္မံ၊ အနန္တ အရိယံ သံဃံ၊ အနန္တ ဗောဓိ မုတ္တမံ။

## ဥပုသ် ဟူသည်

ဥပုသ်ဟူသောစကားသည် ဥပေါသထဟူသောပါဠိကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော် တရားဂုဏ်တော်စသော ဂုဏ်တော်များကို ပွါးများလျက် အကုသိုလ်စိတ်များမဖြစ် စေဘဲ စိတ်စဉ်ကြယ်အောင် စောင့်စည်းနေထိုင်မှုကို ဥပုသ်စောင့်သည်ဟု ခေါ်သည်။

## ဥပုသ်စောင့်ပုံအစီအစဉ်

၁။ မနက်ဖြန်ဥပုသ်စောင့်မည်ဟူကြံစည်သော ပုဂ္ဂိုလ်သည် ဥပုသ်စောင့်ခိုက်၌ အိမ်မှုကိစ္စများကို ဆောင်ရွက်ရန် မသင့်လျော်သောကြောင့် ယနေ့လိုအချိန်အခါကပင် အိမ်မှုကိစ္စများကို ပြီးစီးအောင် စီမံဆောင်ရွက်ထားရ၏။

၂။ ချက်ပြုတ်ကျွေးမွေးမည့်သူ အဆင်သင့်ရှိလျှင် မနက်ဖြန်စားသောက်မှုအတွက် ပြောပြစီစဉ်ထားရ၏။ ချက်ပြုတ်ကျွေးမွေးမည့်သူမရှိလျှင် မနက်ဖြန်ကိစ္စနည်းအောင် စားဖွယ်သောက်ဖွယ်များကို ပြီးစီးအောင် စီစဉ်ထားရ၏။

၃။ ဥပုသ်နေ့ နံနက်အာရုံတက်ချိန်ကပင် ကိုယ်လက်များကို သန့်စင်အောင် စင်ကြယ်အောင်ပြု၍ စိတ်ကြည်လင်ရုံမျှ သန့်ရှင်းသောအဝတ်ကို ဝတ်ရ၏။

၄။ ပင်ပန်းမှု နံ့သာလိမ်းမှုတို့ဖြင့် အထူးတလယ်ပြင်ဆင်မှု မပြုရ။ ထို့နောက် ခပ်စောစောကပင် သီလဆောက်တည်ရ၏။ သီလဆောက်တည်ပြီးလျှင် ကျွေးမွေးလှူတန်းဖွယ်ကိစ္စရှိပါက ထိုကိစ္စကိုပြုလုပ်၍ မရှိက မိမိအတွက် သင့်တင့်ရုံသာ စီမံ၍ စားသောက်ရ၏။

၅။ ကျွေးမွေးစားသောက်ပြီးလျှင် ကိုယ်လက် မစင်ကြယ်က ရေချိုးရာ၏။ ထို့နောက် မိမိတစ်ကိုယ်ထည်း နေသင့်သူဖြစ်လျှင် တစ်ကိုယ်တည်းနေ၍ အဖော်နှင့်နေသင့်သူဖြစ်က သဘောတူ အဖော်နှင့်အတူတကွ သင့်လျော်သော ဆိတ်ငြိမ်အရာအရပ်၌ ဘုရားဂုဏ်တော်ကို အာရုံပြု၍နေရ၏။

၆။ ကြာရှည်စွာဆင်ခြင်၍ မနေနိုင်လျှင် တရားစာကိုလည်း ကြည့်ရှုရွတ်ဖတ်နေရ၏။ နည်းလမ်းကျကျ ဟောပြမည့်ပုဂ္ဂိုလ်ရှိလျှင် တရားနာရ၏။ အချင်းချင်းလည်း တရားစကား ဆွေးနွေး မေးမြန်း စုံစမ်းရာ၏။

၇။ ညအချိန်ရောက်သောအခါ မိမိသီလကို ပြန်၍ဆင်ခြင်ပြီးလျက် အရိယာသူတော်ကောင်း ရဟန္တာအပေါင်းတို့နှင့် ယနေ့အတွက် တူမျှပုံကို အောက်မေ့အပ်၏။

၈။ နံနက်အရုဏ်တက်ချိန်၌ မိမိရည်မှန်းထားသော အချိန်စေ့သောအခါ အလိုအလျောက် ရှစ်ပါးသီလ မရှိတော့ဘဲ ငါးပါးသီလသာ ကျန်တော့သည်။ ဥပုသ်ထွက်သည် ဖြစ်တော့သည်။

## ဥပုသ်စောင့်ခြင်း အကျိုး

စင်ကြယ်စွာ စောင့်သုံးအပ်သော ဥပုသ်၏အကျိုးမှာ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အစိုးရသော မင်းအဖြစ်ထက် သာလွန်ပေသည် မှန်၏။ ဇမ္ဗူဒိတ်ကျွန်းကို အစိုးရခြင်းမှာ လူမင်းသာဖြစ်၍ နတ်မင်းနှင့် နှိုင်းစာလျှင် အလွန်နိမ့်ကျလေသည် (လူ့ပြည်အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်ပြည်၏ တစ်ရက်သာဖြစ်သည်။ ၄င်းနတ်ပြည်၏ အသက်တန်းသည် ၅၀၀-ရှိသည်ဖြစ်၍လူ့ပြည့် အရေအတွက်နှင့် အနှစ် ၉-သန်း အသက်ရှည်၏၊ လူ့ပြည် အနှစ်တစ်ရာသည် တာဝတိံသာနတ်ပြည်၏ တစ်ရက်သာဖြစ်သည်။ ၄င်းနတ်သက်သည် ၁၀၀၀-ရှိသည်ဖြစ်၍ လူ့အရေအတွက်နှင့် နှစ်ပေါင်း ၃၆သန်း အသက်ရှည်၏။ ထို့အတူ ယာမာနတ်သက်သည် လူ့အရေအတွက်နှင့် ၁၄၄-သန်း၊ တုသိတာနတ် ၅၇၆-သန်း၊ နိမ္မာနရတီနတ် ၂၃၀၄-သန်း၊ ပရနိမ္မိတဝသဝတ္တီနတ်သက်သည် လူ့အရေအတွက်နှင့်နှစ်ပေါင်း ၉၂၁၆-သန်း အသက်ရှည်၏။ ထို့ကြောင့် လူ့ပြည် ရှင်ဘုရင်၏အဖြစ်သည် နတ်ပြည်စည်းစိမ်နှင့်ယှဉ်လျှင် အလွန့်အလွန်နိမ့်ကျလေသည်။) ထို့ကြောင့် စောင့်ထိန်းအပ်သော ဥပုသ်အကျိုးကား နတ်ပြည်ခြောက်ထပ်၌ နတ်မင်းကြီးများ ဖြစ်စေနိုင်ပါသည်။

# နေ့တစ်ဝက် ဥပုသ်

ကောသမ္ဗီပြည်တွင် သူဌေးသုံးဦးရှိလေ၏ သူတို့သည် ဟိမဝန္တာ၌နေသော ရသေ့ငါးရာတို့အားပင့်ဖိတ်သဖြင့် ကြွလာကြကုန်၏။ ရသေ့တို့သည် လမ်းခရီးတွင် ညောင်ပင်ကြီးတစ်ပင်အောက်၌ နားနိုကြလေ၏။ ခေါင်းဆောင်ရသေ့ကြီးသည် ဤသို့ကြံ၏၊ ဒီအပင်စောင့်သောရုက္ခစိုးနတ်မင်းသည် အလွန်တံခိုးကြီးပေ၏။ သောက်ရေတောင့်တမိသော် သောက်ရေလာလှူ၏၊ ချိုးရေတောင့်တမိသော် ချိုးရေလာလှူ၏၊ စားဖွယ်တောင့်တမိသော် စားဖွယ်လာလှူ၏၊ ဒီရုက္ခစိုးနတ်ကို မြင်ခြင်ပါဘိဟုတောင့်တမိသော် ရုက္ခစိုးနတ်က ကိုယ်ထင်ရှားပြလေ၏။ ထိုအခါ အဘယ့်ကြောင့် ဒီလောက်တန်ခိုးကြီးရသနည်းဟု ရှေးကောင်းမှုကိုမေးရာ ရှက်၍ မဖြေပါရစေနဲ့ဟု ငြင်း၏။ အတန်တန်မေးသောအခါမှ သူလူ့ဘဝတုံးက အနာထပိဏ်သူဌေးအိမ်မှာ နေ့စားအလုပ် လုပ်လိုကြောင်း အလုပ်တောင်းရာ အပြင်မှာထွက်လုပ်ရသောအလုပ်ကို ရ၏။သူဌေးကြီးအိမ်တွင် ရှိသမျှလူအားလုံး ဥပုသ်နေ့တွင် ဥပုသ်စောင့်ကြရ၏။ သူဌေးကြီးကျောင်းမှပြန်လာလျှင် လူသစ်အား ဥပုသ်နေ့ဖြစ်ကြောင်း ပြောမိကြရဲ့လားဟုမေးလေ၏၊ မပြောမိကြပါဟုဆိုသော် စားဖိုမှူးအား သူ့အတွက် ညစာချက်ထားရန် ပြောလေသည်။ လူသစ်ပြန်ရောက်တဲ့အခါ ခါတိုင်းကဲ့သို့ မဟုတ်ဘဲ သူတစ်ယောက်ထဲ ဘာ့ကြောင့်စားရသနည်းဟုမေးသော် ဒီကလူ အားလုံးဥပုသ်နေ့တိုင်း ဥပုသ်စောင့်ကြကြောင်း ပြောသော် သူလည်းစိတ်ဝင်စားလှသဖြင့် ဒါဆို ယခု အကျွန်ုပ်လည်း ဥပုသ်

စောင့်၍ဖြစ်ပါသလောမေးရာ သူဌေးကြီးက နေ့ထက်ဝက်ဥပုသ် ရကြောင်းပြော၏။ သူသည်စားမည့်ထမင်းများ မစားတော့ဘဲ ဥပုသ်စောင့်လေ၏။ ညရောက်သော် တစ်နေကုန် ပင်ပန်းစွာ အလုပ်လုပ်ထားသဖြင့် ဆာလောင်မွတ်သိပ် လေနာထိုးလေ၏၊ သူဌေးကြီးက စတုမဓုကျွေးသော် သင်တို့စားလေ့ရှိသလားဟု မေး၏၊ ဝေဒနာဖြစ်သော် စား၏ဆိုသော် အကျွန်ုပ်သည် နေ့တစ်ဝက်သာ စောင့်ရသောဥပုသ်ဖြစ်သဖြင့် အသက်ကို မငဲ့ကွက်ဘဲ ဥပုသ်စောင့်ပါရစေဟုဆိုကာ စောင့်လေ၏၊ နံနက်ရောက်သော် လေနာရောဂါနှင့်ကွယ်လွန်လေ၏။ ထိုကုသိုလ်ကြောင့် ယခု ရုက္ခစိုးနတ်ဖြစ်ရလေ၏ဟု ခေါင်းဆောင်ရသေ့အား လျှောက်ကြားလေ၏။ ( ဓမ္မ၊၄၁၁၁၃၁)

## အာသန္နကံ အကြောင်း

အာသန္နကံဆိုသည်မှာ သေခြင်း၏အနီးမှာပြုလုပ်သောကံကိုဆိုလိုပါသည်၊ ထိုအာသန္နကံသည် လူတိုင်းအတွက် အရေးကြီးသည်ဟု ဆိုချင်ပါသည်၊ အဘယ့်ကြောင့်ဆိုသော်၊ ကြီးလေးသော ကုသိုလ်ကံ အကုသိုလ်ကံမရှိပါက ထိုကံက ဘဝသစ်တစ်ခုသို့ရောက်အောင်ပို့ပေးမှာဖြစ်သောကြောင့်ပါတည်း။ တစ်သက်လုံး ကုသိုလ်ကောင်းမှုများစွာပြုလုပ်ထားသော်လည်း သေခါနီးကာလမှာ အယောနိသောမနသိကာရခေါ် နှလုံးသွင်းမှား၍ အကုသိုလ်စိတ်တစ်ခုခုနှင့် စုတိစိတ်ကျသွားပါက မကောင်းတဲ့ ဘုံဘဝသို့ရောက်နိုင်သလို တစ်သက်လုံး မကောင်းမှု ဒုစရိုက်မျိုးစုံ ပြုလုပ်ထားသော်လည်း သေခါနီးကာလမှာ ယောနိသောမနသိကာရခေါ်

နလုံးသွင်းမှန်ကန်၍ ကုသိုလ်စိတ်တစ်ခုခုနှင့် စုတိစိတ် ကျသွား ပါကကောင်းရာ သုဂတိ ဘုံဘဝသို့ ရောက်ရှိနိုင်ပါသည်၊ ထို့ကြောင့် သေခါနီးကာလသည် အလွန်အရေးကြီးသော အချိန်ကာလတစ်ခုဖြစ်ပေသည်။ ထိုအချိန်ကာလမျိုး၌ နလုံးသွင်းမှန်အောင် ကူညီပေးမည့် မိတ်ကောင်း ဆွေကောင်းရှိဖို့လည်း လိုအပ်လှပေသည်။ မိတ်ကောင်း ဆွေကောင်းတစ်ယောက်အနေနဲ့ သေခါးနီးလူကို ဒါနတစ်ခုခုပြုလုပ်စေခြင်း သီလဆောက်တည်စေခြင်း မိမိပြုခဲ့ဖူးသော ကုသိုလ်တွေကို အမှတ်ရစေခြင်းဖြင့် ကူညီသင့်ပေသည်၊ သေသူနှင့်နီးစပ်သောသူတို့အနေနဲ့ အဆောတလျင်ငိုကြွေးခြင်းမျိုးကို အထူး ရှောင်ကြဉ်သင့်လှပေသည်၊ သေမည့်သူသည် အသက်မရှူတော့၍ သေပြီဟုထင်ရလောက်ချိန်တွင် မသေသေးဘဲ မိန်းမောကာ အသိစိတ်ကပ်လျက်ရှိနေနိုင်ပါသေးသည်၊ သူသေပြီအထင်နှင့် ဇနီး မယား သမီးသားတို့၏ ငိုကြွေးသံကြားသွားပါက အစစအရာရာ စိတ်မချနိုင်ခြင်းစသော အစွဲအလမ်းတစ်ခုခုကြောင့် ပြိတ္တာဘုံဘဝသို့ ရောက်သွားကောင်း ရောက်သွားနိုင်ပါသည်၊ သေမည့်သူသည် စကားမပြောနိုင်တော့သော်လည်း သူသေပြီအထင်နှင့် ကြွေးစည်ခေါက်သံ ငိုယိုသံများ ကြားသိနေတတ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် ကျန်ရစ်သူ မိသားစုတို့သည် မိမိတို့၏ ငိုကြွေးသံစသည်ဖြင့် သေမည့်သူ မကောင်းတဲ့ဘုံဘဝရောက်အောင် တွန်းပို့မိသလို မဖြစ်စေရန် အထူးဆင်ခြင်သင့်လှပေသည်။

# တံငါသည် နတ်ပြည်ရောက်

ရှေးအခါက ဒမိဠ အမည်ရှိ အမျိုးသားတစ်ဦးသည် အနှစ်ငါးဆယ်ပတ်လုံး တံငါအလုပ်ဖြင့် အသက်မွေးနေထိုင်ခဲ့လေသည်၊ တစ်နေ့သောအခါ ရောဂါစွဲကပ်၍ အိပ်ရာမှ မထနိုင်ဖြစ်ခဲ့လေသည်၊ အိမ်ရှင်မဖြစ်သူက ခြေဆုပ်လက်နယ်ပြုပေးလျက်ရှိနေစဉ် ရဟန်းတော်တစ်ပါးကြွလာသဖြင့် အိမ်ရှင်မက တောင်ပေါ်ကျောင်းနေရဟန်းတော်ကြွလာကြောင်း ဒမိဠ တံငါသည်အားပြောပြသည်။ ဒမိဠတံငါသည်က ငါသည် အနှစ်ငါးဆယ်ပတ်လုံး မထေရ်၏အထံသို့ တစ်ခါမျှ မသွားရောက်ဖူးပါ။ မထေရ်သည် အဘယ်ကျေးဇူးကိုထောက်၍ ငါ့ထံသို့လာသနည်းဟု အမေးခိုင်းလိုက်သည်၊ အိမ်ရှင်မဖြစ်သူက စေခိုင်းသည့်အတိုင်းသွား၍ မေးမြန်းလေသည်။ ထိုအခါ ရဟန်းတော်က ဒါယကာဘယ့်နဲ့နေတုန်းဟုပြန်လည်မေးမြန်းတော်မူရာ အိမ်ရှင်ဒါယိကာမက ဒါယကာမှာ အလွန်အားနည်းနေပါကြောင်း ပြန်ကြား လျှောက်ထားသဖြင့် ရဟန်းတော်လည်း အိမ်တွင်းသို့ ဝင်ရောက် ကြွလာပြီး ဒါယကာ သရဏဂုဏ်သီလများ မဆောက်တည်လိုဘူးလားဟု မေးမြန်းသည်၊ ဒါယကာက ဆောက်တည်လိုကြောင်း ပြန်ကြားလျှောက်ထားသည့်အတွက် ရဟန်းတော်က ဒါယကာအား သရဏဂုံနှင့်တကွ ငါးပါးသီလကို ပေးလေသည်။ ဤသို့ ပေးနေစဉ် ငါးပါးသီလ ခံယူဆောက်တည်နိုင်သည်အထိမရောက်ဘဲ သရဏဂုံအဆုံးမှာပင် ပါးစပ်မလှုပ်နိုင်တော့ဘဲ သေဆုံးကာ နတ်ပြည်သို့ ဆိုက်ရောက်သွားလေသည်။ နတ်ပြည်သို့ရောက်လျှင်ရောက်ခြင်း

သရဏဂုံခံယူဆောက်တည်ခဲ့ရသော ကောင်းမှုကြောင့် ယခုကဲ့သို့ နတ်ပြည်ရောက်ရကြောင်း သိရှိကာ လူ့ပြည်သို့ဆင်းပြီး သရဏဂုံ သီလ ချီးမြှင့်ပေးသနားသော ရဟန်းတော်အား ဖူးမြော်ကန်တော့ လျက် နတ်ပြည်ရောက်ရပုံ အကြောင်းစုံကို ဤသို့လျှောက်ထား လေသည်။ အရှင်ဘုရား တပည့်တော် ယခုကဲ့သို့(စတုမဟာရာဇ်) နတ်ပြည်သို့ ရောက်ရခြင်းသည် အရှင်ဘုရား ချီးမြှင့်ပေးသနား တော်မူသော သရဏဂုံကို ခံယူဆောက်တည်ရသည့်အတွက် ဖြစ်ပါသည်၊ အရှင်ဘုရားချီးမြှင့်ပေးသနားတော်မူသော ငါးပါးသီလ ကိုပါ တပည့်တော်မသေမီ အကယ်၍သာ ခံယူဆောက်တည်ခွင့် ရခဲ့ပါလျှင် အထက်အထက်နတ်ပြည်များသို့ပင် ရောက်နိုင်ပါသည်။ အရှင်ဘုရား၏ကျေးဇူးသည် တပည့်တော်၏အပေါ်၌ အလွန်ကြီး မား များပြားလှပါသည်ဘုရားဟူ၍ ဝမ်းမြောက်ဝမ်းသာ ပြန်ကြား လျှောက်ထားလေသည်။ သရဏဂုံပေးသော ဆရာကား ဆရာ မည်ကာမတ္တမဟုတ်ပါ၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာမျိုး ဖြစ်ပါ သည် (အံ၊၄၊၂၊၁၀၇)။

## မုဆိုး နတ်ပြည်တက်

သောဏဂိရိခေါ် တောင်ပေါ်ကျောင်း၌ ရဟန္တာမထေရ် အရှင် သောဏ သီတင်းသုံးနေတော်မူသည်။ အရှင်သောဏ ခမည်း တော်မှာ သူ၏ဝါသနာနှင့် လုပ်ငန်းသဘောအရ မုဆိုးဘဝဖြင့် အသက်မွေးနေသည်။ သူသည် သန်သန်မာမာရှိစဉ်က ခွေး တသိုက်နှင့် တောလိုက်လေ့ရှိသည်။ ရသမျှသောအမဲများကို

ရောင်းချ၍ အသက်မွေးရသည်။ မုဆိုးကြီးသည် အသက်ကြီး၍ အိုမင်းမစွမ်းဖြစ်လာသဖြင့် သားထံတွင် ရဟန်းပြု၍နေလေသည်။ ရဟန်းတရားကိုလည်း အထိုက်အလျောက် အားထုတ်သည်။ သို့သော်ပြုလုပ်ခဲ့သော အကုသိုလ်ကံ လွန်စွာများလှသဖြင့် သေခါနီးကာလတွင် မိမိလုပ်ခဲ့သော အကုသိုလ်ကံ အာရုံများကြောင့် တောင်ခြေမှ ခွေးကြီးတွေ မိမိအားလိုက်၍ ကိုက်နေသလို ထင်မြင်လာသည်။ ထိုအခါ ခြောက်ပါဟဲ့ သားရဲ့ဟု အဆက်မပြတ် ရောင်ရမ်းအော်ဟစ်တော့သည်။ သားရဟန်း အရှင်သောဏက ဘာလဲ ဦးဇင်းကြီးဟု မေးသောအခါ ခွေးကြီးတွေ ခွေးကြီးတွေဟု ပြန်ပြောလေသည်။ အရှင်သောဏသည် ခမည်းတော်ကြီး အကုသိုလ်နိမိတ်အရိပ်အရောင်တွေ ထင်နေသည်ဟု သိသဖြင့် ငါကဲ့သို့သောသားရှိပါလျက် ငရဲသို့ ဘာ့ကြောင့်လားရမည်နည်း ဟုကြံကာ သာမဏေများကို ပန်းခူးခိုင်း၍ မဟာစေတီရင်ပြင်တော်ပေါ်၌ ပန်းမွေ့ရာခင်းပြီး ခမည်းတော်အား ခုတင်နှင့်တကွ ရွှေ့၍ စေတီရင်ပြင်၌ ချထားလေသည်။ ထို့နောက် ဦးဇင်းကြီးအတွက် ပန်းတွေပူဇော်ထားတယ် ကြည်ညိုပါဟု ဘေးက အကြိမ်ကြိမ်တိုက်တွန်းသည်။ ကြည်ညိုစိတ်ဖြစ်အောင် တိုက်တွန်းသည်၊ ထိုခဏ၌ နတ်သမီးအာရုံများထင်လာ၍ သားရယ် ဖယ်ပေးပါ ဖယ်ပေးပါ သားရဲ့မိထွေးများ လာနေပြီဟု ရောင်ရမ်းလျက် ကွယ်လွန်သည့်အခါ နတ်ပြည်သို့ ရောက်ရလေသည်။

ဤသာဓကကိုကြည့်လျှင် သေခါနီးကာလ၌ အာရုံနိမိတ်ကောင်းများ ထင်မြင်စေရန် သားသမီးကောင်း သို့မဟုတ် မိတ်ဆွေ

ကောင်းတို့က ပြုပြင် ကူညီပေးနိုင်သည်ကို သတိချပ်သင့်ပေသည်။

## ကုသိုလ်ရှင် အပါယ်ကျ

ကံတရားသည် အလွန်ဆန်းကြယ်၏။ ပို၍ဆန်းကြယ်သည်မှာ သေခါနီး သေတော့မည့်ဆဲဆဲဖြစ်ပေါ်သည့်စိတ်၏ စွမ်းအင်ပင်ဖြစ်သည်။ ယင်းစိတ်စွမ်းအင်ကို "ဇော" ဟုခေါ်သည်။ ထိုဇောသည်ပင် ကံဖြစ်ရ၏။ ဘဝတစ်လျှောက်လုံး ကုသိုလ်ကောင်းမှုတွေ မည်မျှပြုလုပ်ထားစေကာမူ သေခါနီးကာလ၌ အကုသိုလ်ဝင်လာပြီး အကုသိုလ်ဇောကျလျှင် အပါယ်သို့ ရောက်ရတတ်သည်။ ဘဝတစ်လျှောက်လုံး ကုသိုလ်တွေ မည်မျှပင် ပြုလုပ်ခဲ့စေကာမူ သေခါနီးကာလ၌ အကုသိုလ်စိတ်ဝင်လာပြီး အကုသိုလ်ဇောကျလျှင် မကောင်းရာ ဒုဂ္ဂတိသို့ ရောက်ရတတ်သည်။ သို့သော်လည်း ဘဝတစ်လျှောက်လုံး ပြုလုပ်ခဲ့သည့် ကုသိုလ် အကုသိုလ်များသည် အချည်းနှီး ဖြစ်မသွားပေ။ အချိန်တန် အခွင့်သင့်လျှင် သင့်သလိုအကျိုးပေးကြမည်သာ။ သေခါနီးကာလ၌ဖြစ်သော (မရဏာသန္နဇော)သည် ဘဝအသစ်ကို အရင်ဆုံးရောက်အောင် ပို့ပေးမှာဖြစ်သည့်တွက် အလွန်အရေးကြီးလှသည်ဟု ဆိုရခြင်းဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးဟု ဆိုလိုက်လျှင် ဗုဒ္ဓဘာသာဝင်မှန်သမျှ မသိသူ မရှိသလောက် ကုသိုလ်ကောင်းမှုပြုလုပ်ရာတွင် နာမည်ကြီး၏။ ရေတွင်းရှစ်သောင်းလေးထောင် ရေကန်ပေါင်း ရှစ်သောင်းလေးထောင်

ကျောင်းပေါင်းရှစ်သောင်းလေးထောင်နှင့် စေတီပေါင်း ရှစ်သောင်းလေးထောင်စီ တည်ဆောက်လျက် သာသနာတော်ကို အကြီးအကျယ် ချီးမြှောက်ထောက်ပံ့ခဲ့သူဖြစ်သည်။ ထိုမျှမက မိမိ၏ရင်သွေး နန်းညွန့်ထီးလျာများဖြစ်သည့် သားတော် မဟိန္ဒ နှင့် သမီးတော် သင်္ဃမိတ္တာတို့ကို သာသနာ့ဘောင်သွတ်သွင်း၍ သာသနာ့မွေခံယူစေခဲ့သည်။ နာမကျန်းဖြစ်၍ သေခါနီးကာလတိုင်အောင် သာသနာတော်အတွက်အလှူအတန်းများ မရပ်သေးသဖြင့် ပြည်သူ့ဘဏ္ဍာများ အလဟဿဖြစ်တော့မည်၊ ပြည်သူ့ဘဏ္ဍာများကုန်တော့မည်ဟုတွေးကာ မြေးတော်က ထီးနန်းသိမ်းပိုက်လိုက်လေသည်။ အာဏာလက်လွှတ်ဖြစ်သွားသော မင်းကြီးခမြာ ဘာမျှပိုင်စိုးခြင်းမရှိတော့၊ ဖြစ်ချင်ရာမှန်သမျှ ဘာမှဖြစ်မရနိုင်တော့ ဝမ်းနည်းပူဆွေး ဒေါသ သောကတွေဖြင့်သာ ပူလောင်နေရချေတော့သည်၊ ထိုသို့ဖြစ်လျက် ဝမ်းနည်းခြင်းများစွာဖြင့် တွေးတောကာ ဩော်...တချိန်ကဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသောမင်းဖြစ်ပါလျက် ယခုအခါမှာတော့ ဘာကိုမျှ မပိုင်ဆိုင်တော့ချေ (သမားတော်ကြီး ပေး၍ ငုံထားသော) ရှစ်ရှားသီးကလေးမျှကိုသာ ပိုင်ဆိုင်သူဖြစ်ချေတော့သည်တကားဟု အလွန်အမင်းဝမ်းနည်းပြီး ဆုတ်နစ်သော ဒေါသနှင့်အတူ အကုသိုလ်ဇောကျလျက် ကွယ်လွန်သွားသဖြင့် စပါးကြီးမြွေဘဝသို့ ရောက်သွားရလေသည်။ ထိုအဖြစ်ကို သားတော်မဟိန္ဒ သိ၍ ကယ်ဆယ်ချေချွတ်သဖြင့် ထိုဘဝမှ ကျွတ်လွတ်ပြီး လူ့ဘဝ၌ ရဟန္တာဖြစ်ကျွတ်တမ်းဝင်သွားရလေသည်။

## ကောင်းမှုရှင် ငရဲရောက်

ဘုရားရှင်သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေချိန်ဖြစ်သည်။ ကောသလမင်းတွင် အလွန်တရာ ချစ်မြတ်နိုးသော မလ္လိကာ မိဖုရားရှိသည်။ ထိုမိဖုရားသည် ကုသိုလ်အမှု၌မွေ့လျော်သည်။ ကောသလမင်း၏ အသဒိသအလှူ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်းခဲ့သည်။ နေ့စဉ်နေ့တိုင်းလည်း ဘုရားရှင်ကိုဘာလှူမည်။ အဂ္ဂသာဝက နှစ်ပါးကို ဘာလှူမည်စ သည်ဖြင့် အမြဲကြံဆတွေးတောပြီး အလှူဝတ်ကို စီမံနေသူဖြစ်သည်။ တနေ့မိဖုရားသည် ရေချိုးအိမ်သို့ ဝင်ပြီး မျက်နှာသစ်သည်။ ပြီးလျှင်ရှေ့သို့ ကိုယ်ညွှတ်ပြီး ဒူးခေါင်းကို ရေဆေးရန်စီမံအားထုတ်သည်။ မိဖုရားနှင့် အကျွမ်းဝင်ပြီး မိဖုရားနှင့်အတူတူ ရေချိုးအိမ်သို့ဝင်လိုက်လာသောခွေးသည် ကိုင်းညွှတ်နေသော မိဖုရားကိုမြင်၍ကာမရာဂဖြင့် ပေါင်းဖော်ရန် အားထုတ်သည်။ မိဖုရားသည်ခွေး၏အတွေ့ကို သာယာလျက် ငြိမ်နေသည်။ မင်းကြီးသည်ပြသာဒ်ထက် လေသာတံခါးမှကြည့်သော် ထိုအခြင်းအရာကိုမြင်၍ မိဖုရားပြန်တက်လာသောအခါ မိန်းမပျက်များ အဘယ့်ကြောင့် မဖွယ်မရာကို ပြုလေသနည်းဟု ကြိမ်းမောင်းဆိုသည်။ မင်းကြီး အဘယ်အမှုကို ကျွန်ုပ်ပြုသနည်း မိဖုရား သင်သည်ရေချိုးအိမ်၌ ခွေးနှင့်ပေါင်းဖော်ခဲ့သည် မဟုတ်လော။ မင်းကြီး ဤအကြောင်းကား မဟုတ်။ ငါပင် ကိုယ်တိုင်မြင်လျက်သင့်စကားကို ငါဘယ်လိုလုပ် ယုံရမလဲ မိန်းမယုတ်ရဲ့။ မင်းကြီး ရေချိုးအိမ် ဝင်သောသူကို ဤလေသာတံခါးမှ ကြည့်သည်ရှိသော်

တစ်ယောက်ထဲပင် ဖြစ်လင့်ကစား ဖောက်ပြန်၍ နှစ်ယောက် ထင်တတ်သော သဘောရှိသည်။ မိဖုရားက လှည့်စား၍ဆိုသည်။ အကယ်၍ မင်းကြီးမယုံလျှင် မင်းကြီးကိုယ်တိုင် ဤရေချိုးအိမ် ဝင်ကြည့်ပါ။ အကျွန်ုပ်က ဤလေသာတံခါးက ကြည့်ပါမည် မင်းကြီးသည် ပညာမဲ့၍ မစဉ်းစားနိုင်ဘဲ မိဖုရားဆိုတိုင်း ရေချိုးအိမ်သို့ ဝင်လေသည်။ မိဖုရားက လေသာတံခါးက ဖွင့်ကြည့်သည်။ မင်းကြီး အဘယ့်ကြောင့် ဆိတ်မနှင့် ပေါင်းဖော်နေပါသနည်း။ မိဖုရား ငါကား ဤအမှုကို မပြုပါ၊ မင်းကြီးအကျွန်ုပ်ကိုယ်တိုင် မြင်ရပါလျက် မင်းကြီးစကားကို ဘယ်လိုလုပ် ယုံရပါမည်နည်း။ မင်းကြီးသည် ပညာနည်းပါး၍ ရေချိုးအိမ်၏ လှည့်စားချက်ပေပဲဟု သတ်မှတ်ကာ ယုံကြည်သွားလေသည်။ ဤမင်းကား ပညာနည်းပါးလှသောကြောင့်သာ ငါ လှည့်ပတ်နိုင်ခဲ့သည်။ ငါသည် ယုတ်မာသောအမှုကို ပြုမိခဲ့ချေပြီ။ မင်းကိုလည်း မဟုတ်တရုတ် စွပ်စွဲမိခဲ့ချေပြီ၊ ငါ၏အမှုကို ဘုရားရှင်လည်း ထင်ရှား သိတော်မူလတ္တံ့၊ အဂ္ဂသာဝကနှင့် မဟာသာဝက ရှစ်ကျိပ်တို့လည်း သိတော်မူလတ္တံ့။ ဩော်..ငါသည် ဝန်လေးသောအမှုကို ပြုမိလေသည်တကား။ ဤသို့ကြံစည်မိပြီးလျှင် စိတ်မချမ်းသာမှု ခံစားရလေသည်။ မလ္လိကာမိဖုရားသည် သေခါနီးသောကာလဝယ် များပြောင်စွာသော အလှူတို့ကို မအောက်မေ့မူ၍ မင်းကြီးအပေါ်၌ လှည့်စားခဲ့သော မကောင်းမှုကိုသာ အောက်မေ့လျက် သေသောကြောင့် အဝီစိငရဲ၌ ဖြစ်ရလေသည်။ မင်းကြီးသည် မိဖုရား၌ အလွန်ချစ်မြတ်နိုးလှသဖြင့် မိဖုရားအတွက် စိုးရိမ် သောကစိတ်ဖြစ်မိကာ မိဖုရား၏ လားရာဂတိကို ဘုရားရှင်ထံ မေးလျှောက်ရန်

ကြိုးစားခဲ့သည်။ ဘုရားရှင်က ၇-ရက်ပတ်လုံး မင်းကြီးကို ထိုအကြောင်း မမေးမိအောင် တန်ခိုးတော်ဖြင့် သတိမေ့စေသည်။ မလ္လိကာသည် ၇-ရက်မျှ အဝီစိငရဲ၌ ခံရပြီး ရှစ်ရက်မြောက်သော နေ့တွင် ငရဲမှလွတ်ပြီး တုသိတာနတ်ပြည်၌ ဖြစ်ရလေသည်။ ဘုရားရှင်သည် မင်းကို သတိမေ့စေသည်မှာ မင်းသည် မိဖုရားကို အလွန်ချစ်သည်။ မိဖုရား ငရဲ၌ဖြစ်သည်ဟု ကြားသိပါက ဤသို့ သဘောရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသော မိဖုရားသည်ပင် ငရဲ၌ ကျသေးပါက အလှူပေးနေတာ ဘာအကျိုး ရှိမည်နည်းဟု အကျိုးမရှိ အမှားအယူကို ယူပြီးလျှင် မိမိနန်းတော်၌ ထားသော ငါးရာသော ဆွမ်းဝတ်ကို ပိတ်လိုက်မိပါက ငရဲသို့ ရောက်သွားနိုင်သည့်အတွက်ဖြစ်သည်။ ရှစ်ရက်မြောက်သောနေ့တွင် ဘုရားရှင်ကိုယ်တော်တိုင် မင်း အိမ်တံခါးသို့ ကြွတော်မူသည်။ မင်းကြီးသည် ဘုရားရှင်ကြွလာသည်ကိုမြင်လျှင် ထွက်၍ သပိတ်တော်ကိုယူပြီး ပြသာဒ်သို့ကြွရန် ဖိတ်ကြားသည်။ ဘုရားရှင်က ရထားဇရပ်၌ နေရန် အမူအယာကို ပြတော်မူသည်။ မင်းကြီးက ရထားဇရပ်၌ နေရာပြင်ဆင်ပေးပြီး ယာဂု၊ ခဲဖွယ်တို့ဖြင့် ပူဇော်လုပ်ကျွေးပြီးလျှင် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မလ္လိကာမိဖုရား၏ လားရာဂတိကို မေးလျှောက်ရန် အကြိမ်ကြိမ်လာခဲ့သော်လည်း မေ့လျော့၍ မမေးလျှောက်ခဲ့ရပါ။ ယခု မေးလျှောက်ပါရစေဘုရား၊ မလ္လိကာမိဖုရား၏ လားရာဂတိကို သိပါရစေဘုရား၊ မင်းကြီး တုသိတာနတ်တပြည်မှာ ဖြစ်ရသည်၊ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ဤမိန်းမမှ တုသိတာနတ်ပြည်၌ မဖြစ်သော် အဘယ်မိန်းမ ဖြစ်နိုင်အံ့နည်း။ ဤမိန်းမနှင့်တူသော မိန်းမကား ရှားပါသည်။

ဤမိန်းမသည် အသက်ရှင်စဉ် ဘုရားရှင်ကို ဤဝတ္ထုလှူအံ့၊ ဤသို့သော ပူဇော်မှုကိုပြုအံ့၊ အဂ္ဂသာဝက မဟာသာဝကတို့အား ဤဝတ္ထုကိုလှူအံ့၊ ဤသို့သော ပူဇော်မှုကိုပြုအံ့ဟု ဒါနစီရင်မှုကို အမြဲပြုနေခဲ့ပါသည်။ ဤအလုပ်ကိုသာ အမြဲ စိတ်ဝင်စားခဲ့ပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤမိန်းမသေသောနေ့မှစ၍ တပည့်တော် ပူပန်နေခဲ့ရပါသည်ဘုရား။ မင်းကြီး မစိုးရိမ်ပါနှင့်၊ သတ္တဝါခပ်သိမ်းသည် သေတတ်သောသဘောရှိသည်သာ။ ဘုရားရှင်က မင်းကြီးအား တရားဟောပြီးလျှင် ပြန်လည်ကြွခဲ့လေသည်။ (ဓမ္မ၊၄၁၃၊၇၅)

## ညှို ဆန်တစ်စလယ်

မိမိတို့ပြုလုပ်ခဲ့သောလုပ်ငန်းသည် ကြီးသည် ငယ်သည်မဟူ အကုသိုလ်မဟုတ်သော်လည်း ထိုလုပ်အပေါ် စိတ်မချမ်းသာခြင်း မကျေမနပ်ဖြစ်ခြင်း ငါတာဝန်မကျေ အကြွေးမကြေဟု ပူပန်ခြင်း ဖြစ်ပေါ်လာပါက နလုံးမသာယာခြင်း၊ နောင်တပူပန်ခြင်း (ဝိပ္ပဋိသာရဟုခေါ်သည်) ဟုခေါ်သည်။ အကုသိုလ် ဒေါသတရား မျိုးဖြစ်ရသည်။ ထိုစိတ်မျိုး ရှိးရိုးအချိန်၌ ဖြစ်ပေါ်လာခြင်းသည် အရေးမပါသော်လည်း သေခါနီးအခါ ဖြစ်ပေါ်လာပါလျှင် အသေး အဖွဲ့ကလေးတစ်ခုက ဘဝကြီးတစ်ခုလုံးကိုပြောင်းပြန် ဇောက်ထိုး ဖြစ်သွားစေနိုင်သည်၊ လူ့ဘဝမှ အပါယ်သို့ ကျရောက်စေနိုင်သည်။ သာဓကပြရလျှင်=၁၂၇၀ နှင့် ၁၂၈၀.အတွင်း ခန့်က တောင်တွင်းကြီးမြို့အရှေ့မြောက်ဘက် ဆယ်မိုင်ခန့်တွင် ချောင်းဆုံ

ရွာရှိ၏။ ထိုစဉ်ကအိမ်ခြေလေးရာခန့်ရှိသည်။ ထိုရွာတွင် ညီပြုနှင့် ကံကြီးဆိုသူ သူငယ်ချင်းနှစ်ယောက်မှာ ကွမ်းထမ်းရောင်းပြီး အသက်မွေးကြသည်။ တစ်နေ့ကွမ်းရောင်းရာမှအပြန် ကံကြီးအိမ်မှာ ဆန်ကုန်နေ၍ ညီပြုထံမှ ဆန်တစ်စလယ်ချေးယူပြီး ချက်စားရသည်။ ထို့နောက် မကြာမီ ကွမ်းရောင်းရာမှ လရောင်ဖြင့် ပြန်လာကြရာ လမ်းတွင်ပိုးထိ၍ ကံကြီး သေဆုံးရှာသည်။ ကံကြီး ပိုးထိ၍သေရာတွင် မသေမီ သေခါနီးကာလ၌ ကံကြီး၏စိတ်ထဲတွင် မည်သို့ဖြစ်သွားသည် မသိ။ ကံကြီးသည်ညီပြုအိမ်မှာ တိုက်ကြက်ကြီးဖြစ်ရလေသည်။ ညီပြုကြက်တိုက်ရာတွင် သုံးပွဲသုံးကြိမ်တိုင်တိုင် နိုင်ခဲ့၏။ လေးကြိမ်မြောက်၌မူ အင်အားချင်းမမျှ၍ ညီပြုကြက် ရှုံးခဲ့ရ၏။ ညီပြုသည် စိတ်ဆိုးပြီး ကြက်ကို ခြေနှစ်ချောင်းကိုင်၍ မြေနှင့်ရိုက်ကာ မသေမရှင် အိမ်အောက်ရေအိုးစင်နား ပစ်ချထားလိုက်သည်။ ထိုစဉ်ကြက်ကို နွားမကြီးက နမ်းရှုလာရာ ကံကြီးခမျာ တိုက်ကြက်ဘဝမှသေဆုံး၍ နွားမကြီးဝမ်းထဲရောက်ကာ နွားကလေး ဘဝသို့ကူးပြောင်းသွားရပြန် ရှာသည်။ နွားကလေး အတန်ငယ်ကြီးလာသောအခါ ညီပြုမိတ်ဆွေများက တန်ဖိုးလေးကျပ်နှင့်ဝယ်၍ သတ်စားကြရာ ညီပြုပါ ပါဝင်လေသည်။ နွားကလေးကို သတ်ဖြတ်၍ အမဲဖြတ်နေတုန်း တောင်တွင်းကြီးမှ စာရေးကြီး လင်မယားက ထိုနားသို့ ရောက်လာကြသည်။ စာရေးကတော်က နွားကလေးအား သနားကရုဏာသက်ပြီး ငါတို့နွားသာဆိုလျှင် မသတ်ရက်ပါဘူး။ သူ့အလိုလိုသေသွားတောင် မစားရက်ပါဘူး။ မြေထဲမြှုပ်လိုက်မှာပဲဟုပြောရာ၏။ ထို့နောက် စာရေးကတော်ကြီး သားယောကျ်ားလေး

မွေးဖွားလာရာ ခုနစ်နှစ်ရှိသည့်တိုင်အောင် စကားမပြောဘဲ ရှိနေသည်။ ထိုအခါ ဖခင် စာရေးကြီးက ငါ့သား စကားပြောပါကွာ ဒီကနေ့လခထုတ်ရမယ်။ ငါ့သားအတွက် အဝတ်ကောင်းကောင်း ဝယ်ခဲ့မယ်လို့ ပြောခဲ့ပြီး ညနေပြန်လာတွင် ဟောဒီအဝတ်လှလှ ကလေးတွေဟာ ငါ့သားဖို့ပဲ ကဲ..စကားပြောပေတော့ဟုပြော လိုက်ရာ သားငယ် က ညီဖြိုဆန်တစလယ် အကြွေးပေးစရာ ရှိတယ်ဟု မမျှော်လင့်သော စကားကိုပြောလာပေသည်၊ ထိုအခါ ဖခင်က အံ့အားသင့်စွာဖြင့် ငါ့သား စကားသာပြောပါ၊ ဆန် တစလယ်မကဘူး ဆန်တစ်အိတ်တောင် အကြွေးဆပ်ပေးမယ်ဟု ပြောရာ ဒီလိုဆိုရင် ဆန်အိတ်ကိုလှည်းပေါ်တင်ပါ အခုပဲသွားပြီး အကြွေးဆပ်ရအောင်ဟု ပြောလေသည်။ သားငယ်၏ ပြောစကား အတိုင်း ဆန်အိတ်ကို လှည်းပေါ်တင်၍ သားအဖနှစ်ယောက် ညီဖြို့ထံအကြွေးဆပ်သွားကြသည်။ လမ်းတွင် လူငယ်ကပင် ညီဖြို အိမ်ရောက်သည်အထိ လမ်းပြသည်ဟူ၏။ ညီဖြို့အိမ်ရောက် သောအခါ ကလေးက ဟေ့ ညီဖြို ငါ့ကိုမှတ်မိသေးရဲ့လားဟု မေးရာ သားငယ်အရွယ်က ဤကဲ့သို့ပြောသည်ကိုကြားသဖြင့် ညီဖြို စိတ်ဆိုးသွားသည်။ ထို့နောက် စာရေးကြီးက စိတ်မဆိုးရန် တောင်းပန်၍ ကလေးငယ်က ဖြစ်သမျှအကြောင်း အားလုံး ထုတ်ဖော်ပြောပြရာ ညီဖြို့ခမျာ ဝမ်းနည်းကြီးစွာဖြင့် ငိုကြွေးရလေ သည်၊ ဤအကြောင်း အထုတ္တုပ္ပတ်ကို ၁၃၁၃-ခုနှစ်ခန့်က ဦးညိုကိုယ်တိုင် ရေစကြိုမှ ဦးဘသွင်အား ပြောပြချက်ကို မဟာစည်ဆရာတော်ဘုရားကြီးက သူ၏ ဓမ္မစကြာတရားတော် ကြီး စာအုပ် နှာ-၃၀၉ တွင် ထည့်သွင်းရေးသားထားတော်မူသည်။

## မယားချစ်သူ တစ်ဦး

သီဟိုဠ်ကျွန်း ရွာတစ်ရွာမှ လူငယ်တစ်ယောက်သည် အစ်ကို့မယား (မရီး)နှင့် ဖောက်ပြန်နေ၏ မယားကလည်း လင့်ထက် မတ်ကို ပို၍ချစ်မြတ်နိုးနေ၏။ တနေ့သောအခါမယားက ဒီအတိုင်းဆက်နေရင် တော်ကြာလူတွေသိကုန်လိမ့်မယ် အစ်ကိုဖြစ်သူကို သတ်ဟု (လင်ငယ်)မတ်အား မရီးက သုံးကြိမ်တိုင်တိုင် တိုက်တွန်း၏။ မတ်ကမကြံတတ်သဖြင့် မရီးကပင် အကြံပေး၏ တစ်နေ့ လင်တော်မောင်အလုပ်မှ မောမောဖြင့်ပြန်လာရာတွင် မယားသည် အလွန်ချစ်မြတ်နိုးလေဟန်ဖြင့် လင်၏ခေါင်းက ဆံပင်များကို ယုယုယယဖြီးပေးနေရင်း အစ်ကိုရယ်.. အစ်ကို့ခေါင်း ချွေးတွေ သန်တွေနှင့် ညစ်ပေလွန်းအားကြီးနေပါပြီ။ ဟို ခံတက်ပင်ကြီး ရေဆိပ်မှာသွားပြီး ခေါင်းလျှော်လိုက်ပါဦးနော်.. ဟု ချစ်စဖွယ် အသံဖြင့်ပြောပြ၏။ အကြံကိုမသိရှာသူ လင်တော်မောင်မှာ အဟုတ်မှတ်၍ ခေါင်းလျှော်ထွက်သွား၏။ ညီဖြစ်သူသည် မရီး အကြံပေးချက်အရ ခံတက်ပင်အကွယ်တွင် ဓားမကိုကိုင်လျက် စောင့်နေ၏။ အစ်ကိုသည် မယားစကားကို နားထဲမှာကြားလျက် ခေါင်းလျှော်နေစဉ် ညီဖြစ်သူ၏ သတ်ဖြတ်မှုကို ခံလိုက်ရသည်။ လင်ကြီးသည် သေခါနီးတွင် ဇနီးကိုစွဲလမ်းသည့် ဥပါဒါန်အစွဲ (အကုသိုလ်ဇော)ကြောင့် ထိုအိမ်မှာပင် လင်းမြွေဖြစ်ရလေသည်။ ထိုမြွေသည် သူ၏ ဇနီးဟောင်းအပေါ် တွယ်တာလှသောကြောင့် အိမ်ခေါင်မိုးပေါ်တက်၍ ဇနီး၏အပေါ်သို့ သူ၏ကိုယ်ကို ပစ်ချလေသည်။ ထိုမိန်းမလည်း သူ့လင်ဟောင်းဖြစ်ရမည်ဟု ရိပ်မိ၍

ထိုမြွေကို အသတ်ခိုင်းပြန်သည်။ မြွေဘဝမှ သေပြီးသော် ထိုအိမ်တွင် ခွေးကလေးဖြစ်ပြန်သည်။ ထိုခွေးသည် ထိုမိန်းမသွားရာနောက် တကောက်ကောက်လိုက်နေသည်။ လူများကဲ့ရဲ့ကြသဖြင့် ထိုခွေးကို အသတ်ခိုင်းပြန်သည်။ ခွေးဘဝမှ သေသောအခါ ထိုအိမ်မှာပင် နွားကလေးဖြစ်ရပြန်သည်။ ထိုနွားသည်လည်း ထိုမိန်းမနောက်သို့တကောက်ကောက်လိုက်ပြန်သည်။ လူများကဲ့ရဲ့ကြသဖြင့် နွားကိုသတ်ခိုင်းပြန်ရာ နွားဘဝမှသေပြီးနောက် ဇနီးဟောင်းဝမ်းဗိုက်မှာပင်သန္ဓေတည်ပြီး လူဖြစ်လာပြန်သည်။ မွေးဖွားလာသောအခါ ထိုကလေးငယ်သည် နောက်ဘဝကို မှတ်မိသော (ဇာတိဿရ) ဉာဏ်ကိုရသဖြင့် ဒီလိုရန်သူ့မိန်းမ၏ ဝမ်းထဲမှာဖြစ်မှ ဖြစ်ရလေခြင်းဟုစိတ်နာ၍ မိခင်နို့ကို မစို့ဘဲနေသည်။ ထို့ပြင် မိခင်လက်နှင့် ထိလိုက်သည်နှင့် ငိုလေသည်။ တခြားသူလက်ထဲရောက်မှ အငိုတိတ်သည်။ သို့ဖြစ်ရာ မိခင်၏ စောင့်ရှောက်ပွေ့ချီမှုမှကင်းပြီး အဖိုးအဖွားတို့က ပြုစုစောင့်ရှောက်လာခဲ့ရသည်။ ထိုကလေး စကားပြောတတ်သောအခါ အဖိုးဖြစ်သူက ငါ့မြေးရယ် မင်းအမေ ထိတာနှင့် ဘာလို့ ငိုရတာလဲဟုမေးရာ အကြောင်းစုံပြောပြရှာသည်။ အဖိုးဖြစ်သူသည် ကလေးအား ပွေ့ဖက်လျက် ငိုယိုပြီး ထိတ်လန့်သံဝေဂရကာ လာပါကွယ် ငါ့မြေးရယ် ငါတို့ဒီမှာနေလို့ အကျိုးမများပါဘူး တို့မြေးအဖိုး တခြားမှာ သွားနေကြပါစို့ဟုပြောပြီး မြေးအဖိုးနှစ်ယောက် တိတ်တဆိတ် ထွက်သွားပြီး ရှင်ရဟန်းပြုသွားကြသည်။ မြေးအဖိုး နှစ်ယောက်စလုံး တရားအားထုတ်၍ ရဟန္တာဖြစ်သွားသည်။ (အံ၊၄၊၂၊၁၈၉)

# ဒု သ န သော

ကောသလမင်းကြီး တိုင်းခန်းလှည့်လည်စဉ် ပြတင်းပေါက်မှ ထွက်ကြည့်သော မိန်းမချောတစ်ဦးကိုမြင်သဖြင့် တပ်မက်စွဲလန်းသွားပြီး လင်ရှိ မရှိ စုံစမ်းစေရာ လင်ရှိကြောင်းသိသော် ထိုသူကို မင်းမှုထမ်းစေလျက် ဥပါယ်တံမျဉ်ဖြင့် သတ်၍ယူမည်ဟု ကြံတွေးရင်း အိပ်မပျော်နိုင်ဖြစ်နေလသည်၊ သန်းခေါင်ယံအချိန်တွင် ဒု-သ-န-သောဟူသော ထိတ်လန့်ဖွယ်ရာ အသံများကို ကြားလိုက်ရသဖြင့် ကံဆိုးမိုးမှောင်ကျတော့မည့်အတိတ်နိမိတ်ဟုထင်ကာ ဗေဒင်ဆရာများကိုမေးလေသည်။ ဗေဒင်ဆရာများက မင်းကြီး၏အသက်အန္တရာယ်ဖြစ်ကြောင်း လျှောက်တင်ကြသော် နစ်ဆထိတ်လန့်တုန်လှုတ်သွားလေသည်။ အဘယ်ကဲ့သို့ ယတြာချေရမည်နည်းဟုမေးရာ ဗေဒင်ဆရာများက ဆင်တစ်ရာ မြင်း နွား သိုး ဆိတ် ကြက် ဝက်နှင့် ကလေးသူငယ်တစ်ရာစီ သတ်ဖြတ်၍ ယာဇ်ပူဇော်ရမည်ဟုဆိုရာ ထိုအတိုင်းပြုစေလေသည်၊ ထိုအခါ တိုင်းသူပြည်သားတို့သည် မိမိတို့ အိမ်မွေးတိရစ္ဆာန်နှင့် ကလေးသူငယ်များကို အဖမ်းခံရရာ ငရဲပွက်သကဲ့သို့ ဆူညံနေလေတော့သည်၊ ထိုအသံများကို မလ္လိကာမိဖုရားကြီးကြား၍ အကြောင်းစုံသိရသော် မင်းကြီးနှင့်အတူ ဘုရားရှင်ထံ ဒု-သ-န-သော အကြောင်း သွားရောက်လျှောက်ထား မေးမြန်းလေသည်၊ ဘုရားရှင်က သူဌေးသားလေးဦးတို့ရဲ့ လောဟကုမ္ဘီငရဲမှ အော်သံများဖြစ်ကြောင်း သူတို့သည် သူများသမီး ဇနီး မယားတို့ကို ပြစ်မှားခဲ့သဖြင့်ငရဲခံနေရကြောင်း မိန့်ကြားတော်မူလေသည်။ ဒု-ဆိုသည်မှာ

ဒုဋ္ဌိဝိတမဇိဝိမှ စသောဂါထာ၏ အစအကွရာ ဖြစ်သည် သ-န-သောလည်းထိုနည်းအတူပင် ဂါထာကို အပြည့်အစုံရွတ်မပြနိုင်မှီ ငရဲအိုးသို့ ပြန်လည်နစ်မြုတ်သွားရပေသည်၊ ဒု-သ-န-သောရဲ့ အဓိပ္ပါယ်အကျဉ်းမှာ ငရဲ၏ဆိုးဝါးခါးသီးလှသော အတွေ့အကြုံများနှင့် ငရဲမှလွတ်၍ လူ့ပြည်ပြန်ရောက်လျှင် သီလစောင့်လျှက် ကုသိုလ်ကောင်းမှုများ များများပြုလုပ်တော့မည်ဟု ဆိုလိုကြပေသည်၊ ထိုအကြောင်းကိုသိ၍ မင်းကြီးလည်း သံဝေဂရကာ နောက်နောင်သူများမယားကို စိတ်နှင့်တောင် မပြစ်မှားတော့ဟု ဆုံးဖြတ်ချက်ချလေတော့သည်။ ( ဓမ္မ၊၄၁၊၂၈၂)

## မိဘကျေးဇူး ဆပ်နည်း

မိဘကိုကျေးဇူးဆပ်ရာ၌ နည်းနှစ်နည်းဖြင့် ကျေးဇူးဆပ်ရပေမည်၊ ၁ = မိဘတို့၏ အလိုဆန္ဒကိုဖြေဆည်းပေးခြင်းနှင့် ၂ = ဒါန သီလစသည်တို့၌တည်စေခြင်းပင်ဖြစ်သည်။ မိဘတို့မှာ နှုတ်က ထုတ်ဖေါ်မပြောဖြစ်သော်လည်း သားသမီးတို့အပေါ်၌ ဖြစ်စေ ချင်သောဆန္ဒ ငါးမျိုးရှိပေသည်၊ ၄င်းငါးမျိုးမှာ ၁=ငါတို့နို့ချိုတိုက်ကျွေး ခြေ လက်သုတ်သင်ပြုစုမွေးမြူခဲ့သလို ငါတို့ အိုမင်း မစွမ်းဖြစ် သောအခါ ငါတို့ကိုခြေလက်သုတ်သင်ခြင်း ယာဂုထမင်းကျွေးခြင်း စသည်ဖြင့်ပြန်လည် ပြုစုလုပ်ကျွေးကြပေလိမ့်မည်၊ ၂=ငါတို့ကိစ္စ ကြီးငယ် ပေါ်လာသောအခါ သူတို့ကိစ္စတွေကိုထားပြီး ငါတို့ရဲ့ မင်းရေး စသောအမှုတွေကို ငါတို့ ကိုယ်စား ပြုလုပ်ဆောင် ရွက်ပေးကြပေလိမ့်မည်၊ ၃=ငါတို့ရဲ့ လယ်ယာကိုင်းကျွန်း စည်းစိမ် ရွှေငွေတွေကို မပျက်စီးအောင် ထိမ်းသိမ်းစောင့်ရှောက်လျက်

ငါတို့ပြုလုပ်နေကျ စာရေးတံဆွမ်း ပက္ခဆွမ်းစသည့် ကုသိုလ်ဝတ်ကို မိဘတွေလက်ထက်ကအတိုင်း မပျက်အောင် ဆက်လက်ဆောင်ရွက် ထိမ်းသိမ်းရစ်ကြပေလိမ့်မည်၊ ၄=အမျိုးအနွယ်ကို ထိမ်းသိမ်းစောင့်ရှောက်လျှက် အမွေခံထိုက်တဲ့ သားသမီးများဖြစ်အောင် ကျင့်သုံးကာ မိမိတို့စည်းစိမ်တွေကို အမွေခံရစ်ကြပေလိမ့်မည် (မိဘစကားနားမ ထောင်တဲ့ မိုက်မဲတဲ့ သား သမီးများကို တရားရုံးသွား၍ မမွေပြတ်စွန့်လွှတ်ရတဲ့အဖြစ်မျိုး မဖြစ်စေချင်ကြပေ)။ ၅ = ငါတို့ ကွယ်လွန် အနိစ္စရောက်သောအခါ ငါတို့ကို ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုလုပ်ခါ အမျှအတမ်း ပေးဝေရစ်ကြပေလိမ့်မည်။ သားသမီးတို့အနေနဲ့ အထက်ပါ မိဘတို့ရဲ့ မျှော်လင့်တောင့်တချက်ငါးမျိုးကို မပျက်ကွက်အောင် ဆောင်ရွက် သင့်ကြပါတယ်၊ နောက်ပြီး ဒါနပြုလေ့မရှိတဲ့ မိဘများကို ဒါနပြုချင်အောင် တိုက်တွန်းပြောဆိုပေးခြင်း ဆွမ်း သစ်သီးစသည့် လှူဖွယ်ဝတ္ထုများ စီစဉ်ပေးလျှက် မိဘများကို ကိုယ်တိုင်ကိုယ်ကျ လှူစေခြင်းပြုလုပ်ပေးရမည်၊ သီလဆောက်တည်လေ့မရှိသော မိဘများကို သီလဆောက်တည်ချင်အောင် တိုက်တွန်းပြောဆိုခြင်း ဥပုသ်ကျောင်းသွားဖြစ်အောင် ဖြောင်းဖြအကြံပေး စီမံဆောင်ရွက်ပေးခြင်း၊ တရားစာအုပ်ဖတ်စေခြင်း၊ တရားနာဖြစ်အောင် စီမံဆောင်ရွက်ပေးခြင်း စသည် ပြုလုပ်ပေးသင့်ပါတယ်၊ မိဘတို့ကို ပခုံးပေါ်တင်၍ တစ်သက်လုံးပြုစုရုံမက ဘုရင်ဖြစ်အောင် ပြုလုပ်ပေးသော်လည်း ကျေးဇူးမကျေနိုင်ပါ။ မိဘကျေးဇူး တကယ်ကျေချင်လျှင်သူတို့ကို ကံနှင့်ကံ၏အကျိုးကို ယုံကြည်လာစေရန် သီလနှင့်ပြည့်စုံလာစေရန် အလှူအတန်းပြုတတ်လာစေရန်၊ အမြော်အမြင်

ဉာဏ်ကြီးမားလာစေရန် လုပ်ဆောင်ပေးရပါမည်။ သို့မှသာ မိဘ ကျေးဇူး ကျေနိုင်ပါသည်။ (အံ၊၁၊၆၃။အံ၊၂၊၃၇)

## အဆုံးအမ မကြိုက်သူ

ရှေးအခါက အဝါရိယအမည်ရှိအမျိုးသမီးတစ်ဦးရှိလေသည် သူ၏ ဖခင်မှာ ခရီးသည်များကိုကမ်းတစ်ဖက်သို့ လှေလှော်ပို့ပေးသူဖြစ် ၏။ ထိုသူသည် လှေဖိုးကို ဒီဘက်ကမ်းတွင်မတောင်း ဟိုဘက် ကမ်းရောက်ခါမှ မတန်တဆတောင်းလေသည်၊ ထို့ကြောင့် ခရီး သည်များနှင့် မကြာခဏပြဿနာတက်လေ့ရှိ၏။ တစ်နေ့သော အခါ ဘုရားလောင်းရသေ့သည် တစ်ဖက်ကမ်းသို့ကူးမည်ပြုရာ ထိုလှေသမားက အရှင်ရသေ့ လှေဖိုးပေးမည်လောဟု မေးလေ သည်၊ အေး..သင့်အတွက် လောကီ လောကုတ်အကျိုးစီးပွား များမည့်တရားစကားတွေပြောပေအံ့ဟု ဆိုလိုက်လေသည်၊ ထို စကားကို လှေပို့သမား နားမလည်ချေ တစ်စုံတစ်ခုပေးမည်ဟုသာ နားလည်လိုက်သဖြင့် ကမ်းတစ်ဖက်သို့ပို့ပေးလေ၏၊ ကမ်းတစ်ဖက် သို့ ရောက်သောအခါ လှေပို့ခတောင်းလေရာ ရသေ့က သင့်ကို ပြောခဲ့သည့်အတိုင်း တရားစကားတွေ ပြောပြပေအံ့၊ သင်သည် ခရီးသည်များကို တစ်ဖက်ကမ်းပို့သောအခါ ဒီဘက်ကမ်းမှာတင် ခရီးသည်များနှင့် ဈေးညှိ၊ ဟိုဘက်ကမ်းရောက်မှ မတန်တဆ မတောင်းလေနှင့်၊ ရွာမှာဖြစ်စေ တောမှာဖြစ်စေ ကုန်းမှာဖြစ်စေ ရေမှာဖြစ်စေ ဒေါသမထွက်နှင့်ဟုဆုံးမလေသည်။ "ဒါ လှေခလား" ဟု မေးရာ ငါ့မှာ လှေခမပါ။ ငါပေးနိုင်သည်ကား တရားပဲဟု အမိန့်ရှိသော် လှေတက်နှင့်ခတ်ပြီး လက်သီးနှင့် ထိုးလေရာ

ရသေ့လဲကျသွားလေသည်။ ထိုအခါ အပေါ်မှဖိ၍ ဆက်ထိုးနေလေသည်။ ထိုအချိန်တွင် ကိုယ်ဝန်အရင့်နှင့် ထမင်းလာပို့သောဇနီးသည်က မင်းဆရာဖြစ်သည် ရသေ့ကို ထိုကဲ့သို့မပြုရန် ဝင်ရောက်တားရာ ဒေါသအရှိန်နှင့် ဇနီးကိုပါ ထိုးကြိတ်ရိုက်နက်ကန်ကျောက်သဖြင့် ထမင်းပန်းကန်တွေလည်းမှောက် ကိုယ်ဝန်လည်းပျက် မင်းပြစ် မင်းဒဏ်လည်း သင့်ရလေတော့သည်။ (ဇာ၊၁၊၁၃၇ )

အခါတစ်ပါး ရှင်မဟာကဿပမထေရ်တွင် တပည့်ရဟန်းနှစ်ပါးရှိလေသည်။ ထိုနှစ်ပါးတွင် တစ်ပါးက ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံ၍ တစ်ပါးမှာမူ ပျင်းရိလေသည်၊ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသောရဟန်းသည် ရှင်မဟာကဿပ ကျိန်းစက်တော်မူရာမှ မထခင် မျက်နှာသစ်ရေ ဒန်ပူစသည် စောစောထပြင်ဆင်၍ ကျောင်းဝင်းကိုလည်း တံမြက်စည်းလှည်းထားလေသည်၊ တစ်ပါးသောရဟန်းသည် စောစောထလေ့မရှိ၊ သို့သော် ရှင်မဟာကဿပမထေရ် ထလာသောအခါ အပြေးအလွှား ဒါမျက်နှာသစ်တော်ရေပါဘုရား၊ ဒါ ဒန်ပူပါဘုရားဟု သူကြိုတင်ပြုလုပ်ထားလေဟန် လောကွတ်လုပ်လေသည်။ ထို့အပြင် တံမြက်စည်းကိုလည်း သူလှည်းထားဟန် ရှင်မဟာကဿပမထေရ်မြင်လောက်ချိန်တွင် တံမြက်စည်းကိုင်၍ ဟိုခတ် ဒီခတ် လုပ်လေသည်၊ နေ့စဉ် ထိုကဲ့သို့ပြုလုပ်နေသည်ကို ဝေယျာဝစ္စ အမှန်တကယ်ပြုသောရဟန်းက မကျေနပ်ပေ။ ဒါ့ကြောင့် နောက်နေ့တွင် မျက်နှာသစ်ရေ မခပ်ဘဲထားလေသည်၊ နောက်နေ့ နံနက်

စောစော ရှင်မဟာကဿပထလာသောအခါ ထိုရဟန်းက ထုံးစံ အတိုင်း ဒါ မျက်နှာသစ်ရေပါဘုရားဟုလျှောက်ထားရာ၊ ရေရှိသည့် အထင်နှင့် အိုးထဲနှိုက်ခပ်လိုက်ရာ အိုး အောက်မျက်နှာပြင်နှင့် ခွက်တို့ခြစ်မိသဖြင့် ခွက်ခြစ်သံထွက်ပေါ်လာလေသည်၊ ထိုကို အကြောင်းပြု၍ ထိုရဟန်းကို ဥဠုက်သဒ္ဒ (ခွက်ခြစ်သံ) ဟုနာ မည်တွင်လေသည်။ ထိုအခါ အဖြစ်အမှန်ကိုသိ၍ ဒီလိုမလုပ် အပ်ကြောင်း သူများပြုထားသော ဝေယျာဝစ္စကို မိမိပြုလုပ်ထား ဟန် မပြုသင့်ကြောင်း စသည် ဆိုဆုံးမလေသည်၊ ထိုကဲ့သို့ဆုံးမ သည်ကို ဥဠုက်သဒ္ဒက မကြိုက်။ သူ့ကိုဆို ဆုံးမရကောင်းလားဟု မကျေမနပ်ဖြစ်ကာ စိတ်ထဲတွင် တေးမှတ်ထားလေသည်၊ တစ်ဖန် ထို ဥဠုက်သဒ္ဒသည် ရှင်မဟာကဿပအား ကြည်ညိုသော ဒကာ ဒကာမများထံသွားပြီး ရှင်မဟာကဿပက ဆီလှူပါ ထောပတ် လှူပါ စသည်ဖြင့် လိမ်ညာအလှူခံ၍ စားသောက်နေပြန်သည်။ ထိုအကြောင်းကို ရှင်မဟာကဿပ သိပြန်သဖြင့် ထပ်မံ ဆုံးမပြန် ရာ မကျေနပ်လွန်းသဖြင့် ရှင်မဟာကဿပ ဆွမ်းခံကြွနေချိန်တွင် ကျောင်းရှိ ပစ္စည်းများကို ထုရိုက်ခွဲပြီး ကျောင်းကိုလည်း မီးနှင့် ရှို့ကာ ထွက်ပြေးသွားလေတော့သည်၊ ထိုအကုသိုလ်ကံကြောင့် မသေခင် လူ့ဘဝတွင်ပင်ပြိတ္တာဖြစ်၍ သေလွန်သော် ငရဲကျရလေ သည်။ (ဇာ၊၄၊၃၊၆၅ )

ဟိမဝန္တာတွင် ငှက်တစ်ကောင်သည် မိုးလုံ လေလုံ အသိုက်ဆောက်၍နေ၏။ မိုးအဆက်မပြတ်ရွာသော နေ့တစ်နေ့ တွင် မျောက်တစ်ကောင်သည် ခိုက်ခိုက်တုန်လျက် မိုးရေထဲတွင်

သစ်ကိုင်းကိုခိုကာနေရရှာသည်။ ငှက် မြင်လေလျှင် အို… မျောက် သင်၏ ဦးခေါင်း လက်ခြေတို့မှာ လူနှင့်တူလျက် အဘယ့်ကြောင့် အိမ်မရှိသနည်းဟုမေး၏။ အို…ငှက် ငါ့မှာ လူကဲ့သို့ ဉာဏ်မရှိပါ။ ထိုအခါ ငှက်က အို..မျောက် ပေါ့ပျက်ပျက် စိတ်မတည်ကြည် မိတ်ဆွေကိုပြစ်မှားတတ်ပြီး သီလမရှိသူမှာ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုမရနိုင်၊ အို..မျောက် သင်သည် မိမိအားကို အသုံးပြုပြီး မိုးလုံလေလုံ အိမ်ဆောက်လုပ်လော့ဟု တိုက်တွန်း၏။ ထိုအခါ မျောက်က မိုးလုံလေလုံထဲနေပြီး ငါ့ကို ဆုံးမနေရကောင်းလားဟု အမျက်ထွက်ခါ ငှက်ကိုဖမ်းရန် ပြေးလာလေသည်။ ငှက်သည် ပျံတက်၍ တစ်နေရာ၌နား၏။ မျောက်သည် အသိုက်ကို မှုန့်မှုန့်ညက်ညက်ကြေအောင် ဖျက်ဆီးပစ်လိုက်လေ၏။ ဤသို့ လျှင် နားထောင်လေ့မရှိသော အမျက်ထွက်တတ်သော သူမိုက်ကို ဆုံးမလျှင် အကျိုးကိုဖျက်ဆီးတတ်သည်သာ။ (ဇာ၊၁၊၁၀၃)

## သစ်ပင်ခုတ်ဖြတ် သတိချပ်

သစ်ပင်ကြီးများကို ခုတ်ဖြတ်လိုပါက ဆိုင်ရာပိုင်ရာကို ပန်ကြား၍ အထူးသတိကြီးစွာဖြင့်ပြုလုပ်သင့်သည်၊ ကိုယ့်သဘောနှင့်ကိုယ် သစ်ပင်ကြီးများ ခုတ်ဖြတ်မိပါက၊ ရှုးနမ်းဘဝပျက် အသက်ဆုံးရှုံး ရသောအဖြစ်အပျက်များ မကြာခဏ ကြားသိ တွေ့မြင်နေရပေ သည်၊ သိပ်မကြာသေးခင်က လူသုံးယောက်သည် အထက်အမိန့် အရဟုဆိုကာ သစ်ပင်ကြီးကို စက်ယန္တယားကြီးများဖြင့် တွန်းထိုး ဖျက်ဆီးမှုကြောင့် သုံးယောက်စလုံး ချက်ချင်းပင် ရောဂါရှာမရဘဲ သေဆုံးသွားခဲ့ရသည်။ မိမိအသိ ပရိယတ္တိစာပေတတ်ကျွမ်းသော

ရဟန်းနှစ်ပါးသည်လည်း သစ်ပင်ကြီးများ ခုတ်ဖြတ်မှုကြောင့် ရက်အနည်းငယ်အတွင်းမှာပင် တစ်ပါးကရှူး၍ တစ်ပါးက ရွာသူရွာသားများနှင့် အချင်းများကာ ရွာမှ ထုတ်ပယ်ခြင်း ခံခဲ့ရလေသည်။ သစ်ပင်ကြီးများ၌ ရုက္ခစိုးနတ် ရှိသည်မှာ သေချာပါသည်၊ ဘုရားဟောကျမ်းဂံများတွင်လည်း အထင်အရှားရှိပါသည်၊ ဘုရားရှင် အာဠဝီပြည် သီတင်းသုံးစဉ်အခါက ရဟန်းတော်များ ကျောင်းတိုက်သန့်ရှင်းရေးလုပ်ကြစဉ် သစ်ပင်ကြီးများကို ကိုယ်တိုင်ဖြတ်ခြင်း သူတစ်ပါးကို ဖြတ်စေခြင်းများ ပြုလုပ်ခဲ့ကြသည်၊ ထိုတွင် ရဟန်းတစ်ပါးသည် သစ်ပင်ကိုဖြတ်ရာ ရုက္ခစိုးနတ်က သူ့ဘုံဗိမာန် မဖျက်ဆီးပါရန် ပြောလေသည်၊ ထိုရဟန်းက ဂရုမစိုက် ဆက်ခုတ်သဖြင့် ရုက္ခစိုးနတ်၏ ကလေးငယ်ရဲ့ လက်မောင်းကို ခုတ်ဖြတ်မိသွားလေသည်။ ထိုအခါ နတ်က ပြင်းစွာ ဒေါသထွက်သဖြင့် ထိုရဟန်းကို သတ်ပစ်မည်ဟုကြံစည်လိုက်သည်။ တဖန် ရဟန်းကို သတ်လို့တော့ သိပ်မသင့်တော်ချေ၊ ဒီအကြောင်း ဘုရားရှင် သွားလျှောက်မှပဲဟု အကြံဖြစ်ပြန်သဖြင့် ဘုရားရှင့်ထံ သွားလျှောက်ထားလေသည်၊ ဘုရားရှင်က ရဟန်းကို မသတ်မိခြင်းမှာ ကံကောင်းလေစွ၊ အကယ်၍ သတ်မိပါက ကြီးစွာသော အကုသိုလ်အပြစ် ရောက်လိမ့်မည်၊ နတ်သား သွားချေ ဤမည်သောသစ်ပင်မှာ ရုက္ခစိုးနတ်မရှိသေး ထိုသစ်ပင်မှာ နေချေလော့ဟု မိန့်ကြားတော်မူပါသည်။ (ဝိ၊၂၊၅၁)

သီဟိုဠ်ကျွန်း ရောဟနဇနပုဒ် မဟာဝိဟာရ၌ မထေရ်ကြီးတစ်ပါးသည် ရဟန်းအပေါင်းအား မပန်ကြားဘဲ ကံ့ကော်ပင်ကြီး

ကို ခုတ်ဖြတ်စေလေသည်၊ ရုက္ခစိုးနတ်သည် မထေရ်ကြီးအား အမျက်ထွက်၍ ရှေးဦးစွာ အိပ်မက်အမှန်တွေဖြင့် ဖြားယောင်းလေသည်၊ ထိုမထေရ်ကြီး အိပ်မက်ရလျှင် မှန်ကန်ကြောင်း နာမည်ကြီးလာသောတနေ့တွင် နတ်ကဤနေ့မှစ နောက် ၇-ရက်မြောက်သောနေ့၌ ဘုရင်ကြီးနတ်ရွာစံမည်ဟု အိပ်မက်ပေးလေသည်၊ မထေရ်က နန်းတွင်းရှိ မောင်းမမိတ်သံတို့အား ထိုအကြောင်း ပြောကြားလေသည်၊ မောင်းမမိတ်သံတို့သည် ထိုမထေရ်ကြီးအိပ်မက်သည် အမြဲမှန်သည်ဟုသိသဖြင့် ပြင်းစွာ ငိုကြွေးကြလေသည်၊ မင်းကြီးကြားသော် အကြောင်းကိုမေးလေရာ အကြောင်းစုံပြောပြကြသဖြင့် ဒါဆို ရက်မှတ်ထားကြဟု ပြောကြားထားလေသည်။ ၇-ရက်မြောက်သောနေ့တွင် ဘုရင်ကြီးနတ်ရွာမစံသဖြင့် ထိုမထေရ်ကြီး၏ လက်ခြေတို့ကို ဖြတ်စေဟု အမိန့်ချမှတ်လိုက်လေသည်။ (သမ္မောဟ၊ ၄၊ ၃၉၀။ သာရတ္ထ၊၂၊ ၃၁၂)

## တောင်းလျှင် မုန်းတတ်သည်

ဘုရားရှင် အာဠဝီပြည်၌ သီတင်းသုံးတော်မူစဉ် ရဟန်းများသည် ကျောင်းများဆောက်ကြလေ၏။ ကျောင်းဆောက်ရာတွင် ဒကာဒကာမများထံမှ သစ် ဝါး စသည်ကို အလှူခံကြ၏။ သစ် ဝါး ခုတ်ရာ ကျောင်းဆောက်ရာတို့၌ လူတို့ကိုခေါ်၍ခိုင်း၏။ လှူပေးပါ တူပေးပါ သံပေးပါစသည် အကြိမ်ကြိမ် တောင်းကြလေ၏။ ကြာသော် လူများ ဒဏ်မခံနိုင်ကြတော့ပေ။ ရဟန်းများမြင်လျှင် လန့်နေကြ၏၊ ရဟန်းများမြင်လျှင် မျက်နှာလွှဲ၍ မမြင်ဟန်ဆောင်နေကြ၏။ အဝေးမှ (ရိုးတိုးရိပ်တိတ်) နွားနီများကို မြင်လျှင်ပင်

ရဟန်းများဟုမှတ်ထင်ကာ ပြေးကြလေတော့၏။ ဤအကြောင်းကို ဘုရားရှင်သိသော် အဋ္ဌိသေနဇာတ်တော်ကို ဟောကြားတော်မူပေ၏။ ဘုရားလောင်း ရသေ့သည် ဟိမဝန္တာမှာ ရှာန်ဖြင့်ကြွ၍ မြို့တွင်းဆွမ်းခံဝင်၏၊မင်းကြီးသည် ကြည်ညို လှ၍ ဆွမ်းပင့်ကပ်ပြီး မိမိဥယျာဉ်တွင် တစ်သက်လုံး သီတင်းသုံးရန်ပင့်၏။ မင်းသည် ရသေ့ကြီးထံ တစ်နေ့သုံးကြိမ်ဖူးမြော်၍ တရားနာ၏၊ မင်းကြီးသည် များစွာကြည်ညိုလှသဖြင့် အရှင်ဘုရား မင်းစည်းစိမ်ကအစ အလိုရှိရာမှန်သမျှ မိန့်တော်မူပါဟု လျှောက်၏။ ရသေ့ကြီးသည် တစုံတစ်ခုမျှ မတောင်းခံချေ၊ တောင်းခံခြင်းမပြုသည်ကို မင်းကြီး က ဘဝင်မကျလှ၊ တစ်နေ့တွင် မင်းကြီးက အရှင်ရသေ့ တပည့် တော်နှင့် သိကျွမ်းခြင်းမရှိသော အခြားသူများပင် လာရောက် တောင်းခံကြပါလျက် ရင်းနှီးသော အရှင်ဘုရားသည် အဘယ့် ကြောင့် တောင်းခံခြင်းမပြုပါသနည်းဟု လျှောက်၏။ ထိုအခါ ရသေ့ကြီးက "မင်းကြီး တောင်းသူကို ပေးရသူက မုန်းတတ်၏၊ တောင်းမိ၍ မပေးပြန်လျှင် တောင်းသူက မပေးသူကို မုန်းတတ်၏။ နှစ်ဦးနှစ်ဖက် အမုန်းထွက်တတ်သောကြောင့် သင်မင်းကြီးကို မတောင်းခြင်းဖြစ်သည် " ဟု မိန့်ကြား၏။ " အရှင်ဘုရား ရသေ့ ရဟန်းတို့သည် တောင်းသင့်ချိန်၌ မတောင်းလျှင် ဒါယကာတို့ ကုသိုလ်ပြုခွင့်မှ ဆုတ်ယုတ်ရ၏၊ အရှင်ဘုရားတို့လည်း လိုအပ် ချက် မပြည့်စုံနိုင်ပါ " ဟုလျှောက်၏။ " မင်းကြီး ပညာရှိတို့သည် မတောင်းကြပါ၊ ပညာရှိသော ဒါယကာတို့သည် အလိုအလျောက် သိတတ်ကြပါသည်။ အရိယာသူတော်ကောင်းတို့သည် (လိုအပ် သည်ကို) ရည်ညွှန်း၍ ရပ်လေ့ရှိကုန်၏။ ဤသို့ ရပ်ခြင်းမှာ အရိယာ

သူတော်ကောင်းတို့၏ တောင်းခြင်းမည်၏" ဟုမိန့်ကြားတော်မူ၏။ မင်းကြီးသည် ကြည်ညိုလှသဖြင့် နွားထီးများနှင့်တကွ နွားမ တစ်ထောင်ကို အလှူခံတော်မူပါဟု လျှောက်ထားပြန်သည်။ " မင်းကြီး ငါကား ရသေ့ ရဟန်းဖြစ်သည်၊ ပလီဗာဇကောင်း၏ " ဟု ဆိုကာ ပယ်လေ၏။ မင်းသည် ရသေ့၏ အဆုံးအမ၌တည်ကာ ကုသိုလ်ကောင်းမှုပြုလျက် သေသော် နတ်ပြည်လားရလေ၏။ (ဇာ၊၅၊၃၊၃၃၁ )

ရှေးအခါက ရဟန်းတစ်ပါး ဟိမဝန္တာအနီး တောအုပ် တစ်ခုမှာ သီတင်းသုံးတော်မူ၏။ ထိုတောအုပ်အနီးတွင် ရေအိုင် ကြီးတစ်အိုင်ရှိသဖြင့် ငှက်များနေထိုင်စားသောက်ပြီး ညဥ့်အခါ၌ အသံဖြင့်ဆူညံကြလေ၏။ တစ်နေ့ ထိုရဟန်းသည် ဘုရားရှင်ထံ သွားရောက်ဖူးမြော်ရာ ဘုရားရှင်က သင့်အရပ်မှာ နေရထိုင်ရတာ အဆင်ပြေရဲ့လားဟုမေးတော်မူ၏။ ထိုအခါရဟန်းက ငှက်အပေါင်း ကြောင့် အဆင်မပြေပါဟုလျှောက်၏၊ ငှက်တို့မလာခြင်းကို အလိုရှိ သလောဟုမေးရာ အလိုရှိပါ၏ဟု လျှောက်လေ၏၊ ဒါဆို ညဥ့် သုံးယာမ်လုံး သုံးကြိမ် အို..ငှက်အပေါင်းတို့ သင်တို့၏ အတောင် တစ်တောင်ဆီ ငါ့ကိုပေးကြလော့ဟု ဆိုချေဟု မိန့်တော်မူ၏၊ ရဟန်းလည်း ထိုအတိုင်းပြုလေ၏။ ငှက်အပေါင်းသည် ရဟန်းက တောင်းချေသည်ဟုဆိုကြကာ ထိုတောမှ ထွက်ခွါ သွားကြလေ သည်၊ ဘယ်တော့မှ ပြန်မလာကြတော့ချေ။ (ဝိ၊၁၊၂၂၂ )

ရှေးအခါက ရသေ့ညီနောင်နစ်ပါးသည် ဂင်္ဂါမြစ်အနီး၌ သီတင်းသုံးကြလေသည်။ ညီငယ်ရသေ့ထံ နဂါးမင်းသည် ကြည်

ညို့သဖြင့်) နေ့စဉ်လာရောက်၍ အခွေဖြင့် ၇-ထပ် ရစ်ပတ်ကာ အပေါ်မှ ပါးပျဉ်းထောင်အုပ်မိုးထားလေသည်။ နဂါးကို ကြောက်လန့်၍ ရသေ့ငယ်သည် အရိုးပြိုင်းပြိုင်းကျ ပိန်ခြုံးသွားလေသည်၊ ထိုအဖြစ်ကို အစ်ကိုရသေ့မြင်သော် ဘာ့ကြောင့် ဤကဲ့သို့ဖြစ်သနည်းမေးရာ ညီငယ်က အဖြစ်မှန်ပြောပြလေသည်၊ ဒါဆို နဂါးမလာခြင်းကိုအလိုရှိသလောဟုမေးရာ အလိုရှိကြောင်း ပြောလေ၏၊ နဂါးထံမှ ကောင်းမြတ်သော တစ်စုံတစ်ခုမြင်သလော၊ မြင်၏၊ ဒါဆို ထိုအရာကိုတောင်းလော့။ ညီငယ်သည် နဂါးလာသော် နဂါး၏လည်ပင်းမှ ပတ္တမြားကိုတောင်းလေ၏၊ နဂါးသည် လှည့်ပြန်သွားလေ၏၊ သုံးကြိမ်မြောက်တောင်းသော် နဂါးက ဤသို့ဆို၏ "အားကောင်းမောင်းသန်လူတစ်ယောက်သည် သွေးထားသောဓားဖြင့် ငါ့ကိုခုတ်သတ်မည်ဟု ခြိမ်းခြောက်သကဲ့သို့ သင်သည် တောင်းခြင်းဖြင့် ငါ့ကိုနှိပ်စက်၏။ သင့် သခ်န်းကျောင်းသို့ ဘယ်တော့မှ မလာတော့ပါ " ဟု ဆိုကာ ထွက်သွားလေ၏။ နဂါးပေါ်မလာသည်မှာ အတော်ကြာချေပြီ၊ နဂါး မလာပြန်တော့လည်း ညီငယ်သည် နဂါးကို မျှော်မိပြန်၏၊ နဂါးကို လွမ်းမိ၏၊ မိမိပြောမိသောစကားကို နောင်တရမိ၏၊ ထိုအခါ အတိုင်းထက်အလွန်အရိုးပြိုင်းပြိုင်းကျ ပိန်ခြုံးလေ၏၊ နောင်တော် ရသေ့မြင်၍မေးသော် "တစုံတစ်ယောက်၏ နှစ်သက်ဆုံးသောအရာကို မတောင်းသင့်မတောင်းထိုက်ချေ၊ အလွန့်အလွန် တောင်းခြင်းကြောင့် မချစ်ခြင်းသို့ ရောက်ပြီ။ ပတ္တမြားတောင်းမိသောကြောင့် အခု နဂါးပြန်မလာတော့ပါ " ဟု ပြန်လည် ပြောကြားလေသည်။ ရဟန်းတို့....
တိရစ္ဆာန်ဖြစ်သောသူသည်ပင် တောင်းခြင်းကို မနှစ်သက်ပါမူ

လူဆိုလျှင် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်းဟု မိန့်ကြားတော်မူသည်။ (၀၊၁၊၂၂၀ )

## ဖိုးသူတော် ဦးန စကားပုံ

ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ရုပ်လှတာကို ပယ်ရမည်၊ ဗုဒ္ဓဆာယာကို တွယ်မှ အေးမြရာသည်၊ ရုပ်လှတာကိုပယ်မှဘေးပကွာသည်။ သေရည်ကို မသောက်နှင့် ရေကြည်ကို မနောက်နှင့်၊ သေရည်ကို သောက်က အပါယ်ဘုံသို့ကျတတ်သည်၊ ရေကြည်ကိုနောက်က အနယ်မှုံတို့ထတတ်သည်။ ထင်တိုင်းလဲနိုပ်၍မဆိုနှင့် ဝင်တိုင်းလဲ သိပ်၍မမျိုနှင့်၊ ထင်တိုင်းနိုပ်၍ဆိုက ရန်အသွယ်သွယ်ပွားတတ်သည်၊ ဝင်တိုင်းသိပ်၍မျိုက အန္တရာယ်များတတ်သည်။ ဂေါဏမံသံကိုလည်းမစားနှင့်၊ ကောဓအခြံအရံကိုလည်း မပွားနှင့်၊ ဂေါဏမံသံကိုစားက မိဘသဖွယ်ဖြစ်ပေသည်၊ ကောဓခြံရံကိုပွားက အထိကရ အပါယ်နစ်ချေမည်။ အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်၊ အယုတ်တရားကိုအလိုရှိက ဘဂဝါဘုရားကို ပယ်ရာကျချေမည်၊ မဟုတ်စကားကိုဆို မိက သမာဓိတရားတို့ ကွယ်ပရလေသည်။ မြူသလိုနှင့် ကလေးကို မစနှင့်၊ လူကိုယုံသဖြင့် အကြွေးကိုမချနှင့်၊ မြူသလိုပုံနှင့် ကလေးကို စကကလေးအမိုက်မို့ ဆဲတတ်သည်၊ လူကိုယုံသဖြင့် အကြွေးကိုချက အရေးမစိုက်သမို့ မွဲတတ်သည်။ အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊ တန်ခိုးနတ်သူ ထမင်းဝလျှင် မကျီစားနှင့်၊ အမျိုးယုတ်သူအဆင်းလှက ရာဂထန်တတ်သည်၊ တန်ခိုးနတ်သူ ထမင်းဝက မာနထန်တတ်သည်။ အဟုတ်အမှန်ကိုလည်းသိမှ၊

အလုပ်အကြံကိုလည်းရှိမှ အဟုတ်အမှန်ကိုသိက သံသရာဘေးပ၍ အနေကျယ်မည်၊ အလုပ်အကြံရှိမှ ဆန်ရှာရေးလှ၍ အခြေတည်မည်။ သူဌေးလိုကြွယ်သော်လည်း မာန်စွယ်မထနှင့်၊ မြွေပွေးကို ငယ်သော်လည်း အလမ္ပာယ်မပြနှင့်၊ သူဌေးလိုကြွယ်သည်ဟု မာန်စွယ်ထက အရှိအသေနည်းလို့ ပြေမှုန်းတတ်သည်၊ မြွေပွေးကို ငယ်သည်ဟု အလမ္ပာယ်ပြက ထိုမြွေခဲ၍ သေဆုံးတတ်သည်။ မတော်ဘဲနှင့် မဝယ်နှင့်၊ မခေါ်ဘဲနှင့် မလည်နှင့်၊ မတော်ဘဲကိုဝယ်လေက အသပြာခနေ ရှုံးတတ်သည်၊ မခေါ်ဘဲကိုလည်ချေက မကြာခဏမုန်းတတ်သည်။ မတော်တာကို မမြည်းမစားနဲ့၊ အဖော်မပါလျှင် ခရီးမသွားနဲ့၊ မတော်တာကို မြည်းစားမိက ဘေးရလို့ ရောဂါပွားတတ်သည်၊ အဖော်မပါဘဲ ခရီးသွားက အရေးမလှသမို့ သောကပွားတတ်သည်။ ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်းအကြွင်းမထားနှင့်၊ ခရီးကို အပြင်းသွားက မှားတတ်သည်၊ မီးကို အကြွင်းထားက ပွားတတ်သည်။ ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်၊ ဆရာပြောသမျှကို အပြီးမှားလေက မုချမှောက်တတ်သည်၊ အနာရောဂါကို ကြီးပွားစေက ဒုက္ခရောက်တတ်သည်။ စကားစကား ပြောဖန်များက စကားထဲက ဇာတိပြ၍ မာနတံခွန်ထူတတ်သည်၊ တရားတရားဟောဖန်များက တရားထဲက ပါဠိရ၍ ဒါနအလွန် လှူတတ်သည်။ အမျိုးမြတ်မှ အရိုးကိုကြံရာသည်၊ တန်ခိုးလျှပ်မှ အဖိုးတန်ပါသည်။

# ရဟန်းတော်များနှင့် ပြောဆိုဆက်ဆံတတ်ရန်

ရဟန်းတော်များနှင့် ပြောဆိုဆက်ဆံရာ၌ မင်း ငါ ကျုပ်ခင်ဗျား ကျွန်တော် ကျွန်မ သမီး စသည်ဖြင့် ပြောဆိုခြင်း မပြုရ၊ မင်း သင် ခင်ဗျားအစား အရှင်ဘုရားဟု ယဉ်ကျေးစွာ ပြောဆိုဆက်ဆံရမည်။ မိမိကိုယ်ကို ပြောလျှင် တပည့်တော် တပည့်တော်မဟုသုံးနှုန်းရမည် (သမီးက သားကဟု မပြောသင့်) ခေါ်ဝေါ်သောအခါမှာလည်း ကိုရင်ဘုရား ဦးပဥ္စင်းဘုရား ဆရာတော်ဘုရား ဘုန်းဘုန်းဘုရားဟု ခေါ်ဝေါ် သုံးနှုန်းရမည်။ ရဟန်းသံဃာများကို ဆွမ်းကပ်ရာ၌ ထမင်းထည့်စားပါဘုရားဟု မလျှောက်ရ။ ဆွမ်းထည့်ဘုဉ်းပေးတော်မူပါဘုရားဟု လျှောက်ရမည် (ထမင်းထည့်စားပါစသည် လူ့အသုံးအနှုန်းနဲ့ပြောမိပါက မိမိရဲ့ နားမလည်မှုကြောင့် ရဟန်းတော်များ အာပတ်သင့်တတ်သည် ဆင်ခြင်ပါ) ရဟန်းသံဃာတော်များကို တစုံတစ်ခုကပ်လှူလိုပါက (ဒူးထောက်သင့်သောနေရာ၌ ဒူးထောက်လျှက်) လက်နှစ်ဖက်နှင့်ကပ်လှူရမည် ရဟန်းတော်များနှင့် ခရီးရင်ဆိုင်တွေ့ပါက လမ်းဘေးတွင် ဖိနပ်ချွတ်ရပ်၍ လက်အုပ်ချီကာ အရိုအသေ ပေးသင့်သည်၊ ဆိုင်ကယ် စက်ဘီးများနှင့်လာပါက ခဏဆင်း၍ ရပ်ပေးသင့်သည် ရဟန်းတော်များရဲ့အရိပ်ကိုမနင်းဘဲ အရိုအသေပေးသောအားဖြင့် ရှောင်ရှား၍ သွားခြင်းသည်လည်း ကောင်းသောအမူအကျင့်ဖြစ်ပါသည်၊ ကျောင်းအတွင်းဝင်ပါကလည်း ကျောင်းနှင့် သံဃာတော်တို့အား အရိုအသေပေးသည့်အနေနှင့် ဖိနပ်ချွတ်သင့်သည်၊ ရဟန်းတော်များ ခရီးသွားနေစဉ် မိမိက စကားပြောလို

ပါက သို့မဟုတ် ဆွမ်းလောင်းလိုပါက ရပ်တော်မူပါဦးဘုရားဟု လျှောက်ထားရမည်။ ဆွမ်းမလောင်းလှူနိုင်ပါက ကန်တော့ဆွမ်း ပါဘုရားဟု လျှောက်ထားရမည်။ မှတ်ချက်= ဆွမ်းစားပွဲကပ်ပြီး ရာ၌ လူကြီး သူမတော်တော် များများက ပန်းကန်တွေ ဇွန်းတွေ သွားမကိုင်နဲ့ မကိုင်ကောင်းဘူး စသည် တားမြစ်လေ့ရှိတာကို မကြာခဏ ကြုံရတတ်ပါသည်။ မကိုင်ကောင်းဘူးဆိုတာ မဟုတ် ပါ၊ စေတနာနဲ့ ပိုအဆင်ပြေသထက်ပြေအောင် (ဆရာတော်ကြီး ကျန်းမာရေး နှင့်သင့်တော်မဲ့ ဟင်းကို ဆရာတော်ကြီးအနီး ရွှေ့ ပြောင်းပေးခြင်းစတဲ့) ပြုပြင်စီမံမှုစသည်မှာအပြစ်မဖြစ်ပါ။ သို့သော် ကိုယ့် သဘောနှင့်ကိုယ် ဟိုရွှေ့ဒီရွှေ့ ခဏ ခဏ မလုပ်သင့်ပါ။

## ရဟန်းသံဃာ အိမ်ကြွလာ များစွာလာဘ်ကောင်းမှန်

၁။ သီလရှိသောရဟန်းသည် အိမ်သို့ကြွသည်ရှိသော် လူတို့မြင်၍ စိတ်ကြည်လင်သောအခါ ထိုအိမ်သည် နတ်ပြည်ရောက်စေတတ် သော အကျင့်ကို ကျင့်သည်မည်၏။

၂။ ခရီးဦးကြိုဆိုကြ ရှိခိုးကြ နေရာထိုင်ခင်းပေးကြသောအခါ ထိုအိမ် သည် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့် သည်မည်၏။

၃။ နေရာထိုင်ခင်းစသည်၌ နမြောတွန့်တိုမှုမရှိ မစ္ဆရိယစိတ် ကင်းကွာသောအခါ ထိုအိမ်သည် တန်ခိုးကြီးစေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

၄။ စွမ်းအားရှိသလောက် ခွဲဝေလှူဒါန်းသောအခါ ထိုအိမ်သည် ဥစ္စာပေါများစေသောအကျင့်ကို ကျင့်သည်မည်၏။

၅။ မသိသည်ကို မေးမြန်းလျှောက်ထား တရားနာယူ မှတ်သားကြသောအခါ ထိုအိမ်သည် အသိပညာကြီးမားစေသော အကျင့်ကို ကျင့်သည်မည်ပေ၏။ ကုလသုတ္တ (အံ၊၂၊၂၁၃။)

## ရဟန်းတော်တို့ မကပ်ရောက်သင့်သော အိမ်

၁။ မြတ်နိုးသဖြင့် ခရီးဦးမကြိုဆိုသော အိမ်

၂။ မြတ်နိုးသဖြင့် ရှိမခိုးသော အိမ်

၃။ မြတ်နိုးသဖြင့် နေရာမပေးသော အိမ်

၄။ ထင်ရှားရှိသောလှူဖွယ်ဝတ္ထုကို ဝှက်ထားတတ်သော အိမ်

၅။ လှူဖွယ်ဝတ္ထုအများအပြားရှိပါလျက် အနည်းငယ်သာ ပေးလှူတတ်သော အိမ်

၆။ ကောင်းမြတ်သောလှူဖွယ်ဝတ္ထုရှိပါလျက် ညံ့ဖျင်းသောလှူဖွယ်ဝတ္ထုကိုသာ ပေးလှူတတ်သော အိမ်

၇။ မရိုမသေပေးလှူသော အိမ်

၈။ တရားနာယူရန် မချဉ်းကပ်သော အိမ်

၉။ ဟောသောတရားကို ကောင်းစွာမနာယူသော အိမ်။ (အံ၊၃၊၁၉၂)

## ရှောင်ရှားရမည့် အပြော

တစ်ခါက ရဟန်းတစ်ပါး ဆွမ်းချိန်ကျလို့ ဆွမ်းအတွက် အိမ်တစ်အိမ်မှာ ဝင်ထိုင်တယ်၊ ထိုအိမ်ရှိ ဒကာမသည် ဆွမ်းကပ်လိုစိတ်မရှိ၊ ထိုရဟန်းကြားအောင် အိုးထဲမှာ ဆန်ကလည်း တစ်စေ့မှမရှိတော့ဘူး စိတ်ညစ်ပါတယ်ဟု ညည်းတွားပြောဆိုလေ၏၊ ယင်းနောက် မလွှဲသာဟန် ဆွမ်းကပ်မည့်အသွင်နှင့် ဆန်ချေးဟန် အခြားအိမ်တွေဘက် ထွက်ခွာသွားလေသည်၊ ထိုအခိုက် ရဟန်းက အိမ်တွင်းရှိ ပစ္စည်းများ လျှောက်ကြည့်လိုက်ရာ တံခါးဒေါင့်မှာ ထောင်ထားတဲ့ကြံ၊ ဆန်အိုးထဲကဆန်၊ ခြင်းတောင်းထဲက ငါးခြောက်ပြား၊ အိုးထဲမှ ထန်းလျက်ခဲ၊ ထောပတ်အိုးထဲမှ ထောပတ်တွေ တွေ့မြင်ပြီး ဟန်မပျက် ပြန်ထိုင်နေလိုက်တယ်၊ အိမ်ရှင်မက ဆန်ချေးလို့လည်း မရဘူး စိတ်ညစ်ပါတယ်ဟုဆိုကာ ညည်းတွားပြီး ပြန်လာတယ်။ ချက်စရာဆန်ကလည်းမရှိ လှူစရာကလည်း ဘာမှမရှိ ဒုက္ခပါပဲဟု ဆက် ညည်းတွားနေလေသည်၊ ထိုအခါ ရဟန်းက ဒကာမကြီး ဒီနေ့အတွက် ဘုန်းကြီး ဆွမ်းမရလောက်ဘူးဆိုတာ လမ်းတုန်းကနဲ့ နိမိတ်ထင်ခဲ့တယ်၊ ဘယ်လိုထင်ခဲ့တာလဲဘုရားဟု မေးသောအခါ၊ လမ်းမှာ မြွေကြီးတစ်ကောင် တွေ့ခဲ့တယ် ဒကာမကြီး၊ ဟုတ်လားဘုရား၊ အဲဒီမြွေကြီးက တော်တော်ကြီးတယ်၊ ဒကာမကြီးအိမ် ဟို...တံခါးကြားထဲထောင်ထားတဲ့ ကြံ

ချောင်းကြီးလောက်ရှိတယ် ဒကာမကြီးဟု ဆိုလိုက်တဲ့ အခါ (အိမ်ရှင်မ အံ့အားသင့်သွားလေသည်)၊ ဒါနဲ့ မြွေကြီး ကို ကျောက်ခဲနဲ့ ပစ်ပေါက်မယ်လို့ ကျောက်ခဲကိုကောက် လိုက်တယ်၊ အဲဒီကျောက်ခဲက ဟို..အိုးထဲက ထန်းဖို ထန်းလျက်ခဲတွေအတိုင်းပဲ မာပြီး တော်တော်ငလေးပါ တယ်၊ (အံ့အားသင့်သွားပြန်သည်)၊ မြွေကြီးကို ကျောက်ခဲနဲ့ထုလို့ စိတ်ဆိုးပြီး ပါးပျဉ်းထောင်လိုက်တာ ဟို..ခြင်းတောင်းထဲက ငါးခြောက်ပြားကြီးအတိုင်းပါပဲဟု ဆိုပြန်လေသည်၊ စိတ်ဆိုးဆိုးနဲ့ ထွက်နေတဲ့ မြွေစွယ် တွေကလည်း ဟို..ဆန်အိုးထဲက ဆန်တွေအတိုင်းပါလား ဒကာမကြီး၊ မြွေပါးစပ်ကထွက်လာတဲ့ အမြှုပ် အဆိပ် တွေကလည်း ဟို.. ထောပတ်အိုးထဲက ထောပတ်တွေ အတိုင်းပဲဒကာမကြီးဟု ပြောလိုက်သောအခါ အိမ်ရှင်မ လည်း ဒီကိုယ်တော်ကို လှည့်စားလို့မရတော့ပါဘူးဟု ဆိုကာ ဆွမ်းချက်ကပ်ပြီး ကြံ ထန်းလျက်စသည် အကုန် လှူလိုက်သောဟူ၏၊ သို့သော် ရဟန်းတို့သည် ထိုကဲ့သို့ ပြုအပ်သော အရိပ် နိမိတ်မျိုးဖြင့်ရလာသော လာဘ် လာဘကို မခံယူအပ်၊ မသုံးဆောင်အပ်ပေ။ လာဘ်လာ ဘအတွက် ထိုကဲ့သို့သော အပြောမျိုးကို သတိထား ရှောင်ရှားရမည်ဖြစ်ပေသည်။ (ဝိသုဒ္ဓိ၊၄၁၊၂၈)

## ဆရာနှင့် ဒကာ

ဂါဟ ဆိုတဲ့ပါဠိဟာ ဖမ်းယူခြင်း စွဲမြဲစွာဆုပ်ကိုင်ခြင်းလို့ အဓိပ္ပာယ်ရသလို မုတ္တဆိုတဲ့ပါဠိကလည်း လွှတ်ခြင်း လွှတ်မြောက်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ထို့ကြောင့် ဂါဟ ဂါဟက=အချင်းချင်းဖမ်းယူကြသူ။ ဂါဟမုတ္တက = ဖမ်းယူသူနှင့် လွှတ်မြောက်သူ။ မုတ္တဂါဟက = လွှတ်မြောက်သူနှင့်ဖမ်းယူသူ။ မုတ္တမုတ္တက=အချင်းချင်း လွှတ်မြောက်ကြသူလို့ အဓိပ္ပာယ်ရပါတယ်။ အရပ်မှာ ဆရာဒကာဆိုတဲ့ အသုံးအနှုန်းနှင့် ဆရာရင်း ဒကာရင်း ဆိုတဲ့ အသုံးအနှုန်းရှိတယ်၊ ဒီအသုံးအနှုန်း ကြားလိုက်သည်နှင့်တပြိုင်နက် ဘုန်းတော်ကြီးနှင့် ပစ္စည်းလေးပါး ဒါယကာဆိုတာ အလွယ်တကူ နားလည်နိုင်ကြပါတယ်။ ဂါဟ ဂါဟကဆိုတာ ရဟန်းကို လူတွေက ပစ္စည်းလေးပါးနဲ့ ဖြားယောင်းပြီး "ဒို့ကိုယ်တော်" ဟု အပိုင်ဖမ်းယူကြသလို ရဟန်းကလည်း လူတွေကို ပန်း သစ်သီးပေးခြင်း စသော လူမှုရေး အကူအညီတွေနဲ့ ဖြားယောင်းပြီး "ငါ့ဒကာ" ဟု ဒကာရင်းအဖြစ် အပိုင်ဖမ်းယူနိုင်အောင် ကြိုးစားခြင်းပါပဲ။ ဂါဟမုတ္တကဆိုတာ လူတွေက ရဟန်းကို ပစ္စည်းလေးပါးဖြင့် ဖြားယောင်းပြီး "ဒို့ကိုယ်တော်" ဟု အပိုင်ဖမ်းယူကြသော်လည်း ရဟန်းကမူ ဒက္ခိဏေယျ (သာသနာနှင့်အပ်စပ်သော မြတ်သောအလှူခံပုဂ္ဂိုလ်) အဖြစ်နဲ့ ရပ်တည်ပါတယ်။ မုတ္တဂါဟကဆိုတာ လူတွေ

က ရဟန်းကို ဒက္ခိဏေယျပုဂ္ဂိုလ်အဖြစ် မှန်ကန်စွာ ကြည်ညိုကိုးကွယ်ကြသော်လည်း ရဟန်းကမူ ပန်း သစ်သီး ပေးခြင်းစသော လူမှုရေးအကူအညီတွေနဲ့ ဖြားယောင်းပြီး ဒကာရင်းအဖြစ် အပိုင်ဖမ်းယူနိုင်အောင်ကြိုးစားခြင်း ဖြစ်တယ်။ မုတ္တ မုတ္တက ဆိုတာက သာသနာနှင့်အပ်စပ်သော မှန်ကန်စွာကြည်ညိုကိုးကွယ်သူနှင့် မှန်ကန်စွာ ကိုးကွယ်ခံသူတို့ပါဘဲ။ မုတ္တ မုတ္တကခေါ် မှန်ကန်စွာကြည်ညိုတတ်သူနှင့် ကြည်ညိုခံသူကို အောက်ပါ အဖြစ်အပျက်ကလေးနဲ့ သိနိုင်တယ်။

စူဠပိဏ္ဍပါတိယတိဿမထေရ်၏ ဥပါသိကာ ဒါယိကာမကြီးသည် မထေရ်အား ၁၂-နှစ်ပတ်လုံး ဆွမ်းဖြင့် ပြုစု လုပ်ကျွေးပါတယ်၊ တစ်နေ့မှာ ဒကာမကြီးရဲ့ရွာ တစ်ရွာလုံး မီးလောင်ကျွမ်းသွားပါတယ်၊ အခြားဒကာ ဒကာမတို့ အိမ်မှာ ဆွမ်းခံကြွတဲ့ ရဟန်းတွေက "ဒကာမကြီး ဘယ်နယ့်လဲ ပစ္စည်းတော်တော်များများ မီးဘေးလွတ်အောင် ဆွဲထုတ်နိုင်ခဲ့ရဲ့လား" စသည် နှုတ်ဆက်စကား အာလာပ သလ္လာပ ပြောကြပါတယ်၊ ရပ်သူ ရွာသား လူအများကလည်း "အမေအိုရဲ့ကိုယ်တော်က ဆွမ်းဘုဉ်းပေးချိန်ကျမှ ကြွလာပါလိမ့်မယ်တော်" ဟု ရိသဲ့သဲ့ပြောကြလေသည်။ မထေရ်လည်း နောက်နေ့ ထုံးစံအတိုင်း သပိတ်ပိုက်လျက် ကြွလာပါသည်၊ ဒကာမကြီးက စပါးကျီရဲ့အရိပ်မှာ နေရာထိုင်ခင်းပေးပြီး မီးဘေး

သင့်ထားတဲ့ကြားကဖြစ်အောင် ကြိုးစား ဆွမ်းကပ်လှူပါတယ်၊ မထေရ်က ဆွမ်းကိစ္စပြီးလို့ ပြန်ကြွသွားတဲ့အခါ လူအများက " ဒို့အမေရဲ့ ဆွမ်းခံကိုယ်တော်ကတော့ စံပါပဲတော်" ဟု ပြောကြပြန်လေသည်။ ထိုအခါ ဒကာမကြီးက "သင်တို့ရဲ့ ဆွမ်းခံကိုယ်တော်တွေက သင်တို့နဲ့ တန်ပါပေတယ်၊ ငါ့ရဲ့ ဆွမ်းခံကိုယ်တော်က ငါနဲ့ တန်ပါပေတယ်" လို့ ပြောလိုက်ပါတယ်။ (ပဏ္ဏ၊၄၂၊ ၅၂)

ဒကာမကြီးရဲ့စကားနဲ့ မထေရ်ရဲ့လုပ်ရပ်တို့ဟာ အလွန်လေးနက်လှပါတယ်၊ ဒကာမကြီး အဆင်ပြေရဲ့လားစတဲ့ ဂေဟာသိတပေမဖြင့်ပင် ဘာစကားမှမမေးဘဲနေတဲ့ ရဟန်းရဲ့သိက္ခာကိုလည်း သာမန်လူတို့နားလည်ရန် အတော်ခက်ပါတယ်၊ ဒကာမကြီးကလည်း အစစ်အမှန် ကြည်ညိုတတ်သူမို့ တော်ပေသေး၊ ပညာနဲတဲ့သူဆိုပါလျှင် ဒီလောက် အလိုက်ကမ်းဆိုးမသိတဲ့ ကိုယ်တော်မျိုး ဘဝဆက်တိုင်း မတွေ့ပါရစေနဲ့တော်ဟု ရေရွတ်လျက် အမျက်ထွက်နေကြမည်မှာ သေချာသည်။ မြို့ကြီးပြကြီးတွေမှာ မီးလောင်ပြီဆိုလျှင် ရဟန်းသံဃာများက သနားငဲ့ညှာ မေတ္တာစိတ်များဖြင့် ဝိုင်းဝန်းကူညီတတ်ကြတယ်။ ရဟန်းတွေ ကူညီလို့ အတော်အတန် အဆင်ပြေသွားကြသော ဒကာ ဒကာမတို့သည် တော်ပေသေးလို့ ဦးဇင်းတွေ ကူညီလို့သာပဟုဆိုကာ ကျေးဇူးတင်စိတ်ဖြင့် ဦးဇင်းတွေကို ခါတိုင်းထက် စေတနာပိုလာတတ်ကြ

သည်၊ ထိုကဲ့သို့ ကျေးဇူးတင်စိတ်ဖြင့် ပိုလာသော စေတနာတို့သည် စစ်မှန်သော ကုသိုလ်စိတ်ကို အရောင်မှိန်သွားစေနိုင်သည်။ ဒီအချက်ကိုတော့ အတော့အတန်လူတို့ သတိပြုမိနိုင်ကြလိမ့်မည် မဟုတ်ချေ။ စူဠပိဏ္ဍပါတိယ တိဿမထေရ်နှင့် သူ့ဒကာမကြီးတို့လို ဆရာဒကာဖြစ်အောင် ကြိုးစားသင့်ကြလှပေသည်။

## ရင်းနှီးမှု ဖြတ်တောက်

တစ်ခါက ဝသာဠနဂရဂါမရွာမှာ စူဠနာဂထေရ်နှင့် မဟာနာဂထေရ်အမည်ရှိ ညီနောင်နှစ်ပါးရှိခဲ့ဘူးပါတယ် သူတို့ဟာ မိခင်နှင့်ရွာကိုခွဲခွာခဲ့ကြကာ စိတ္တာလတောင်မှာ အနှစ် ၃၀-ပတ်လုံးနေပြီး ရဟန္တာဖြစ်သွားကြပါတယ်၊ တစ်နေ့ မယ်တော်ကိုပြန်တွေ့ကြမယ်ဟုဆိုကာ ရွာကျောင်းပြန်လာခဲ့ကြတယ်၊နောက်တစ်နေ့ မယ်တော့အိမ်ဆွမ်းခံ ကြွကြတယ်၊ မယ်တော်ကလည်း အဲဒီညီနောင်နှစ်ပါးအတွက် ယောက်ချိုနဲ့ ယာဂုကိုခတ်ယူကာ တစ်ပါးရဲ့သပိတ်ထဲ လောင်းထည့်လိုက်တယ်၊ လောင်းစဉ်မှာ ရဟန်းကိုကြည့် ပြီး မိခင်ရဲ့ သားအပေါ်မှာချစ်ခင်မှုဖြစ်လာတယ် (သတိရလာတယ်)၊ အဲဒီအခါ ရှေ့က

မထေရ်ကိုမေးတယ် " ချစ်သား သင်ဟာ ငါ့ရဲ့သား မဟာနာဂမဟုတ်လား" မထေရ်က ဒကာမကြီး နောက်က ကိုယ်တော်ကို မေးပါလို့ပြောပြီး ထွက်ခွာသွားတယ်၊ နောက်မထေရ်ကိုလည်း ယာဂုလောင်းပြီး မေးတယ်၊ "ချစ်သား သင်ဟာ ငါ့ရဲ့သား စူဠနာဂ မဟုတ်လား" မထေရ်က ဒကာမကြီး ရှေ့ကကိုယ်တော်ကို မမေးလိုက်ဘူးလားဟုဆိုကာ ထွက်ခွာသွားပါတယ်။ အဲဒီနည်းနဲ့ မယ်တော့်ကိုတောင် ရင်းနှီးမှု ဖြတ်တောက်ပစ်ကြတယ်။ (သံ၊၄၊၂၊၁၅၅)

## လယ်တီဆရာတော်ဘုရားကြီး၏ သံဝေဂ တေးထပ်

ငါးအာရုံဘင်အစ ခင်မှုနင့်နေ့ကုန် နင်ယခုမေ့ပုံလို တွေမကြုံစခန်း ပါယ်လေးဝသောကဘုံမှာ မျောရရုံရှိတော့ခမန်း အောက်ဝီစိသောင်းအင္ဂူမှာ ခေါင်းမပြူစတမ်း နစ်အရှည်နစ်မည့်လမ်းကိုလ နင်မျှော်စမ်းနင့်ကိုယ် ဒေသနာ ထင်အလင်းရယ်နင့် နင် အဖျင်းပိုထက်သာပို သည်လောဘ စရိုက်အိုကို မလိုက်လိုရှောင်ပစ်လို့. နောင်အသစ်တကယ်ပြင်လျှင် ကောင်းဘို့အစဉ် ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင် အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား ခွင့်သာဆဲကမှမခဲချင်လျှင် အလွဲနင့်ပြင်ရှိသေးလေလိမ့် လား ခွင့်သာတုန်းကမှ မရုန်းချင်လျှင် အရှုံးနင့်ပြင် ရှိသေးလေလိမ့်လား။

# လယ်တီဆရာတော်ကြီး တပည့်မောင်ဩဇာအား ဆုံးမသည့် ဩဝါဒတေးထပ်

ပစ္စည်းရှာအလုပ်နှင့် နေ့ပုပ်လို့ ရက်ဟုန်၊ နှစ်မြောလို့ အသက်ကုန်တယ် တွက်ပုံဖြင့်မကောင်း ခုလိုနှင့်သံသာတွေမှာ ခန္ဓာဟွေများခဲ့စတောင်း သက်မွေးမှုစခန်းပိုအောင် ဝမ်းကိုသာနင်ကြောင်း လေးဆယ်ကျော်အရွယ်နှောင်းကာမှ သူကြွယ်လောင်း လုပ်ချင်မိုးကုန်ပြီ ထွန်မချချင်နှင့် ရွံ့စရာ့မှားဘို့ဖြစ်အင်၊ နွားအိုကြီး အမော့သင်သလို မလျှော့လျှင် ဘဝဆုံးရှာတော့ အစတုံး နင့်အဆင်လွဲဘို့သာပြင် တရားသို့မသက်ဝင်လျှင် အခက်နင်ကြုံတွေ့ဘို့လေး.....။

## မိုးညှင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ

၁။ အခြွေအရံ လင်မယား သမီးသားနှင့် စီးပွါးအာရုံ ကာမဂုဏ်တို့ကား ကွဲဘို့နှင့် မွဲဘို့အစစ်တည်း။

၂။ ဒါန သီလနှင့် တုပကင်းကွာ ဘာဝနာတို့ကား အစဉ်ထာဝရ ကောင်းဘို့ နှင့် ပေါင်းဘို့တည်း။

၃။ အခြွေအရံ လင်မယား သမီးသားနှင့် စီးပွါးအာရုံ ကာမဂုဏ်တို့ကား ဘုံပိုင်အစစ်တည်း။

၄။ ဒါန သီလနှင့် တုပကင်းကွာ ဘာဝနာတို့ကား အစဉ်ထာဝရ သုံးစွဲကြဘို့ ကိုယ်ပိုင်အစစ်တရားတည်း။

## လူတန်စားကွဲပြားရခြင်း၏ အကြောင်း

၁။ သူများအသက်သတ်သည့်တွက် အသက်ကိုယ့်မှာတို၊
မသတ်ရှောင်ရှား ထိုသူများ ရှည်လျား အသက်ကို။
၂။ နှိပ်စက်ကလူ ညှင်းဆဲသူ ပြောထူရောဂါဆို၊
သနားစိတ်သွင်း မနှိမ်နင်းကင်းရှင်းရောဂါကို။
၃။ ပြင်းထန်ဒေါသ ကြီးတတ်က အလှပျက်မည်ဆို၊
ဒေါသ ကင်းစင် မေတ္တာယှဉ် ကြည်လင်လှသကို။
၄။ မနာလိုပြန် ဣဿာထန် ခြံရံကင်းမည်ဆို၊
ဣဿာမထား ဝမ်းမြောက်ပြား ပေါ်များခြွေရံကို။
၅။ မလှူမဒါန်း မပေးကမ်း ခြောက်ခန်းဥစ္စာကို၊
စွန့်ကြဲလေ့တုံ ပြုပါကုန် ကုံလုံကြွယ်ဝလို။
၆။ မာန်မာနကြွယ် ထိုသူဝယ် မျိုးနွယ်ညံ့မည်ဆို၊
ထိုက်သူရိုကြိုး မာန်ကိုချိုး အမျိုးမြတ်သကို။
၇။ သိဖွယ်ဟူသမျှ မမေးက ဖျင်း အ ပညာဆို၊
ကြားမြင်များအောင် မေးလေ့ဆောင် ခနောင်တတ်သိလို။

### အပါယ်လားကြောင်း အလှူ (၁၀) မျိုး

၁။ မဇ္ဇဒါန = အရက် မူးယစ်ဆေးဝါး အလှူ၊
၂။ သမဇ္ဇဒါန = ဇာတ်ပွဲ အငြိမ့် ရုပ်သေး အလှူ၊
၃။ ဣတ္ထိဒါန = မိန်းမ အလှူ၊
၄။ ဥသဘဒါန= နွားမများအလယ် နွားထီးလွှတ်သော အလှူ၊

၅။ စိတ္တကမ္မဒါန= ကာမစိတ်ဖြစ်စေရန် ရုပ်ပုံ ပန်းချီကား အလှူ
၆။ သတ္တဒါန= သတ်ဖြတ်ညှင်းဆဲရန် ဒုက် ဒါး အလှူ
၇။ ဝိသဒါန= အဆိပ် အလှူ။
၈။ သခ်လိကဒါန= လက်ထိတ် ထိတ်တုံး၊သံခြေကျဉ်း အလှူ
၉။ ကုက္ကုဋ္ဌ သူကရဒါန= သတ်ဖြတ်စားသောက်ရန် ကြက် ဝက် အလှူ
၁၀။ တုလာကူဋ္ဌ မာနကူဋ္ဌ=ရောင်းဝယ်ရာ၌ စဉ်းလဲကောက်ကျစ်ရန် မမှန်ကန်သော အလေး တင်း တောင်း ချိန်ခွင် အလှူ။ (မိလိန္ဒပဉှာ)

## ဥပါသကတို့ မရောင်းကောင်းသော ပစ္စည်းငါးမျိုး

၁။ သတ္တဝဏိဇ္ဇာ = အများသေစေကြောင်း လေး မြားစသော လက်နက်အမျိုးမျိုး
၂။ သတ္တဝဏိဇ္ဇာ = လူ ဆင် မြင်း ကျွဲ နွားစသော အစေခံ သတ္တဝါများ
၃။ မံသဝဏိဇ္ဇာ = ကြက် ဝက် ဆိပ် သိုးစသော အသားစားကြောင်းသတ္တဝါများ
၄။ မဇ္ဇဝဏိဇ္ဇ = အရက်အမျိုးမျိုး
၅။ ဝိသဝဏိဇ္ဇာ = အဆိပ်အမျိုးမျိုး

# အမြဲဆင်ခြင်နေရမည့် တရား

ငါသည် အိုခြင်းသဘောရှိ၏ မလွဲမသွေ အိုရမည်။ ငါသည် နာဖျားခြင်းသဘောရှိ၏ မလွဲမသွေနာဖျားရမည်။ ငါသည် သေခြင်းသဘောရှိ၏ မလွဲမသွေ သေရမည်။ ငါသည် ချစ်ခင်မြတ်နိုးသူတွေ ပိုင်ဆိုင်မှုဥစ္စာတွေနဲ့ ခွဲခွါရခြင်းသဘောရှိ၏ ထိုအရာတွေနဲ့ မလွဲမသွေ ခွဲခွာရမည်။ ငါသည် ကံသာ ကိုယ်ပိုင်ဥစ္စာရှိ၏ ကံသာ အမွေခံမှာဖြစ်၏၊ ကံသာ တကယ့်ဆွေမျိုးဖြစ်၏၊ ကံကိုသာ အားကိုးရမှာဖြစ်၏၊ ကောင်းတာလုပ်ရင် ကောင်းကျိုးရ၍ မကောင်းတာလုပ်ရင် မကောင်းကျိုးရမှာဖြစ်၏ဟု အမြဲနှလုံးသွင်း နေရမည်ဖြစ်သည်။ (ဘာ့ကြောင့် အိုခြင်းသဘောရှိ၏ စသည် နှလုံးသွင်းနေရသနည်းဆိုသော် နပျိုသောသူသည် ငါငယ်ပါ သေးတယ်ဟု နှလုံးပိုက်ပြီး ကာယကံ ဝစီကံ မနောကံတွေနဲ့ ဒုစရိုက်များပြုလုပ်နေမိလိမ့်မည်၊ အထက်ပါအတိုင်း ဆင်ခြင်နေပါက မကောင်းမှုများလုံးဝမလုပ်မိတော့ခြင်း သို့မဟုတ် အနည်းငယ်မျှသာ ပြုလုပ်ဖြစ်တော့မှာ ဖြစ်ပါသည်။ ထို့အတူ ငါ ကျန်းမာရေး ကောင်းပါသေးတယ်၊ ငါတော်တော်နဲ့ မသေနိုင်သေးပါဘူး စသည်ဖြင့်နှလုံးပိုက်ပြီး မကောင်းမှုများပြုလုပ်နေမိပါလိမ့်မည်။ ထိုသို့ မပြုလုပ်မိရန် အထက်ပါအတိုင်း အမြဲဆင်ခြင်နေဖို့ ဘုရားရှင်မိန့်ကြားခြင်းဖြစ်ပါသည်။)

တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်း တောက်လျှက် နဂါးစက်၊ သုံးထောင်သချာ ဟောမဝန္တာမှာ အာဏာစိုးလျှက် သီဟစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံ ကြားက ဘေးများမြင်မှု မကောင်းမှုကို ဝေးကကြည်ရှောင် အောင်စေတတ်သည် မြတ်သည့်ပညာ ဆရာတည်း ဩော်င်း... နမော ဗုဒ္ဓါနုဘာဝေန ဩော်င်း... နမော ဓမ္မာနုဘာဝေန ဩော်င်း... နမော သံဃာနုဘာဝေန ဩော်င်း...နမော ဒူရေ.. ဒူရေ.. သွား.. ဟုံဟုံ....။

(၁၈ ချက်သံဃစက်အရ အရိယာသံဃာရှစ်ပါး သမုတိသံဃာ တစ်ပါး၊ပေါင်းသံဃာ၉-ပါးနှင့် သံဃာ့ဂုဏ်တော် ၉-ပါး၊ ပေါင်း ၁၈ပါး ဖြစ်ပါသည်။ ၁၄-ချက်ဓမ္မစက် အရ မဂ်တရား၄-ပါး ဖိုလ် တရား ၄-ပါးနှင့် တရားဂုဏ်တော် ၆-ပါး ပေါင်း ၁၄-ပါး ဖြစ်ပါ သည်။)

## ဗျည်း ( ၃၃ ) လုံး ဘုရားရှိခိုး

ဘုန်းတော်အနန္တ စံမရသည့် အနန္တစကြဝဠာ အောက်ရွာထက်ရပ် ခြောက်ထပ်တသွယ် နှစ်ဆယ်ပြဟ္မာ သတ္တာဝါလူနတ် အများ ဖူးမျှော် အပူဇော် ခံတော်မူထိုက်ပေသော သုံးလောက ဦးနိမ် မာရဇိန်ထွင်နှထား မြတ်ဘုရားကို အက္ခရာ ဧကမေကဋ္ဌ ဗုဒ္ဓရုပ် သမံသီယာ ကျန်းဂန်ပါဠိ လာရှိသည်နှင့်အညီ......... က- ဟူသည် ကား ကိလေသာမာန်ကို အောင်တော်မူသော မြတ်စွာဘုရား။ ခ- ဟူသည်ကား ခန္ဓမာန်ကို အောင်တော်မူသော မြတ်စွာဘုရား။

## လှူဒါန်းဘွယ်ရာပစ္စည်း၌ ဆင်ခြင်ပုံ

လယ် ယာ ရွှေ ငွေစသော ကိုယ်ပိုင်ပစ္စည်းတို့၌ တပ်မက်ခင်တွယ်သောစိတ်ရှိသူတို့သည် ယင်းပစ္စည်းတို့မှာ ဝတ္ထုကာမဖြစ်သဖြင့် များစွာလိုလားတောင့်တအပ်သော ပစ္စည်းများဖြစ်ခြင်းမင်း ခိုးသူစသောရန်သူတို့နှင့် ဆက်ဆံခြင်း ငြင်းခုံခြင်း၏အကြောင်းဖြစ်ခြင်း ခိုက်ရန်ပြုနိုင်ခြင်း အနှစ်မဲ့ခြင်း ရရှိ စောင့်ရှောက်ရေးတို့၌ သူတစ်ပါးကို ညှဉ်းဆဲမှုဖြစ်မည်ဆိုလျှင် ညှဉ်းဆဲရခြင်း၏အကြောင်းဖြစ်ခြင်း ယင်းပစ္စည်းများ ပျက်စီးခဲ့သော်စိုးရိမ်ပူဆွေးရခြင်းစသော ဆင်းရဲအမျိုးမျိုးတို့နှင့်ရင်ဆိုင်တွေ့ရခြင်းပစ္စည်းဝတ္ထု၌ တပ်မက်မှုကြောင့် မစွန့်ရစိတ်ရှိသူတို့မှာ အပါယ်သို့လားရောက်နိုင်ခြင်းစသည်ဖြင့် ကိုယ်ပိုင်ဝတ္ထု ပစ္စည်းအစုစုတို့သည် အကျိုးမဲ့ အမျိုးမျိုးကိုသာ ဆောင်နိုင်ကုန်၏ ယင်းဝတ္ထုတို့ကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းတစ်ခုတည်းသည်သာ ချမ်းသာကြောင်းအမှန်ဖြစ်ပေသည်ဟု နှလုံးသွင်းဆင်ခြင်၍ ပေးလှူမှု၌မမေ့မလျော့အောင် ပြုလုပ်သင့်၏။ စရိယာ၊ ဋ္ဌ၊၂၃၈။

## အလှူခံပုဂ္ဂိုလ်ကို ကျေးဇူးတင်သင့်

အလှူခံပုဂ္ဂိုလ် တောင်းခံလာသည်ရှိသော် ဤသူကား မိမိ၏လျှို့ဝှက်ဖွယ် ကိုယ်ရေးကိုယ်တာအကြောင်းအရာကို ထုတ်ဖော်ပြောကြားလာသည့်အတွက် ငါ့အား အလွန် ချစ်ကျွမ်းဝင်သူပါတကားဟူ၍လည်းကောင်း။ စွန့်ပစ်သွားရမည့် မိမိပစ္စည်းကိုတမလွန်လောက နောက်ဘဝသို့ပါအောင် ယူဆောင်၍သွားပါ

လေ..ဟု ငှါအား နည်းကောင်းလမ်းမှန်ကို ညွှန်ပြတတ်သူပါ တကား ဟူ၍လည်းကောင်း။ မီးလောင်နေသောအိမ်ကြီးကဲ့သို့ မရဏမီး ညီးညီးပြောင်ပြောင် တောက်လောင်နေသော လောက ကြီးထဲမှ ငှါပစ္စည်းကို မီးဘေးလွတ်အောင် ထုတ်ဆောင်တတ် သော မိတ်ဆွေစစ်ကြီးပါတကားဟူ၍လည်းကောင်း။ ထုတ်ဆောင် ထားသော ပစ္စည်းဝတ္ထုကိုမီး မလောင်ရအောင် သိမ်းဆည်းထားရာ အရပ်သဖွယ်ဖြစ်ပါတကား ဟူ၍လည်းကောင်း။ ဒါနကောင်းမှု၌ အဖော်သဟဲဖြစ်သဖြင့် မိတ်ကောင်း ဆွေကောင်းအစစ်ပါတကား ဟူ၍လည်းကောင်း နှလုံးသွင်းဆင်ခြင်ကာ ကျေးဇူးတင်လျက် လှူဒါန်းရာ၏။ (စရိယာ၊ဋ္ဌ၊ ၂၈၃။)

## အသက်ရှည်စေနိုင်သော ကုသိုလ်

သီဟိုဠ်ကျွန်း ဝသဘမင်းကြီးအုပ်စိုးစဉ် ပုရောဟိတ်ပုဏ္ဏားကြီး များအား မင်းသက်မည်မျှရှည်မည်နည်းဟု တွက်ချက်ခိုင်းရာ ၁၂- နှစ် ရှည်မည်ဖြစ်ကြောင်း အဖြေကို လျှောက်တင်ကြလေသည်၊ မင်းကြီးသည် ထိုအဖြေကိုဘယ်သူ့မှမပြောရန်ပိတ်ထားပြီး ရဟန်း တော်များထံချဉ်းကပ်၍ အသက်ရှည်ရာရှည်ကြောင်း ကောင်းမှု များကို မိန့်ကြားတော်မူရန် လျှောက်ထားလေသည် ရဟန်း တော်များမိန့်ကြားသည့်အတိုင်းလိုက်နာကျင့်သုံးရာ မင်းသက် ၄၂- နှစ်ကြာစံခဲ့ရလေသည်။ အသက်ရှည်စေကြောင်း ကုသိုလ်များမှာ ၁။ ရေစစ်အလှူ ၂။ ဆေးအလှူ ၃။ကျောင်းအလှူ ၄။ဟောင်း နွမ်းသော ကျောင်းအိုဇရပ်အို စေတီဟောင်းများကို ပြုပြင်အလှူ

၅။ အမြင်ငါးပါးသီလ ၆။ ရန်ဖန်ရံခါ ရှစ်ပါးသီလဆောက်တည်ကုသိုလ်တို့ဖြစ်သည်။

## အနန္တသူရိယအမတ်ကြီး၏ အမျက်ဖြေလင်္ကာ

၁။ သူတည်းတယောက် ကောင်းဘို့ရောက်မူ၊
သူတယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း။

၂။ ရွှေအိမ်နန်းနဲ့ ကြငှန်းလဲခံ မတ်ပေါင်းရံလျက် ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ မင်းချမ်းသာကား သမုဒ္ဒရာ ရေမျက်နှာထက်၊
ခဏတက်သည့် ရေပွက်ပမာ တသက်လျာတည်း။

၃။ ကြင်နာသနား ငါ့အားမသတ် ယခုလွှတ်လည် မလွတ်ကြမ္မာ
လူတကာတို့ ခန္ဓာနိုင်ကြည် အတည်မမြဲ
ဖောက်လွဲတတ်သည်၊ မချွတ်စသာ သတ္တဝါတည်း။

၄။ ရှိခိုးကော်ရော် ပူဇော်အကျွန် ပန်ခဲ့တုန်၏ ခိုက်ကြုံဝိပါက်
သံသာစက်၌ ကြုံလတ်တုံမူ တုံ့မယူလို ကြည်ညိုစိတ်သံ၊
သခင်မွန်ကို ချန်ဘိစင်စစ် အပြစ်မဲ့ရေး ခွင့်လွှတ်ပေး၏
သွေးသည်အနိစ္စာ ငါ့ခန္ဓာတည်း။

## ဥဩသည်

လာတုံးကလဲ တစ်ယောက်ထဲနော်၊ လက်တွဲခေါ်ကာ ဖော်မပါဘူး၊
ဥစ္စာချည်းနီး ကိုယ်ထီးတည်း။
ပြန်သွားတော့လဲ တစ်ယောက်ထဲနော်၊ လက်တွဲခေါ်ကာ
ဖေါ်မပါဘူး၊ ဥစ္စာချည်းနီး ကိုယ်ထီးတည်း။

လာပြီးတော့နား မသွားသေးခင် ချိန်လေးတွင်မှ၊
ဝန်းကျင်ယှက်နွယ်၊ နှောင်ကြိုးတွယ်ကြ၊ ပြုံး ရယ် မဲ့ ငို၊ ချစ်
မုန်းပိုကြ၊ မလို ဒေါသ၊ လို လောဘနှင့်၊ ဘဝရိပ်မြုံ ကကြိုးစုံခဲ့၊
ကံကုန်မိုးချုပ်၊ လက်တွဲဖြုတ်ကာ၊ သုပ်သုပ်ဆောလျှင်၊
ခရီးနှင်သည်၊ ဒို့လျှင် ဧည့်သည်ပါတကား။

## သင်သေသွားသော်

ဩော်……

လူ့ပြည်လောက လူ့ဘဝကား အိုရ နာရ သေရဦးမည်
မုန်ပေသည်တည်း။

သို့တပြီးကား….သင်သေသွားသော် သင်ဖွားသောမြေ
သင်တို့ မြေသည် အခြေတိုးမြင့် ကျန်ကောင်းသင့်၏၊
သင်၏မျိုးသား စာစကားလည်း ကြီးပွါးတက်မြင့်
ကျန်ကောင်းသင့်၏၊

သင်ဦးချ၍ အမျှဝေရာ စေတီသာနှင့် သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း ပြောင်လျှက် ဝင်းလျှက်
ကျန်စေသတည်း။ (ဆရာ ဇော်ဂျီ)

## တားမရဘူး

တစ်နေကွယ် သေနယ်သို့တစ်ခါကူး
မေ့လျော့ကာ သေဘူးမထင်လိုက်ပါနဲ့
နေကွယ်တာ အကြိမ်များရင်ဖြင့်
သေနယ်ရွာ တစ်ချိန်သွားရမယ်..ကွယ်......တားမရဘူး။

## သံဝေဂ လင်္ကာ

ရုပ် နာမ် ဓမ္မ သင်္ခါရတို့၊ ကိုယ်ကဏ္ဍပုံ ဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ သူတနဲဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မျှော်ထောက်ရှု၍....ယခုပင်လျှင်၊ မဒိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြီးစားပြုလော့။ ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြီးစားပြုလော့။ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြီးစားပြုလော့။ ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေပိန့်ငှါဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစ်စက်ကမှ၊ မရှိကြဘူး၊ အပ္ပမာဒေန ဘိက္ခဝေ သမ္ပါဒေထ ဘုရားစကား လိုက်နာကြားသည်၊ တရားလက်မလွှတ်စေနှင့်။

(မင်းကွန်း တိပိဋကဆရာတော်)

# ရှင် ရဟန်းမပြုထိုက်သူ (၃၂) ယောက်

၁။ လက်ပြတ်သူ
၂။ ခြေပြတ်သူ
၃။ လက် ခြေပြတ်သူ
၄။ နားပြတ်သူ
၅။ နှာခေါင်းပြတ်သူ
၆။ နား နှခေါင်းပြတ်သူ
၇။ ခြေချောင်း လက်ချောင်းပြတ်သူ
၈။ ခြေမ လက်မပြတ်သူ
၉။ အကြောပြတ်သူ
၁၀။ ခြေချောင်း လက်ချောင်း ပူးနေသူ
၁၁။ ခါးကုန်းသူ
၁၂။ ပုကွသူ
၁၃။ လည်ပင်းကြီးနာရှိသူ
၁၄။ သံပူဖြင့်တံဆိပ်ကပ်ခံရသူ
၁၅။ ကြိမ်ဒဏ်ပေးခံထားရသူ
၁၆။ သတ်ရန်ဝရမ်းထုတ် ခံထားရသူ
၁၇။ ခြေထိုင်းသူ
၁၈။ အနာကြီးရောဂါရှိသူ
၁၉။ ပရိသတ်ကိုဖျက်ဆီးသူ
၂၀။ မျက်စိတစ်ဖက်ကန်းသူ
၂၁။ ခြေလက်ကောက်သူ
၂၂။ ခြေခွင်သူ
၂၃။ ကိုယ်တစ်ခြမ်းသေသူ
၂၄။ ဆွံ့ အ သူ
၂၅။ အိုမင်းမစွမ်းသူ
၂၆။ မျက် စိနှစ်ဖက်ကန်းသူ
၂၇။ အ သူ
၂၈။ နားပင်းသူ
၂၉။ ကန်းလည်းကန်း၊ အလည်းအသူ
၃၀။ ကန်းလည်းကန်း နားလည်းပင်းသူ
၃၁။ အလည်းအ နားလည်းပင်းသူ
၃၂။ ကန်း အ နားပင်းသူ။

# သဗ္ဗမင်္ဂလဂါထာ

**ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိ စန္ဒိမာ။**
**သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီတပသိ ဗြာဟ္မဏော။**
**အထ သဗ္ဗမဟောရတ္တိံ ၊ ဗုဒ္ဓေါ တပတိ တေဇသာ။**

အနက် = အာဒိစ္စော၊ နေမင်းသည်။ ဒိဝါ၊ နေ့အခါ၌သာလျှင်၊ တပတိ၊ ထွန်းလင်းတောက်ပ၏။ စန္ဒိမာ၊ လမင်းသည်။ ရတ္တိံ၊ ညဥ့်အခါ၌သာလျှင်၊ အာဘာတိ၊ ထွန်းလင်းတောက်ပနိုင်ပေ၏။ ခတ္တိယော၊ ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ မင်းမြောက်တန်ဆာကို ဝတ်ဆင်မှသာလျှင်။ တပတိ၊ ထွန်းလင်းတောက်ပနိုင်ပေ၏။ ဗြာဟ္မဏော၊ ရဟန္တာ အရှင်မြတ်သည်။ ဈာယီ၊ ဈာန်သမာပတ် ဝင်စားမှသာလျှင်။ တပတိ၊ ထွန်းလင်းတောက်ပနိုင်ပေ၏။ အထ၊ ထိုသို့ပင်ဖြစ်သော်လည်း။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သဗ္ဗမဟော ရတ္တိံ၊ နေ့ရောညပါ အခါခပ်သိမ်း။ တေဇာသာ၊ တံခိုးတော်ဖြင့်။ တပတိ၊ထွန်းလင်း တောက်ပနိုင်ပေ၏။

ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အခါခပ်သိမ်း လောကီ လောကုတ္တရာ ကျက်သရေမင်္ဂလာ တိုးတက်စေနိုင်သည်။ ဥစ္စာစီးပွား ကြီးပွားတိုးတက်ပြီး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကာ အရာရာကို အောက်မြင်နိုင်သည်။ သီဟိုဠ်ကျွန်း ဘာတိက မင်းလက်ထက် ပညာရှိအမတ်ကြီးတစ်ဦးသည် မင်းတရားကြီးက ပိဋကတ်သုံးပုံထည်းက ရတနာသုံးပါးလုံးပါတဲ့ ဇယမင်္ဂလာ အောင်ခြင်းဂါထာတစ်ပုဒ်ကို ရွတ်ဆိုပါဟုခိုင်းရာ ပညာရှိအမတ်ကြီး

က လက်အုပ်ချီပြီး ဤဒိဝါတပတိ ဂါထာကိုရွတ်ဖတ် ပူဇော်လေသည်။ မင်းကြီးကချီထားတဲ့လက်အုပ်ကို မဖွင့်ပါနဲ့အုံးဟု ဆိုကာ လက်အုပ်ထဲ ဆုတော်ငွေ တစ်ထောင်ထည့်၍ ချီးမြှောက်ခဲ့သည်။ ထို့ကြောင့် ဤဂါထာကို တစ်ထောင်တန် ဂါထာဟုလည်း အမည်တွင်လျက်ရှိသည်။ ဤဂါထာကို နေ့စဉ်မှန်မှန်ရွတ်ပါက ရာထူးတိုးခြင်း အထက်လူကြီးများ၏ မျက်နှာသာပေး မြှောက်စားခြင်းများ ခံရတတ်သည်။ (သံ၊၄၊၂၊၂၂၆)

## အချုပ် အနှောင်မှ လွတ်မြောက်စေသည့်ဂါထာ

**နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။**
**သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿမေ သရဏံ ဘဝ။**

အနက်=ဝီရ၊ ကြီးမြတ်သော လုံ့လရှိတော်မူသော။ ဗုဒ္ဓ၊ ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်တော်မြတ်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ ဗုဒ္ဓ၊ ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်တော်မြတ်ဘုရားသည်။ သဗ္ဗဓိ၊ ကိလေသာ စသော ဒုက္ခအနှောင်အဖွဲ့ အားလုံးမှ။ ဝိပ္ပမုတ္တောသိ၊ အပြီးတိုင်လွတ်မြောက်တော်မူပေ၏။ အဟံ၊ ဘုရားတပည့်တော်သည်။ သမ္ဗာဓပ္ပဋိပန္နော၊ အကျဉ်းအကြပ်သို့ ရောက်၍နေရသည်။ အသ္မိ၊ ဖြစ်ပါ၏။ တဿမေ၊ အကျဉ်း အကျပ်ရောက်၍နေသော ဘုရားတပည့်တော်၏။ သရဏံ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာသည်။ ဘဝ၊ ဖြစ်တော်မူပါဘုရား။ ( သံ၊၁၊၄၈)

## ခရီးသွား အန္တရာယ်ကင်း ဂါထာ

**ဘဝသောတံ ဟာဝေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ။**
**ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။**

အနက် = ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ ဟာဝေ၊ စင်စစ်ဧကန် အမှန်ပင်။ ဘဝသောတံ၊ ဘဝတည်းဟူသော သံသရာ ရေအလျဉ်ကို။ တိဏ္ဏော၊ ကူးမြောက်တော်မူပေသည်။ လောကန္တဂူ၊ လောကဆုံးရာ နိဗ္ဗာန်သို့လည်း ရောက်တော်မူပေသည်။ ဝိဒူ၊ တရားအလုံးစုံကိုလည်း အကုန်အစင် သိမြင်တော်မူပေသည်။ ဧတေန သစ္စဝဇ္ဇေန၊ ဤမှန်ကန်သော ဝစီသစ္စာကြောင့်။ မေ၊ ဘုရားတပည့်တော်၏၊ ဂမနံ၊ ခရီးသွားခြင်းသည်။ သမိဇ္ဈတု၊ ဘေးရန်မနှောင့် ကြောင့်ကြမဝင် အောင်မြင်ပြီးပြည့်စုံပါစေသတည်း။

**ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စဝဋ္ဋိကံ သုခံ။**
**ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။**

အနက် = မဂ္ဂေါ၊ မဂ်လေးပါးသည်။ ယဒိ၊ စင်စစ် ဧကန်အမှန်ပင်။ သန္တိဂမော၊ နိဗ္ဗာန်ထုတ်ခြောက်ရောက်စေနိုင်ပါပေ၏။ မောက္ခောစ၊ နိဗ္ဗာန်မြတ်တရားသည်လည်း၊ အစ္စန္တိကံသုခံ၊ ချမ်းသာစစ် ချမ်းသာအမှန်ကြီး ဖြစ်ပါပေ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤမှန်ကန်သော ဝစီသစ္စာကြောင့်။ မေ၊ ဘုရားတပည့်တော်၏၊ ဂမနံ၊ ခရီးသွားခြင်းသည်။ သမိဇ္ဈတု၊ ဘေးရန်မနှောင့် ကြောင့်ကြမဝင် အောင်မြင်ပြီးပြည့်စုံပါစေသတည်း။

သံယော ဝေ တိဏ္ဏကန္တာရော၊
ပုညက္ခေတ္တော အနုတ္တရော၊
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

အနက် = သံယော၊ အရိယာသံဃာတော်အပေါင်းသည်။ ဝေ၊ စင်စစ်ကေန် အမှန်ပင်။ တိဏ္ဏကန္တာရော၊ သံသရာ ခရီးကြမ်းကို တက်လှမ်းကူးမြောက်တော်မူနိုင်ပါပေ၏။ အနုတ္တရော၊ အတုမရှိ မြင့်မြတ်တော်မူသော။ ပုညက္ခေတ္တော၊ ကုသိုလ်မျိုးစေ့ ဖွံ့သန်ဖြိုး အောင် စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤမှန်ကန်သော ဝစီ သစ္စာကြောင့်။ မေ၊ ဘုရားတပည့်တော်၏၊ ဂမနံ၊ ခရီးသွားခြင်း သည်။ သမိဇ္ဈတု၊ ဘေးရန်မနှောင့် ကြောင့်ကြမဝင် အောင်မြင် ပြီးပြည့်စုံပါစေသတည်း။ ( အပ၊၂၊၁၂၀။ )

## ဒုက္ခသုံးမျိုး

တိသော ဒုက္ခတာ=ဒုက္ခ ဒုက္ခတာ၊သင်္ခါရ ဒုက္ခတာ၊ဝိပရိဏာမ ဒုက္ခတာ။ (နေတ္တိပါဠိတော် ၁၂။) ဒုက္ခအမျိုးအစားတို့ကို ခွဲခြား၍သိသင့်သည်၊သို့မှသာ ဝိပဿနာရှုရာတွင် မည်သည့်ဒုက္ခကိုရှုရမည်ဟု ပီပီပြင်ပြင် သိမြင်လာနိုင်ပေမည်။

၁။ ဒုက္ခ ဒုက္ခ ၂။ သင်္ခါရ ဒုက္ခ ၃။ ဝိပရိဏာမ ဒုက္ခ

၁။ ဒုက္ခ ဒုက္ခဆိုတာ နဂိုကပင်ဒုက္ခသစ္စာကြီးဖြစ်နေတဲ့ ရုပ် နာမ် ခန္ဓာအပေါ်မှာ နောက်ထပ်အပိုတိုးလာတဲ့ ဒုက္ခ၊ ဥပမာ-ခေါင်းကိုက်

ဗိုက်နာ ခါးအောင့်၊ ဇက်ထိုး၊ ထုံကျင်၊ ကိုက်ခဲ၊ ညောင်းညာ၊ အနာပေါက်၊ ခါးထိ၊ ဆူးစူး၊ ပွေးဝဲ နှင်းခူဖြစ်၊ အပြင်းဖျားနာ စသည်တို့ဖြစ်၏။

၂။ သင်္ခါရဒုက္ခဆိုသည်ကား ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ စက္ကန့်မလပ် မိနစ်မလပ် တရစပ်ဖြစ်ပျက်ပြောင်းလွဲနေတဲ့ ဒုက္ခများကို ခေါ်သည်။

၃။ ဝိပရိဏာမဒုက္ခဆိုတာ ဖေါက်ပြန်ပြောင်းလဲလာသော ဒုက္ခများဖြစ်ကြ၏။ ဥပမာ-ဆံဖြူ သွားကျိုး၊ ခါးကိုင်း၊ နားထိုင်း၊ မျက်စိမှုန်၊ အသားအရေတွန့်လိပ်ခြင်းစသည်တို့ဖြစ်၍ နောက်ဆုံးတွင် သေကြေပျက်စီးခြင်းများအထိဖြစ်၍ ဖောက်ပြန်သော ဒုက္ခများ ဖြစ်သည်။

ဝိပဿနာရှုသော ပုဂ္ဂိုလ်သည် သင်္ခါရဒုက္ခတစ်မျိုးတည်းကိုသာ ရှုရ၏။ ကျန်နှစ်မျိုးကို မရှုရ၊ မရှုကောင်း၊ ညောင်းညာခြင်းစသည်သည် ဒုက္ခ ဒုက္ခဖြစ်၍ စင်စစ်ဒုက္ခမဟုတ်၊ ဆံဖြူသွားကျိုးစသည်သည် ဝိပရိဏာမဒုက္ခဖြစ်၍ စင်စစ် ဒုက္ခမဟုတ်။ ဒုက္ခဒုက္ခသည် ပြင်းထန် ခံခက်သော် ပြုပြင်၍ရနိုင်၏၊ ညောင်းညာကိုက်ခဲလျှင် နှင်းနှိပ်၍ပျောက်နိုင်၏၊ ဖျားနာသော် ဆေးသောက်၍ပျောက်နိုင်၏။ ဝိပရိဏာမဒုက္ခလည်း ပြုပြင်၍ရ၏ ဆံဖြူလာသော် ဆေးဆိုးနိုင်၏၊ သွားကျိုးသော် အစားထိုးနိုင်၏၊ သင်္ခါရဒုက္ခကား ပြုပြင်၍မရ ဒုက္ခဝေဒနာကြီးမို့ မလာပါနဲ့လို့ တား၍မရ၊ သုခဝေဒနာလေးမို့ မပျောက်ပါစေနဲ့ဟု တောင်းပန်၍

မရ ဉာဏ်ဒုက္ခမျိုးကမှ ကိုယ်မပိုင် ကိုယ်မနိုင်၍ ဒုက္ခအစစ်ကြီး ဖြစ်ပေသည်။ (မိုးကုတ် တစ်ဘဝသာသနာ)

## လယ်တီဆရာတော်၏ ဝိပဿနာရှုနည်း

ကမ္မဋ္ဌာန်းရှုမှတ်လိုသောယောဂီသည် ကမ္မဋ္ဌာန်းဆရာထံ နည်းခံ၍ တောအရပ်မှာဖြစ်စေ သစ်ပင်ရင်းမှာဖြစ်စေ တိတ်ဆိပ် သော နေရာမှာဖြစ်စေ ထက်ဝယ်ဖွဲ့ခွေ ကိုယ်နေဖြောင့်ဖြောင့်ထိုင်ရမည်။ မည်သည့်ကြောင့်ကြမှုမျှ မရှိစေဘဲ ဝင်သက် ထွက်သက်ကို သတိဖြင့်မပြတ် ရှုမှတ်နေရမည်၊ ဤ၌ ထိုင်လျှက်ဆိုသော်လည်း ထိုင်ခြင်း သွားခြင်း ရပ်ခြင်း လျောင်းအိပ်ခြင်း လေးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အားထုတ်နိုင်သည်။ ထို့အပြင် ``ဆိတ်ငြိမ်ရာအရပ်`` ဟု သမထအလုပ်ကိုရည်စူး၍ ဆိုခြင်း ဖြစ်သည်။ ဝိပဿနာ အလုပ်ကား ဆိတ်ငြိမ်သော နေရာရမှသာ ပေါက်ရောက်ပြီးမြောက်နိုင်သည် မဟုတ်။ ပါရမီဉာဏ်သာ အဓိက ဖြစ်သည်။ လူထဲသူထဲ တရားနားရင်း အိမ်မှာ ထမင်းချက်ရင်း တရားပေါက်ရောက် ရရှိသွားသောပုဂ္ဂိုလ်များကို ကျမ်းဂံတို့တွင် တွေ့မြင်ရသည်။ ပထမ ရှုမှတ်ကာစတွင် ထွက်သက် ဝင်သက် အရှည်အတိုကို နလုံးမသွင်းသေးဘဲ နာသီးဖျား၌ဖြစ်စေ အထက် နှုတ်ခမ်းဖျား၌ဖြစ်စေ စိတ်ကိုခိုင်မြဲစွာထား၍ ဝင်လေ ထွက်လေ တို့၏ ထိမှု ခိုက်မှုကို အာရုံစိုက်ရမည်။ ``ဝင်လာပြီ ´´ ထွက်သွား ပြီ`` ဟု နှုတ်က ဆိုစရာမလို ဝင်တိုင်း ထွက်တိုင်း သတိမလွတ် စေဘဲ သိအောင် အားထုတ်ရမည်။ တစ်နာရီ နှစ်နာရီစသည်ဖြင့်

တတ် စွမ်းသမျှ မနားဘဲ အားထုတ်ရမည်။ ညောင်းလည်းမပြင် ယားလည်းမကုတ်ဘဲ ဝင်သမျှ ထွက်သမျှ တစ်ခုမလွတ်စေရပါ။ ဝင်တိုင်း ထွက်တိုင်း သိအောင် ရှုမှတ်နေရမည်။ (အချို့ကား စိတ်ကိုရင်မှာထား၍ ရှုမှတ်ကြသေး၏)

ဒုတိယအချက် = တစ်ဆင့်တက် ရှုမှတ်ရန်မှာ နှာသီး ဖျား နှုတ်ခမ်းဖျား၌ ဝင်လေ ထွက်လေကို မလွတ်တမ်းပိုင်အောင် မှတ်နိုင်လျှင် ဝင်သက် ထွက်သက် ရှည်လျှင် ရှည်မှန်းသိအောင် သတိထားပြီး "ရှည်တယ်" ဟု မှတ်ရမည်။ တိုလျှင် တိုမှန်း သိအောင် သတိထားပြီး "တိုတယ်" ဟု မှတ်ရမည်။ရှည်မှု တိုမှုကို တစ်ခုမှ မလွတ်အောင် ရှုမှတ်နေရမည်။ ထွက်သက် ဝင်သက်နှေး လျှင် ရှည်သည်၊ မြန်လျှင်တိုသည်ဟု ဆိုလိုသည်။ အချို့ပုဂ္ဂိုလ် များမှာ ပင်ကိုယ်အတိုင်း တစ်မိနစ် အကြိမ် (၃၈) လောက် အချို့ (၄၀)လောက် ရှူသည်။ အရှည်အတို မညီကြ။

တတိယအချက် = ထို့ထက်တက်၍ ရှုမှတ်ရန်မှာ အရှည်အတိုကို ပိုင်ပိုင်မှတ်နိုင်ပြီးနောက် ဝင်သက်ဆိုလျှင် နှာသီး ဖျား နှုတ်ခမ်းဖျားမှ ချက်သို့ကျအောင် နှာသီးဖျား နှုတ်ခမ်းဖျား အစ၊ လည်ချောင်းအလယ် ချက်အဆုံး သုံးပါးလုံးကို စိတ်ထဲမှာ ထင်ထင်ရှားရှားမြင်လာအောင် ရှုမှတ်ရမည်။ ထွက်သက်ဆိုလျှင် ချက်အစ၊ လည်ချောင်းအလယ်၊ နှာသီးဖျား နှုတ်ခမ်းဖျားအဆုံး သုံးပါးလုံးကို စိတ်ထဲမှာ ထင်ထင်ရှားရှားမြင်အောင် ရှုမှတ်ရမည်။ သမာဓိရလာလျှင်မှတ်၍ရသည်။

စတုတ္ထအချက်ကား = ထိုသို့ အစ အလယ် အဆုံး သုံးပါးလုံးကို ပိုင်ပိုင်မှတ်နိုင်ပြီးနောက် ထွက်သက် ဝင်သက်များသည် တဖြေးဖြေး သိမ်မွေ့လာကြလိမ့်မည် အချို့မှာ လူကသိမ်မွေ့အောင် အားထုတ်ရမည်။ အချို့မှာ လူက မလုပ်ရဘဲ သူ့အာ လိုလို သိမ်မွေ့လာပြီး ထွက်သက်ဝင်သက်ပျောက်သွားပြီ ထင်ရလောက်အောင်ဖြစ်လာတတ်သည်။ ထိုသို့ထင်လာသောအခါ စိတ်အလွန်ပေါ့ပါးသွားပြီး ခန္ဓာကိုယ်ကြီး လေထဲလွင့်ပျံသလိုထင်ရသည်။ ဤကား ပါဠိတော် နည်းတည်း။

## အဋ္ဌကထာနည်း

အဋ္ဌကထာအလို ပထမ ဂဏန်းကား အနေးရေတွက်နည်း အမြန်ရေတွက်နည်းဟု နှစ်မျိုးရှိသည်၊ ထိုတွင် နာသီးဖျားမှဖြစ်စေ နှုတ်ခမ်းဖျားမှဖြစ်စေ စိတ်ထား၍ ထွက်သက် ဝင်သက်ကို ``ထွက်တယ် ဝင်တယ်'' ဟု မှတ်သောအခါ အစတွင် စိတ်မငြိမ်သေး၍ ဝင်တိုင်း ထွက်တိုင်း မိအောင် မမှတ်နိုင်ဘဲ ရှိတတ်သည်။ မထင်ရှားသော ထွက်သက် ဝင်သက်ကို မရေတွက်ဘဲ ထင်ရှားသော ထွက်သက် ဝင်သက်ကိုသာ ရေတွက်ရမည်။ ရေတွက်ပုံမှာ တစ် နှစ် သုံး လေး ငါး ဟု ငါးအထိ အဆုံးထား၍ တစ်မျိုး၊ တစ်မှ ခြောက်ထိ တစ်မျိုး၊တစ်မှာ ခုနစ်ထိတစ်မျိုး၊တစ်မှ ရှစ်ထိတစ်မျိုး၊ တစ်မှကိုးထိတစ်မျိုး၊တစ်မှ တစ်ဆယ်ထိတစ်မျိုးဟူ၍ ခြောက်မျိုးဖြင့် ရေတွက်ရမည်၊ ထိုသို့ ခြောက်မျိုးထိအောင် ရေတွက်ပြီးလျှင် ပထမတစ်မျိုးကို ပြန်ရျူပါ။ ထိုသို့ ခဏ ခဏရှုမှတ်၍ နေသား

ကျလာသည့်အခါ စိတ်ကို နှာခေါင်းဝ စိုက်ထား၍ ထွက်သက် ဝင်သက်နှစ်မျိုးတွင် ထင်ရှားရာကို တစ်ဟု ရေတွက်ရသည်။ နှစ်ခုလုံး ထင်ရှားလျှင် အစဉ်အတိုင်း နှစ် သုံး လေး ငါးဟု ရေတွက်ရသည်၊ မထင်ရှားလျှင် ရပ်တန့်၍ ထင်ရှားသော အချက်အပေါ်မှ နှစ် စသည်တက်၍ ငါးကျလျှင် တစ်ကပြန်စရ၏။ ထိုနည်းအတူ တစ်ဆယ်သို့တိုင်အောင် ထင်ရှားသော ထွက်သက် ဝင်သက်ကိုသာ ကောက်၍ ရေတွက်သောကြောင့် နေးသော ရေတွက်နည်းဟု ဆိုရသည်။ အမြန် ရေတွက်နည်းကား ဆိုခဲ့ သည့်အတိုင်း ရှုမှတ်ဖန်များလတ်သော် ထင်ထင်ရှားရှား ရေတွက် ရသော အချက်များ များလာလိမ့်မည်။ တစ်နှစ်စသော မှတ်ချက် တို့ အပြတ်အလတ်မရှိ မှတ်နိုင်လာလိမ့်မည်။ ထွက်သက်ဝင်သက် အစဉ်နှင့် တစ် နှစ်စသော ဂဏန်းအစဉ် မခုံကျော်၊ ထပ်ခနဲ ချတ်ခနဲ မိမိရရ ဖြစ်လာလိမ့်မည်။ တစ်နှစ်စသော ဂဏန်းအစဉ် များကို နှုတ်ကရွတ်ဆိုစရာ မလို၊ စိတ်ကသာ ရေရွတ်ရမည်။ အာရုံမြန်မြန်ထင်သလောက် သတိက ထိခနဲ ချက်ခနဲ မှတ်ဖို့သာ အရေးကြီးသည်။ ဤကား မြန်မြန်ရေတွက်နည်းတည်း။ ထို့နောက် မရေတွက်သော်လည်း ရေတွက်သကဲ့သို့ နှာဝ၌ ထွက်သက် ဝင်သက် ထိတိုင်း အသိနှင့်သတိ မြဲနေရမည်။ ထိုအခါ ဂဏန်း နည်းဖြင့် ရေတွက်ရှုမှတ်ရန် မလိုတော့ချေ။ ဒုတိယအချက် အနုဗန္ဓနာ (သတိဖြင့် အမြဲတမ်း စွဲမြဲထားမှု) နည်းမှာ နှာဝ၌ စိတ်ကိုအမြဲစိုက်ထားပြီး ဝင်လေ ထွက်လေကို တစ်ကြိမ်မျှ မလွတ်စေဘဲ အစဉ်တွယ်ကပ်နေအောင် ရှုမှတ်သောနည်းဖြစ် သည်။ ရေတွက်မှုမရှိဘဲ ထိမှု သိမှု အစဉ်မှန်အောင် ``ဝင်နေ

တယ် ထွက်နေတယ်´´ ဟု ပဋိဘာဂနိမိတ် ပေါ်သည်အထိ ရှုမှတ်နေရမည်ဟု ဆိုလိုသည်။ ဖော်ပြပါဂဏန်းနည်း အနုဗန္ဓနာနည်း နှစ်မျိုးလုံး ထိရာဌာနကို မလွှတ်စေရပါ။ ထိုသို့ ပဋိဘာဂနိမိတ် ထင်ပြီးနောက် ထိုနိမိတ်ကို မကွယ်ပျောက်စေဘဲ ထင်ထင်ရှားရှား ပွင့်လင်းသွားအောင် အာရုံ၌စိတ်ကို ဖိဖိစီးစီးထား၍ စူးစိုက်မှတ်ရမည်။ ထိုနည်းကို ထပနာ (စိတ်ကို ထိကပ်ထားမှု) နည်းဟုခေါ်သည်။ ဤကား သမထစခန်းဖြစ်သည် သမာဓိရအောင် အားထုတ်နည်းဖြစ်သည် ဤသို့ အားထုတ်၍ သမာဓိအားကောင်းလာသောအခါ သမာဓိစခန်းမှ ဝိပဿနာလမ်းသို့တက်ရမည်။ ထွက်သက် ဝင်သက်တို့၏ ခဏမစဲ တဖွဲဖွဲ ဖြစ်ပျက်မှုနှင့် ရုပ် နာမ်တရားတို့ကို အနိစ္စ(မမြဲ) ဒုက္ခ (ဆင်းရဲ၏) အနတ္တ (အနှစ်အသားမရှိ) ဟုရှုမှတ်ရမည်။ ဤ၌ ရုပ်သည် နာမ်ထက် ဉာဏ်၌ ထင်လွယ်သောကြောင့် ရုပ်ကိုစ၍ရှုမှ ပေါက်ရောက်လွယ်သည်။ ထွက်သက် ဝင်သက်သည် သမာဓိ ရလွယ်ခြင်း၊ ထင်မြင်လွယ်ခြင်းတို့ကြောင့် ရိပ်သာများ၌ ထွက်သက် ဝင်သက်ကို အားထုတ်ကြခြင်းဖြစ်သည်။ ထွက်သက် ဝင်သက်ကို ရှုမှတ်၍ အညောင်းအညာဝေဒနာပေါ်လာသောအခါ ထိုဝေဒနာကို ရှုမှတ်ရမည်၊ ထိုသို့ ရှုမှတ်လျှင် ဝေဒနာနုပဿနာဖြစ်သည်၊ ထိုသို့ ရှုမှတ်ရင်း ကြံစည်တွေးတောလျှင် ထိုစိတ်ကိုမှတ်ရမည်။ ထိုသို့ မှတ်လျှင် စိတ္တာနုပဿနာဖြစ်သည်။ ကာမဂုဏ်အာရုံကို ကြံစည်လျှင် ထိုအကြံကို လိုက်မှတ်ရမည်။ ထိုသို့ရှုမှတ်က ဓမ္မာနုပဿနာဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း ထွက်သက် ဝင်သက်ဟူသော အာနာပါနကို ထူထောင်၍ အားထုတ်နေခြင်းသည် ယောဂီ

ပုဂ္ဂိုလ်၏ ပါရမီအလျောက် တစ်ရက် နှစ်ရက် တစ်လ နှစ်လ တစ်နှစ် နှစ်နှစ်နှင့် မဂ် ဖိုလ်ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါသည်။ ထိုသို့ နိဗ္ဗာန်ကို ယခုဘဝမျက် မှောက်မပြုနိုင်စေကာမူ.....

၁။ ရတနာသုံးပါးကို ယခင်က ထက်ကြည်ညိုတတ်ခြင်း
၂။ သေရမည့်ဘေးကို တရားအားမထုတ်ခင်ကလောက် မကြောက်ခြင်း
၃။ မတရားလိုချင်မှု(ဝိသမလောဘ) မတရား တပ်မက်မှု (အဓမ္မရာဂ) မဖြစ်တော့ခြင်း။
၄။ ရတာနဲ့ရောင့်ရဲနိုင်ခြင်း
၅။ ကုသိုလ်ဌမွေပျော်ခြင်းစသော အကျိုးတရားများကို တရားအားထုတ်သူတိုင်း ခံစားကြရမည်ဖြစ်သည်။

## မင်းကွန်းဆရာတော်၏ ဝိပဿနာရှုနည်း

ထိုင်တယ် အိပ်တယ် သွားတယ် စားတယ်ဟု ရှုမှတ်ရသောနည်းသည် ကာယာနုပဿနာ(ရုပ်အပေါင်းကို အဖန်ဖန်ရှုမှတ်မှု) ဖြစ်သည် သွားသည့်အခါ ကြွတယ် လှန်းတယ် ချတယ်ဟု မှတ်ရသည်။ သွားလာစဉ်မှာ အာရုံတစ်ခုခုကိုမြင်လျှင် မြင်တယ် မြင်တယ် ကြားလျှင် ကြားတယ် ကြားတယ် နံလျှင် နံတယ် နံတယ်ဟု မှတ်ရသည်။ ထမင်းစားလျှင် စားတယ် စားတယ်ဟု မှတ်ရသည်၊ မှတ်ကျင့်ရလာသည့်အခါ ထို့ထက်အမှတ်စိပ်ပြီးမှတ်ရမည်၊ စားရန်ဇွန်းကို ကိုင်လျှင် ကိုင်တယ် ကိုင်တယ်

ဟင်းကိုခပ်လျှင် ခပ်တယ် ခပ်တယ်၊ ယူလာလျှင် ယူတယ် ယူတယ်စသည်ဖြင့် အမူအယာတိုင်းကိုမှတ်ရမည်။ အားထုတ်စမှ ဆယ်ရက်လောက်အထိ ဟို သည် အာရုံများပြီး ထင်သလောက် မရှုမှတ်နိုင် သမာဓိမရနိုင်ဖြစ်တတ်သည်။ ကောင်းမကောင်း မည်သည့်အာရုံကိုမြင်မြင် မြင်တယ် မြင်တယ်ဟုမှတ်ရမည်၊ မှတ်ဖန်များလျှင် မြင်သောအာရုံများသည် မြင် သိ ပျက်၊ မြင် သိ ပျက်နှင့် ပြောင်းလဲ ဖြစ်ပျက်သွားတတ်သည်၊ ထိုအခါ မြင်သည့် အဆင်းက ရုပ် သိတာက နာမ်ဟု ရုပ်နှင့် နာမ်ကိုခွဲခြား သိမြင် လာတတ်သည်၊ ရှုမှတ်သည့်အခါ တစ်ခုခုကို သိအောင် မိအောင် ရှုမှတ်ရသည် ထိုသို့မရှုမှတ်လျှင် တိုက်ဆိုင်ထိတွေ့မှု (ဖဿ) ကြောင့်ခံစားမှု (ဝေဒနာ)ဖြစ်ပြီး ခံစားမှု ဝေဒနာကြောင့် နှစ်သက်မှု တဏှာ စွဲလမ်းမှု ဥပါဒါန်စသည့် အကုသိုလ်တရားများ ဖြစ်ပွားလာ တတ်သည်။ ထို့ကြောင့် တစ်ခုနှင့်တစ်ခု တသဘောနှင့် တသဘော ပြောင်းလဲ၍ ဖြစ်ပျက်နေပုံကို ဉာဏ်ဖြင့် မြင်အောင် ရှုမှတ်ရမည် တရားသဘောအတိုင်း ပြောင်းလဲဖြစ်ပုံကိုတွေ့လျှင် တဏှာမဖြစ် တဏှာချုပ်လျှင် နောက် ဘဝပေါင်းအသချေ ဆက် ဖြစ်နေအုံးမည့် ဥပါဒါန် ကံများလည်း ချုပ်ကြတော့သည်သာ။ ထိုအခါ ကောင်းသည့်အာရုံတွေလည်း တဏှာမဖြစ် မကောင်း သည့်အာရုံတွေ့လည်း ဒေါသမဖြစ် ကောင်း မကောင်း အာရုံတွေ လည်း မောဟ မဖြစ်တော့ချေ ထိုမျှသာမက မြင်တာကို မြင်တယ် မြင်တယ်ဟု ရှုမှတ်ရာတွင် တစ်မှတ် တစ်မှတ်၌ မဂ္ဂင် နိဗ္ဗာန် ဝင်ရာလမ်း ရှစ်ပါးဖြစ်နိုင်သည်။ ရုပ်နာမ်တို့၏ဖြစ်ပျက်ပုံကို အမှန် သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ မှန်စွာမြင်မှု မဂ္ဂင်ဖြစ်ပျက်အပေါ်

စိတ်ကို တင်ထားလိုက်ခြင်းသည် သမ္မာသင်္ကပ္ပ မှန်စွာကြံမှု မဂ္ဂင် ဖြစ်သည် ဤနှစ်ပါးသည် ပညာမဂ္ဂင်တည်း။ ရှုမှတ်သောအာရုံမှာ စိတ်တည်ကြည်သွားခြင်းသည် သမ္မာသမာဓိ မှန်စွာတည်ကြည်မှု မဂ္ဂင် စိတ်မလွင့်သွားရအောင် ဆွဲဆောင်ထားခြင်းသည် သမ္မာဝါယာမ မှန်စွာအားထုတ်မှု မဂ္ဂင်ရှုမှတ်၍ရခြင်း သိနေခြင်းသည် သမ္မာသတိ မှန်စွာသိမှတ်မှု မဂ္ဂင်ဖြစ်သည်။ ဤမဂ္ဂင်သုံးပါးသည် သမာဓိမဂ္ဂင်ဖြစ်သည်။ ထိုသို့ မှတ်နေသည့်အခိုက် မကောင်းသော ဝစီကံဒုစရိုက်ကို မကြူးလွန်ခြင်းသည် သမ္မာဝါစာ မှန်စွာပြော ဆိုခြင်း မဂ္ဂင်ဖြစ်သည်။ မကောင်းသော ကာယကံ ဒုစရိုက်ကို မကြူးလွန်ခြင်းသည် သမ္မာကမ္မန္တ မှန်စွာပြုမှု မဂ္ဂင်ဖြစ်သည်။ တရားရှုမှတ်နေစဉ် အသက်မွေးမှုဆိုင်ရာ ကာယကံ ဝစီကံ ဒုစရိုက်များကို မကြူးလွန်ခြင်းသည် သမ္မာအာဇီဝ မှန်စွာအသက် မွေးမှုမဂ္ဂင်ဖြစ်သည် ဤသုံးပါးကို သီလမဂ္ဂင်ဟု ခေါ်သည်။ ထို့ကြောင့် ရှုမှတ်သည့် အမှတ်တိုင်း အမှတ်တိုင်းမှာပင် မဂ္ဂင် ရှစ်ပါး ပါဝင်သည်ဟု ဆိုရခြင်းဖြစ်သည်။ ထိုသို့ရှုမှတ်စဉ် မြင်သည့်အဆင်းက ရုပ် မြင်တာကရုပ် သိတာက နာမ်ဟု အမြင် ကွဲပြားသိခြင်းသည် နာမ ရူပ ပရိစ္ဆေဒ နာမ်နှင့် ရုပ်ကို ခွဲခြား သိမြင်မှု ဉာဏ်ဖြစ်သည် မျက်စိအကြည် အဆင်းရုပ် အလင်းရောင် နလုံးသွင်းတို့ကြောင့် မြင်သိစိတ် စက္ခုဝိညာဏ်စိတ်ဖြစ်ရသည်ဟု အကြောင်း အကျိုးကို သိမြင်ပြီးလျှင် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ် ပေါ်ပြီးနောက် ပြတ်ပြတ်သွား၍ အနိစ္စ မပျက်စီးအောင် အောင့်အီး မရဘဲ ပျက်ပျက်သွား၍ ဒုက္ခ ထိုသို့ပျက်ပျက်နေ၍ ကိုယ့်အလိုမကျ သဖြင့် အနတ္တဟူ၍သိမြင်ခြင်းသည် သမ္မသနဉာဏ်။ ဤသို့စသည်

ဖြင့် ဉာဏ်စဉ်များ အဆင့်အဆင့်တက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ကာ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြပါသည်။ အထူးအားဖြင့် မည်သည့်ဝိပဿနာ ဆရာတော်၏ နည်းပင်ဖြစ်စေ သမာဓိရအောင် ပထမ အားထုတ်ရသည် သတိခိုင်လျှင် သမာဓိပိုင်သည် သမာဓိပိုင်လျှင် ဝိပဿနာနိုင်ပါသည် ဝိပဿနာနိုင်လျှင် အဝိဇ္ဇာခေါ် အလင်းဓါတ်ပေါ်လာမည်ဖြစ်ပါသည်။

## မိုးညှင်းဆရာတော်၏ ဝိပဿနာရှုနည်း အကျဉ်း

မိမိတို့ရှုနေကျ ထွက်သက် ဝင်သက်ကို အနိစ္စ မမြဲ စကြွန်သွားမှုလည်း အနိစ္စ မမြဲ စသည်ဖြင့် အမူအယာမှန်သမျှနှင့် ရုပ်နာမ် အားလုံးကို ဖြစ်ပျက်ရှုမှတ်နေရမည်။ ဉာဏ်ဖြင့်ကြည့်၍ ဉဒယဗ္ဗယ ဖြစ်ပျက်ဉာဏ်ထင်အောင် ရှုရမည်။ ထို့နောက် ထိုထို ရုပ်နာမ်တို့၏ အပျက်ကို ဉာဏ်ဖြင့်ကြည့်၍ ပျက် ပျက် ပျက်ဟု ဖြစ်စေ ပျောက် ပျောက် ပျောက်ဟုဖြစ်စေ မရှိ မရှိ မရှိဟုဖြစ်စေ အနိစ္စ အနိစ္စ မမြဲ မမြဲဟုဖြစ်စေ ဘင် အပျက်ဉာဏ်၊ ဘယ ဘေးမြင်ဉာဏ် အာဒီနဝ အပြစ်မြင်ဉာဏ် နိဗ္ဗိန္ဒ ညည်းငွေ့ဉာဏ် မုဉ္စိတုကမျတာ လွတ်မြောက်လိုမှုဉာဏ် စသည်တို့ထင်မြင်လာအောင် နေ့ရောညပါ မပြတ်ရှုမှတ်ရမည်။ ရုပ် နာမ်အကြောင်း အဆက်ဆက်ကြောင့် ရုပ်နာမ်အကျိုး အဆက်အဆက်တို့ ဖြစ်ပျက်နေသည်ကို ရှုမှတ်၍ သိမြင်ပါက နည်းလေးပါးတို့ကို သိမြင်နိုင်ပါသည်။ သိပုံကား အစမထင် သံသရာကစ၍ အဆုံးမရှိသည့် ကာလကျအောင် သတ္တဝါတစ်ဦးစီတို့ ဆက်စပ်၍ ဖြစ်ပျက်နေသည်

ကို ထင်မြင်ခြင်း ဧကတ္တနည်း။ တစ်ဖန် အကြောင်းအကျိုးတို့ ဆက်စပ်နေကြသော်လည်း အကြောင်းတခြား အကျိုးတခြားဟု ထင်မြင်ခြင်း နာနတ္တနည်း ထိုအကြောင်း အဆက်ဆက်တို့ကြောင့် အကျိုးအဆက်ဆက်တို့ ဖြစ်ကြရာတွင် အကြောင်းအဆက်ဆက် က အကျိုးအဆက်ဆက်ကို ဖြစ်စေရအုံးမည်ဟု ကြောင့်ကြ ဗျာပါရမရှိသည်ကို ထင်မြင်ခြင်း အဗျာပါရနည်း။ ထိုသို့ ကြောင့်ကြ ဗျာပါရ မရှိကြသော်လည်း အကျိုးဖြစ်စေသောအခါ အကြောင်း အားလျော်စွာ အကျိုးဖြစ်ပေါ်လာသည်ကို ထင်မြင်ခြင်း ဧဝံဓမ္မတာ နည်း။ ဤကားပျက်ပျောက်မရှိ၊ အနိစ္စသည်ဖြင့် ရှုသူတို့အား ပဋိစ္စသမုပ္ပါဒ်နည်းလေးပါး ထင်လာပုံတည်း။ ထို့အပြင် အစမထင် သံသရာကအဆုံး မရှိသံသရာကျအောင် ကြောင်းကျိုးတရားတို့ တစ်ဆက်တည်း ဆက်လက် ဖြစ်ပျက်နေသည်ကို ဝိပဿနာဉာဏ် မှာ ထင်မြင်လာလျှင် သတ္တဝါများ သေပြီး ပျက်သည်ဟု အထင်မှား သော ဥစ္ဆေဒဒိဋ္ဌိကိုကိုယ်တိုင် သိလာရ၏။ တစ်ဖန် ထိုသို့ ကြောင်း ကျိုး ဖြစ်ပျက်နေပုံကိုထင်မြင်လျှင် သတ္တဝါတို့ တစ်ဘဝပြီး တစ်ဘဝ ကူးစက်၍ လိုက်ပါ ဖြစ်ပျက်သည်ဟု အထင်မှားသော သဿတဒိဋ္ဌိကိုလည်းကောင်း သတ္တဝါတို့ကို တစ်စုံတစ်ယောက် က ဖန်ဆင်းရသည်ဟု အထင်မှားသော ဣဿရနိမ္မာနဒိဋ္ဌိကို လည်းကောင်း ဖြစ်ဖြစ်သမျှ ချမ်းသာ ဆင်းရဲတို့သည် ရှေးကံ ဟူသော အကြောင်းတစ်ခုတည်းကြောင့်သာ ဖြစ်လာရ၏ဟု အထင်မှားသော သဗ္ဗံပုဗ္ဗေကတ ဟေတုဒိဋ္ဌိကိုလည်းကောင်း အခြားအယူများကိုလည်းကောင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်နိုင်ကြ ပေသည်၊ ထို့အပြင် ဤဘဝ ရုပ်နာမ်တို့သည် နောင်ဘဝသို့

မလိုက်နိုင်ကြဘဲ ဤဘဝတွင်သာ ချုပ်ပျောက် ပျက်စီးသော ကြောင့် အနိစ္စ အနိစ္စဟုလည်းကောင်း ချုပ်ပျောက်သေဆဲ ဆင်းရဲသောကြောင့် ဒုက္ခ ဒုက္ခဟုလည်းကောင်း၊ ထိုသို့ချုပ်ပျောက် သေသဖြင့် အလိုမရ အစိုးမရသောကြောင့် အနတ္တ အနတ္တဟု လည်းကောင်း ထင်မြင်အောင် ရှုမှတ်ရမည်၊ အရွယ် အချိန် ရှေ့တိုးနောက်ဆုတ်စသော အမူအရာ စသည်တို့၌လည်း ပထမ အရွယ်က ရုပ်နာမ်သည် ဒုတိယအရွယ်သို့ မလိုက်ပါပုံ ရှေ့အချိန်ရှိ ရုပ်နာမ်သည် နောက်အချိန်သို့ မလိုက်ပါပုံ ရှေ့အမူအရာရှိ ရုပ် နာမ်သည် နောက်အမူအရာသို့ မလိုက်ပါပုံ စသည်တို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှတ်ရမည် အာဟာရဇ အစားအစာကြောင့်ဖြစ် သော ရုပ်ကို ရှုပုံကား အစာမစားရသဖြင့် အာဟာရဇရုပ်တို့ လျော့ပါးပုံ ဆာလောင် နုံးခွေပြီး အဆင့်အဆင့် ပျက်ပုံ အစာ စားရသဖြင့် ရွှင်လန်းချမ်းသာ ဝဖြိုးလာပုံ ဆာရုပ် နွမ်းရုပ်တို့ ပျက် ပျက်သွားပုံတို့ကို အနိစ္စ စသည်ဖြင့် ရှုမှတ်ရမည်။ ဥတုဇ (အအေး အပူကြောင့်ဖြစ်သော)ရုပ်ကို ရှုပုံကား သတ္တဝါတို့၏ အပူအဆက် ဆက်က အအေးအဆက်ဆက်ကို ပျက်စေပုံနှင့် အအေးအဆက် ဆက်က အပူအဆက်ဆက်ကို ပျက်စေပုံတို့ကို အနိစ္စစသည်ဖြင့် ရှုမှတ်ရမည်။ ကမ္မဇ(ကံကြောင့်ဖြစ်သော) ရုပ်တို့ကို ရှုပုံကား မျက်စိစသည်၌ဖြစ်သော ကမ္မဇရုပ်တို့သည် နားစသည်သို့ မလိုက် ပါမူ၍ မျက်စိစသည်၌ပင် ချုပ်ပျောက်ပုံကို အနိစ္စစသည်ဖြင့် ရှုမှတ်ရမည်။ စိတ္တဇ (စိတ်ကြောင့်ဖြစ်သော) ရုပ်ကို ရှုပုံကား ဝမ်းမြောက်ခြင်းစသည်ကြောင့်ဖြစ်သောရုပ်သည် နလုံးမသာယာ ခြင်း စသည်ကြောင့်ဖြစ်သော ရုပ်သို့မရောက်ဘဲ မိမိတို့ ဖြစ်ရာ၌

ပင်ချုပ်ပျောက်ပုံကို အနိစ္စ စသည်ဖြင့် ရှုမှတ်ရမည်။ ဓမ္မတာ အတိုင်း ဖြစ်သောရုပ်တို့ကို ရှုပုံကား သက်မဲ့ရုပ်တို့ ပြောင်းလဲ ဖြစ်ပျက်ကြရာ၌ တစ်ခုမှတစ်ခုသို့ မလိုက်ပါပုံကို အနိစ္စစသည်ဖြင့် ရှုမှတ်ရမည်။

၁။ ကလာပရုပ်အစုအပုံ နာမ်အစုအပုံတို့ကို ရှုပုံကား ဖဿ(တွေ့ထိခြင်း) ဝေဒနာ(ခံစားခြင်း) သညာ(မှတ်သားခြင်း) စေတနာ(စေ့ဆော်တိုက်တွန်းခြင်း) ဝိညာဏ်(သိခြင်း) ဟူသော ငါးမျိုးတို့သည်လည်း ရှုမှတ်ရင်းပင် ပျက်ပျက်လိုက်နေပုံကို အနိစ္စ စသည်ဖြင့်၊အဖန်ဖန်ရှုမှတ်ရမည်။ ၂။ ယမက(အစုံ) ရှုနည်းကား အရှုခံရုပ်နှင့် ရှုမှတ်သည့်နာမ် (စိတ်) တို့သည် နှစ်မျိုးလုံးပင် တပြိုင်တည်း ပျက်ပျက်နေပုံကို အနိစ္စစသည်ဖြင့် ရှုမှတ်ရပါမည်။ ၃။ ခဏိက (တခဏမျှ) ရှုနည်းကား ရုပ်ကိုရှုမှတ်သည့် နာမ်အဆင့် ဆင့်တို့သည် ရှုမှတ်ရင်း ခဏမှာပင် ပျက်နေပုံကို အနိစ္စစသည်ဖြင့် ရှုမှတ်ရမည်။ ၄။ ပဋိပါတိ (အစဉ်) ရှုနည်းကား ရုပ်နာမ်အဆင့် ဆင့်တို့၏ ရှုရင်းမှာပင် အစဉ်အတိုင်း ပျက်ပျက်လိုက်နေပုံကို ပျက်ပျက်နေ ပါတကား အနိစ္စပါတကား စသည် ဖြင့် ရှုမှတ်ရမည်။ အထက်ပါ နည်းလေးမျိုးတို့ဖြင့် အရှုခံရုပ် နာမ်တို့ကို ရှုမှတ် သည့်နာမ် တို့ကသာ ရှုမှတ် ရှုမှတ်နေသော ကြောင့် ဒိဋ္ဌိ (အမြင် မှားခြင်း) မာန(ထောင်လွှားခြင်း) တဏှာ(တပ်မက်ခြင်း) တို့ကို ကင်းရှင်းအောင် ခွါနိုင်ကြသည်။ ၅။ ဒိဋ္ဌိကို ခွါပုံကား =ငါ ဝိပဿ နာ ရှုအံ့ဟုထင်မှု ဒိဋ္ဌိဖြစ်၍ မဂ်ဖိုလ်တက်လမ်းကို တားနိုင်၏။ သင်္ခါရ(ပြုစီမံမှု) တရားတို့က သင်္ခါရတရားတို့ကို ရှုသည်ဟု

ထင်မှသာ ဒိဋ္ဌိကွာ၏။ ၆။ မာနခွါပုံကား = ဝိပဿနာကို ငါကောင်းစွာ ရှုနိုင်၏စသည်ဖြင့်ထင်မှု တက်ကြွသော မာနဖြစ်၍ တရားတက်လမ်းကို တားနိုင်၏။ သင်္ခါရတရားတို့က သင်္ခါရတရား တို့ကို ရှု၏ဟုထင်မှသာ မာနကွာနိုင်၏။ ၇။ တဏှာကိုခွါပုံကား စိတ်ကိုနိုင်နင်းစွာရှုနိုင်ခြင်းကြောင့် ငါ ဝိပဿနာချည်း ရှုမှတ်ချင် နေ၏ဟု ဝိပဿနာကို သာယာမှု တဏှာဖြစ်က တက်လမ်းကို တားနိုင်၏ သင်္ခါရတရားစုက သင်္ခါရ တရားစုကို ရှု၏ဟုထင်မှသာ တဏှာကွာနိုင်၏။ ဖေါ်ပြပါ ဝိပဿနာကိုစွဲ၍ဖြစ်သော တဏှာ မာန ဒိဋ္ဌိတို့ကပင် တရား တိုးတက်မှုကို တားမြစ်နိုင်သေးလျှင် ဆွမ်း သင်္ကန်း စသည်တို့ကို စွဲ၍ဖြစ်သော တဏှာ မာန ဒိဋ္ဌိတို့က ပို၍တားမြစ်နိုင်ကြောင်း ပြောဖွယ်ရာ မလိုပြီ။ သို့ဖြစ်၍ ဤဘဝတွင် မဂ်ဖိုလ်ကို ရရှိလိုသူတို့သည် နောက်နောက် ဘဝဆိုင်ရာတောင့် တခြင်း တဏှာ လောဘတို့ကို ဖြတ်ကြရပေမည်။ သို့မှသာ ဤဘဝတွင် မဂ်ဖိုလ်ကို ရနိုင်မည်။ နောက်ဘဝဆိုင်ရာများကို တဏှာ လောဘဖြင့် စွဲကပ်နေကြပါမူ မဂ်ဖိုလ်ကို မရနိုင်ကြောင်း သတိပြုကြရပါမည်။

## စွန်းလွန်းဆရာတော်၏ ဝိပဿနာရှုနည်း

(ယောဂီသည် တရားအားမထုတ်ခင် ကြိုတင်ပြုရမည့် အချက်များ ရှိသည် တရားအားထုတ်နေစဉ်အတွင်း၌ မြတ်စွာ ဘုရားအား တပည့်တော်၏ ခန္ဓာကိုယ်ကို နိဗ္ဗာန်ရည်မှန်း၍ လှူဒါန်း ပါ၏ သုံးဆယ့်တစ်ဘုံသားတို့ ချမ်းသာကြပါစေ၊ ဤကောင်းမှုကို

သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။ အမျှ အမျှ အမျှ။ သူတော်ကောင်းတို့က ပို့သသောမေတ္တာ ပေးဝေသောကုသိုလ် အဖို့ကိုလည်း ကျွန်ုပ်ခံယူပါ၏။ သာဓု သာဓု သာဓု ဟုရှေးဦးစွာ ပြုကျင့်ရမည် ဘယ်အချိန်အထိ အားထုတ်ရမည်ဟု ကိုယ့်အလို နှင့်အဓိဋ္ဌာန်ပြီး အချိန်ပိုင်းနှင့် စွမ်းအားရှိသမျှ အားထုတ်ရမည်။)

မျက်စိမှိတ် ပါးစပ်ပိတ်၍ ဝင်သက်စရှုရမည်။ နှာသီးဝကို လေတိုးတော့ သိရမည်၊ အသိမပျောက်အောင် သတိထားပြီး နာရီ ဝက် တစ်နာရီခန့် ခတ်တင်းတင်း ခတ်ပြင်းပြင်းရှုပေးရမည်။မော လည်းမနား၊ ညောင်းလည်းမပြင်၊ ယားလည်းမကုတ်ဘဲ သည်းခံ နေလျှက် အသက်ကို ခတ်ပြင်းပြင်းရှုမှ စိတ်ငြိမ်လွယ်သည်။ ယင်းနောက် ခန္ဓာကိုယ်ထဲမှာ ပူအေး ညောင်းညာ ထုံကျင် ကိုက်ခဲ စသည့်ဝေဒနာတစ်မျိုးမျိုး ဖြစ်ပေါ်ထင်ရှားလာသောအခါ အရှုကို ရပ်ပြီး ထိုဝေဒနာ ဖြစ်ပေါ်မှုကို ပေါ်ကာမတ္တ ပစ္စုပ္ပန် (လက်ငင်း) ကျကျ သတိပြုနေရမည်။

ထိမှု၊ သိမှု ဤနှစ်ခု သတိကြပ်ကြပ်ပြု ဆိုသည့်အတိုင်း ထိမှု သိမှုကို သတိထား နေရမည်၊ ထိုသို့ သတိထားပြီး ခန္ဓာကိုယ် ကို သုံးသပ်နေခြင်းကို သမ္မသန(သုံးသပ်) ဉာဏ်ဟုခေါ်သည်။ ဆက်လက်သတိ ပြုနေလျှင် ဥဒယဗ္ဗယ (ဖြစ် ပျက်သိ) ဉာဏ်အစ အနုလောမ (မဂ်၏ရှေ့နားရှိသော) ဉာဏ်အဆုံးဉာဏ်အားလုံး သည် သူ့သဘောနှင့်သူ ဆက်လက် ပေါ်လာလိမ့်မည်၊ ပေါ်လာ တော့မြင်၊ မြင်တော့ ကိုယ်တိုင်သိလိမ့်မည်၊ သတိထား၍သည်းခံ နေရမည်၊ မျက်စိ နား လျှာ နှာ ကိုယ် စိတ်ဟူသော တံခါးပေါက်က

ဝင်လာသမျှအာရုံကို သတိပြုနေရမည်၊ မျက်စိနှင့် အဆင်း ထိ သိ နားနှင့် အသံ ထိ သိ၊ နှာခေါင်းနှင့် အနံ့ ထိ သိ၊ လျှာနှင့် အရသာ ထိ သိ၊ ကိုယ်နှင့် အတွေ့ ထိ သိ၊ စိတ်နှင့် သဘော ထိ သိ၊ ဤသို့ သိအောင် သတိထားရမည်၊ ထို့အပြင် စားလျှင်သတိ သွားလျှင် သတိ ထိုင်လျှင်သတိ အိပ်လျှင်သတိ တူရူကြည့်လျှင် တစောင်း ကြည့်သတိ ရှေ့တိုးသတိ နောက်ဆုတ်သတိ၊ ကွေးသတိ ဆန့်သတိ၊ ကျင်ကြီး ကျင်ငယ်စွန့်လျှင်သတိ အိပ်ပျော်နေချိန်မှ တပါး ဘယ်အမူအယာကိုပဲဖြစ်ဖြစ် သတိအမြဲ ပြုနေရမည်။

ဥပမာ- ထမင်းစားရာ၌ လက်သွားရာကို သိလိမ့်မည်။ သိ အောင် သတိထားရမည်၊ ထမင်းနှင့် လက် ထိနေလျှင်လည်း သိ အောင်ပြုရမည်။ ထမင်းကို ပါးစပ်ရှိရာ ယူလာလျှင်လည်း သိ၊ ခွန့် လျှင်လည်း သိ၊ ဝါးလျှင်လည်း သိ၊ မျိုလျှင်လည်း သိ၊ အားလုံးကို သိအောင်ပြုရမည်။ သွားလျှင် ခြေနှင့်မြေကြီး ထိလျှင် သိ၊ဖျာကော် ဇောနှင့် ထိလျှင်လည်းသိ၊ ရပ်လျှင်လည်း သိ၊ ထိုင်လျှင်လည်း သိ၊ အိပ်လျှင်လည်း သိ၊ အိပ်ယာကနိုးလျှင်လည်း သိ၊ အမူအယာတိုင်း ကို သိအောင်ပြု ရှုမှတ်ရမည်။ ထိမှုနှင့် သိမှု တပြိုင်တည်း ကျအောင် ထိကာမျှ၊ သိကာမျှကို သတိပြု မှတ်ရှုနေရမည်။ တရားရှာ ကိုယ်မှာတွေ့ ဆိုသည့်အတိုင်း ကိုယ်မှာတွေ့သမျှ တရားချည်းဖြစ်သည်၊

ထိုသို့ ထိမှု သိမှု ပြိုင်ပြိုင်ကျနေသည့်အချိန်မှာ သတ္တဝါ ဟူသော အမှတ်သညာ နှာခေါင်းဟူသော အမှတ်သညာ စသည် တို့ ကင်းကွာနေ လိမ့်မည်။ ထိုအခါ နှာခေါင်းဟာ ငါ့ကိုယ်ဟုစွဲယူ

သည့် သက္ကာယ ကာယစွဲ ကိုယ်စွဲ မဖြစ်တော့ချေ အမှားစွဲ ဒိဋ္ဌိ မဖြစ်နိုင်တော့ချေ။ ဤကား နာခေါင်း၌ သက္ကာယဒိဋ္ဌိ ကွာခြင်းဖြစ်သည်။ နာခေါင်းမှာ သက္ကာယ ကွာလျှင် ကျန်ကိုယ်အင်္ဂါ အစိတ်အပိုင်းများ နှင့်တကွ တကိုယ်လုံးမှာ သက္ကာယ ကွာမည်ဖြစ်သည်။ ထိုသို့ သက္ကာယ ကွာပြီး ထိမှု၊ သိမှုကို သတိပြု ရှုနေလျှင် နာခေါင်းမှာ ငါမှ ငါ ဟူသော မာနလည်း ကွာတော့သည်။ နာခေါင်းမှာ မာနကွာလျှင် တစ်ကိုယ်လုံးမှာ မာနကွာတော့သည်။ ထိုသို့ မာနကွာစိတ်နှင့် ထိမှု၊ သိမှုကိုသတိပြုရှုနေလျှင် နာခေါင်းဟာ ငါ့ဟာ၊ငါ့ဥစ္စာဟု စွဲယူသည့်တဏှာ မဖြစ်နိုင်တော့ပေ၊ နာခေါင်းမှာ တဏှာကွာလျှင် တစ်ကိုယ်လုံးမှာလည်း တဏှာကွာတော့သည်သာ။

ထိုတဏှာ မာန ဒိဋ္ဌိသုံးပါးကို တဏှာ၏ ပပဉ္စတရားဟု ခေါ်သည် ဆိုခဲ့သည့်အတိုင်း မပြတ်သိအောင် ရှုနေ မှတ်နေသဖြင့် ထိုသံသရာ၏ထွင်တတ်သော တရားတို့ကို တဒင်္ဂ (တခဏ) သေအောင်သတ်နိုင်ခြင်းဖြစ်သည်။ ထို့အပြင် ထိမှု သိမှုကို သတိပြုနေလျှင် အဝိဇ္ဇာ(မသိမှု)ကို တဒင်္ဂ ပယ်ပြီးဖြစ်သည်။ ထိနိုက်မှုမှာ ကြမ်းတမ်းသော ဒေါသမဖြစ်သဖြင့် ပဋိဃာနုသယ(ဒေါသ)ကိုလည်း တဒင်္ဂ ပယ်ပြီးဖြစ်သည်။ ထိုအချိန်မှာ ဘုရား တရား သံဃာ အတိတ် အနာဂတ် ရှေ့အစွန်း နောက်အစွန်း ပဋိစ္စသမုပ္ပါဒ် (ကြောင်း ကျိုးဖြစ်) တရားတို့ကိုလည်း ဝိစိကိစ္ဆာ(ယုံမှားခြင်း) မဖြစ်။ ဝိစိကိစ္ဆာကို တဒင်္ဂ ပယ်ပြီးဖြစ်သည်။

ဤသို့ဖြင့် ဝိပဿနာဉာဏ်များ အဆင့်ဆင့်ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို အနုမာနဒိဋ္ဌိ(မှန်းဆသိ)ဉာဏ်ဖြင့် အာရုံပြုနိုင်၊ သိနိုင်မည် ဖြစ်သည်၊ ဆိုခဲ့သည့်အတိုင်း ပြင်းပြင်းထန်ထန်ရှုမှတ်မှုကို ရပ်တန့်ပြီး ခန္ဓာကိုယ်ဆိုက် ဝေဒနာလိုက်-ဟူသည်နှင့်အညီ ဖြစ်ပေါ်သမျှ ဝေဒနာများကို ရှုနေကျ ပုံမှန် ရှု၍ ခံစားမှု၊ သိမှု ပြိုင်ပြိုင်ကျအောင် မှတ်နေရမည်။ ဤသို့ ဝေဒနာကို ရှုနေသည် ကိုယ်ပင်ဝေဒနာ လိုက်သည်ဟု ခေါ်ခြင်းဖြစ်သည်။ ထိုတွင်ကောင်းတာကိုခံစားခြင်းသည် သုခဝေဒနာ၊ မကောင်း တာကိုခံစားခြင်းသည် ဒုက္ခဝေဒနာ၊ မသိမသာ အလယ်အလတ် ခံစားခြင်းသည် ဥပေက္ခာဝေဒနာ ဖြစ်သည်။ ဤသို့ပေါ်သမျှ ဝေဒနာကို ဝေဒနာမျှသာဟုသတိပြုမှတ်ရမည်။ ထိုသို့ဝေဒနာမျှသာ ရပ်နေအောင် မှတ်နိုင်လျှင် တဏှာ(လောဘ) ချုပ်လေတော့သည်။ တဏှာချုပ်လျှင် ဥပါဒါန် (စွဲလမ်းမှု)လည်းချုပ်လေသည်။ ဥပါဒါန်ချုပ်လျှင် ဘဝစသော တရားကို အဆက်ဆက်ချုပ်လေတော့သည်။

ဤကား ပဋိစ္စသမုပ္ပါဒ် သံသရာစက်ကို ပစ္စုပ္ပန်အစပ် ဝေဒနာနှင့်တဏှာ ကြားကနေဖြတ်ခြင်းဖြစ်သည်။ထိုသို့ ပစ္စုပ္ပန် ဝေဒနာ အကျိုးတရားပြတ်လျှင် သုခ ဒုက္ခ ဥပေက္ခာဝေဒနာ ဖြစ်ထိုက်သည့် (လောဘ ဒေါသ အဝိဇ္ဇာဟူသော) အကြောင်းတရားလည်း သေလေတော့သည်။ ထိုအကြောင်းသေလျှင် အနာဂတ်အကျိုးတရားလည်း သေရလေသည်။ ထို့ကြောင့်သွားလာ စားသောက် နေထိုင် ရပ် အိပ်ခြင်း စသည်ဖြင့် အမှုကိစ္စပြုသမျှ

တိုင်းမှာထိမှ သိမှ သတိကြပ်ကြပ်ပြုကြရမည်။ ဤသို့သတိပြု ရှုနေကြပါလျှင် မင်္ဂ ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြမည်ဖြစ်ပေသည်။

## ကောသလအိပ်မက် ၁၆ ချက်

၁။ နွားနက်လေးခု ဇော့မူဟန်ပြင် မဇော့ကြဘဲ ရောင်လွဲသည်မြင်။
အရှေ့ အနောက် တောင်မြောက်မိုးဆင် ခြိမ်းသံပေး
မိုးဝေးလွင့်ပျောက်စင်။

၂။ မြေကမကြွ ငယ်လှသစ်ပင် ဖူးငုံရင့်ပြီး ပွင့်သီးတွေမြင်။
အရွယ်မမျှ ပျိုမ မယ်ခင် သွေးသား လင်ထားအိမ်ထောင်ချင်။

၃။ ယနေ့ဖွါးစ နွားမနို့သာ မိခင်နွားကြီး စို့ပြီးနေရှာ။
သမီးနှင့်သား စီးပွားပိုင်ရာ မိနှင့်ဖ ကျွေးမှ စားရမှာ။

၄။ နွားမကြီးကြိုက် ဝန်တိုက်နွားငယ် မရုန်းနိုင်ဘဲ ဝပ်လဲနေတယ်။
ကြီးသူပယ်ရှား မြှောက်စားလူငယ် တိုင်းပြည်ရေး
ရှုပ်ထွေးပွေတော့မယ်။

၅။ ခံတွင်းနှစ်ခွ မြင်းလှရာဇာ ကျွေးကျွေးသမျှ မဝနိုင်ပါ။
မှူးမတ်မင်းစိုး လာဘ်တိုးသူရှာ နှစ်ဖက်စား တရားစီရင်မှာ။

၆။ ရွှေအိုးထံဆက် ရွှေခွက်သိန်းတန် ကျင်ငယ်အမြဲ
ခွက်ထဲစွန့်ပြန်။
မျိုးမြတ်သမီး ပစ္စည်းမက်ဟန် အမျိုးယုတ် လင်လုပ်ပေါင်းဆက်ဆံ။

၇။ ရှေ့ကကျစ်ချ လွှန်စကြိုးကို ခွေးမ ခိုးစား ကိုက်ဝါးကာမျို။
လင်ကြီးပစ္စည်း သိမ်းဆည်းမဆို လင်မြှောင်အား
မယားလောကွတ်ပို။

၈။ အိုးငယ်ချည်းနီး အိုးကြီးရေလျှံ အိုးကြီးကိုဘဲ ရေဆွဲလောင်းပြန်။
ဆင်းရဲသူများ ဝတ်စားမကျန် အခွန်တွက် နှိပ်စက်ငွေတောင်းခံ။

၉။ ကြာမျိုးငါးဝ ပွင့်ကြရေကန် ရေလယ်နောက်လျက်
ကမ်းဘက်ကြည်ပြန်။
မြို့တွင်းပွေ့ရှုပ် ခွန်တုပ်ကောက်ခံ မြို့ပြင်ထွက်
ပြည့်နှက်စည်ကားဟန်။

၁၀။ တစ်အိုးထည်းချက် အကျက်မညီ ထမင်းမာဆပ်
ပျော့နပ်သုံးလီ။
မင်းနှင့်လူများ တရားမမှီ မိုးသုံးစား ကွက်ကြားရှာချမည်။

၁၁။ မွှေးထုံနံ့ကြူ စန္ဒကူးသိန်းတန် ပုန်းရည်နှင့်လဲ သုံးစွဲစားပြန်။
အလင်္ကာများ တရားဘိုးတန် ငွေနှင့်လဲ အမြဲဟောမည်မှန်။

၁၂။ သံကြေးအပေါင်း ဗူးတောင်း ဗူးအုံ ရေတွင်စုပ်စုပ်
နစ်မြုပ်လုံးစုံ။
ပညာရှိများ စကားဥသည့် ပြောသမျှ လောကမသုံးကုန်။

၁၃။ အိမ်လုံးတောင်လုံး ကျောက်တုံးကျောက်ဖျာ ရေ့မှဖွားဖွား
ထင်ရှားပေါ်ကာ။
ရဟန်းရှင်ဆိုး လူဆိုးများသာ ဂုဏ်ရောင်တိုး တန်ခိုးပေါ်ထွက်မှာ။

၁၄။ အဆိပ်ပြင်းတောက် မြွေဟောက်ကြီးကို ဖားငယ်မများ
ကိုက်ဝါးကာမျို။
ကညာယူထား သက်ကြားဘိုးအို မယားဆဲ အမြဲအော်ငေါက်ဆို။

၁၅။ အဆင်းမည်းနက် ကျီးငှက်ထံမှာ ရွှေဟသ်ာများ ခစားနေပါ။
ပညာသီလ ပြည့်ဝသူဟာ သူယုတ်အား ဝပ်တွားနေရမှာ။

၁၆။ ဆိတ်ကိုမြင်ကြား ကြောက်အားပြင်းထန် ခြသေ့် သစ်ကျား
ခုန်လွှားပြေးပြန်။
သူယုတ်မာများ ထောင်လွှားနိုင်ငံ သူတော်ကောင်း
ပုန်းအောင်းတောမြိုင်ယံ။

## ၀ိပါက်တော် ၁၂-ပါး

မေး ဥရုဝေဠ တောဝမြိုင်ခွင်၊ ခြောက်နှစ်ပတ်လုံး
ကျင့်သုံးအရှင်၊အားကုန်ခန်းလို့ ညှိုးနွမ်းငြိုငြင်၊ ပင်ပန်းရေး
ဝဋ်ကျေး ဘယ့်ကြောင့်တင်။

ဖြေ။ ကဿပဖျား ထင်ရှားပွင့်သော်၊ဇောတိပါလ နာမအမော်၊
ပုဏ္ဏားမာန်တက် နှုတ်မြွက်အာဘော်၊ ဝစီပြင်း ရေးရင်း
ဝိပါက်တော်။

မေး။ စိဋ္ဌမာန မိန်းမစေကျွန်၊ကိုယ်ဝန်ရှိသော ဆိုပြောအလွန်။
လက်သည်ထားလို့ ဘုရားကိုညွှန်၊ စွပ်စွဲခဲ့၊ အဘယ့်ဝိပါက်ဝန်။

ဖြေ။ သောက်စားလွန်ကြူး ယစ်မူးပျော်ရွှင်၊ သေသောက်သမား
ဖြစ်ခြားယခင်၊ ရဟန္တာမြတ် ဆွမ်းရပ်သည်မြင်၊
အကျင့်ယုတ် ဖွင့်ထုတ်စွပ်စွဲအင်။

မေး။ တိတ္ထိစေခိုင်း မိုက်ရိုင်းဒုဿီ၊ ထင်ယောင် ထင်မှား
ပြုခြားသုန္ဒရီ၊ လူရှင်အပေါင်း ယုံကြောင်းပွေလီ၊
ရှင်တော်ထွင်၌ ဘယ်ဝင်၌ ရေးကမ္မီ။

ဖြေ။ မုနာဠိဟု မည်ရှိလောင်းတော်၊ မောက်ကြွားမောက်မား
သောက်စားအပျော်၊ ရှင်ပစ္စေကဗုဒ္ဓမြင်သော်၊ ဒုဿီဘဲ
စွပ်စွဲ ဝင်၌ကြွေးပေါ်။

မေး။ သုန္ဒရီမိုက် သတ်လိုက်လေရာ၊ တိတ္ထိအသင်း
သတင်းလွှင့်ကာ၊ တပည့်များနှင့် ဘုရားကိုသာ၊ လူအများ
ယုံမှား ဘယ်တွက်တာ။

ဖြေ။ လောင်းတော်ရသေ့ ပျော်မွေ့စံရာ၊ ရသေ့တစ်ဦး
ရျာန်မြူးကွန့်လာ၊ ပြုစုစိတ်ဇော မနောက္ကာသာ၊
ကျင့်ယုတ်ကြီး နှုတ်သီး ချွန်သည့်တာ။

မေး။ ဝေဘာတောင်စောင်း ကျောက်မောင်းဆင်ကာ၊
ဒေဝဒတ်ယုတ် ခလုတ်အသာ။ ယူဖြုတ်ချလို့
ဗုဒ္ဓခြေမှာ၊ကျောက်လွှာငြိ ဒဏ်ထိ ဘယ်ဝင့်ပါ။

ဖြေ။ သူကြွယ်မျိုးဇာတ် ဖြစ်လတ်တုံချေ၊ ညီကိုလှည့်ဖြား
ခေါ်သွားသလေ။ ကျောက်နင့်ဘိညှပ် ထုသတ်ကြိတ်ချေ၊
ကျောက်ဝိပါက် အဆက်ပါခဲ့ပေ။

မေး။ ကျောက်လွှာထိပါး မြတ်ဖျားထွင့်တင်၊ တည်နေဝပ်ကိန်း
သွေးစိမ်းအရှင်။ ခြေမတော်ထဲ ကိုက်ခဲနာကျင်၊ ဝိပါက်ရင်း
အလင်းပြစေချင်။

ဖြေ။ သူငယ်ဖြစ်ခိုက် လမ်း၌ပျော်ရွှင်၊ ရှင်ပစ္စေက ဝေးမှအမြင်။
ခဲနင့်ပစ်လိုက် ထိခိုက်ခြေတွင်၊ သွေးယိုဆင်း ရှေးရင်း
ဝိပါက်ပင်။

မေး။ ဆွမ်းခံကြွမြန်း ထိပ်ပန်းဘုန်းကြွယ်၊ မုန်ကျဆင်ကြီး
ခရီးအကျယ်။ ဒေဝဒတ်မိုက် လွှတ်လိုက်ပြန်တယ်၊
ရင်ဆိုင်တွေ့ ဆင်ဖော့ ဘယ်ဝင့်နွှယ်။

ဖြေ။ ဆင်ထိန်း ဆင်ကျောင်း အလောင်းဖြစ်တုံ၊ ရှင်ပစ္စေက
လမ်းမှာတွေ့ဆုံ။ ဒေါသထားလို့ ပြစ်မှားသုန်မှု၊
ဆင်နင့်တိုက် ဝင့်လိုက်စေဘို့ ကြုံ။

မေး။ ကျောက်လှ္ဘာခတ်လို့ သွေးခါတ်ဆူပူ၊ ခြေမတော်ဦး
ထွင့်ရှုပ်ဖူးတစ်ဆူ။ သွေးညှိုကိန်းလို့ကျိန်းစက်တော်မူ၊ ဇီဝက
ခွဲရ ဘယ်ဝင်ရှုပ်ဟူ။

ဖြေ။ ပဒေသရာဇ် မင်းဖြစ်စဉ်ဝယ်၊ မူယဇ်သောက်စား
ဖောက်ပြားမဖွယ်၊ လူရှင်လတ်လတ် ထိုးသတ်ပြန်တယ်၊
ဓားဝိပါက် အဆက်သူကနွယ်။

မေး။ သုံးလူ့ထွင့်ရှုပ်ဖူး မြိုက်မူးသျှောင်ကော၊ ရုံဖန်ခါလဲ ခေါင်းခဲပလေ။
ဝေဒနာဝင့် မလွတ်တုံချေ၊ ဘယ်ဝိပါက် အဆက်ပါခဲ့ပေ။

ဖြေ။ ရှေးခါကပ်ဟောင်း မကောင်းကံဆော်၊ တံငါမျိုးဇာတ်
ဖြစ်လတ်သရော်။ ငါးတို့ဦးခေါင်း ထုထောင်းမြင်သော်၊
ဝမ်းမြောက်မိ လိုက်ဘိ ဝိပါက်တော်။

မေး။ ဝါတော်ကပ်တော့ မာရ်နတ်နှိုးဆော်၊ ဝေရဥ္စာတိုင်း
သမိုင်းအကျော်။ မုယောဆွမ်းမို့ ကြမ်းကြမ်းထော်ထော်၊
ဘုဉ်းပေးရ ရှေးက ဘယ်ဝင့်နော်။

ဖြေ။ မထင်မရှား မျိုးသားဖြစ်ပုံ၊ ရဟန်းတော်များ
ဆွမ်းစားနိုက်ကြုံ။ ဆွမ်းကြမ်းစားဟု ပြစ်မှားဆိုပုံ၊ ဝစီထွက်
ဝိပါက်တော် တဲ့ယုံ။

မေး။ အထွင့်ဆုံးဟု သုံးလူ့မျက်မှန်၊ ခါးတော်ကိုက်ခဲ အသဲ
အသန်။ ဝေဒနာများ ခံစားရဟန်၊ ဘယ်အကြောင်း
ကံဟောင်း ထုတ်လို့ပြန်။

ဖြေ။ လက်ဝှေ့ သတ်ကောင်း အလောင်းဖြစ်သော်၊ ပြိုင်ပွဲဆိုင်ပွဲ
နိုင်မြဲအကျော်။ နိုင်လျှင်ခါးရိုး ရိုက်ချိုးမြေပေါ်၊ အသတ်
ကောင်း ဇာတ်ဟောင်း ဝိပါက်တော်။

မေး။ ဆဒ္ဒန်ဆယ်စီး အားကြီးလျှင်မြန်၊ ဝမ်းတော်သွန်ပြား
ရွှေအားမသန်။ ခွေယိုင်နွံ့လို့ မြန်းခဲ့နိဗ္ဗာန်၊ဖြစ်စေကြောင်း
ကံဟောင်း သိဘို့ ရန်။

ဖြေ။ ရောဂါကုစား သမားဥာဏ်ကျယ်၊ ရှင်သူဌေးသား
ဆေးဝါးကုတယ်။ ခ မပေးလို့ ဟိုရှေးဘုန်းကြွယ်၊
ဝမ်းလားဆေး တိုက်ကျွေး ဝင့်ဟောင်းလည်း။
ဝိပါက်ရောက်ရေး ကြောက်သွေးတုံ့ဘွယ်၊ ဘုရားသော်လဲ
ရှောင်လွှဲမလွယ်။ တွေ့ ကြုံမြဲမို့ တဝဲလယ်လယ်၊
မလွတ်သေး ဝင့်ကြွေးခက်လှတယ်။ ကြင်နာထောက်ထား
သနားမြော်ခေါ်၊ ကုသိုလ်ပွါးမှု အားပြုကြနော်။
နိပ်စက်ညှဥ်းပန်း သရမ်းပျက်ချော်၊ ရှောင်ကြဉ်ရေး
ဝင့်ကျွေးစင်ဘို့ မြော်။

## ၁၁၂

## ယမမင်းထံ အစစ်ခံ သံပေါက်

၁။ အိုကွဲယောက်ျား လူပြည်သား ဘယ်တရားများကျင့်ခဲ့တယ်။
ကျွန်တော်မျိုးမှာ လျှောက်စရာ ဘယ်ဟာကိုမျှ မရှိတယ်။

၂။ ကုသိုလ်ကောင်းမှု တစ်ခုခု မပြုခဲ့လားကွယ်။
ယမရာဇာ မေးသောခါ ခများမှိုင်၍ နေရှာတယ်။

၃။ အမောင်ယောက်ျား သတိထား စဉ်းစားပါအုန်းကွယ်။
ဗုဒ္ဓမြတ်စွာ သာသနာ မထွန်းပါလားကွယ်။
ကျွန်တော်တို့ရွာ သာသနာ ထွန်းလှပါတော့တယ်။

၄။ ပဗ္ဗဇိတ ဒုလ္လဘာ မရခဲ့လားကွယ်။
သာသနာစက် ရဟန်းဘက် စိတ်မျှမကွက်တယ်။

၅။ ရဟန်းဖြစ်မှာ မင့်ဆရာ မဟောပါလားကွယ်။
ကျွန်တော့ဆရာ ဟောပြရှာ နားမှာမဝင်တယ်၊
ကျွန်တော့စိတ်မှာ သည့်အခါ ရွာသာရောက်တော့တယ်။

၆။ ယောက်ျားစစ်ပ လှလှရဲ့ မင့်ဘဝကို နမြောတယ်၊ လူတို့ပြည်ရွာ
အမောင့်မှာ ဘာများလုပ်ခဲ့တယ်။
ကျွန်တော့မယား စားဘို့များ ကြိုးစားလုပ်ခဲ့တယ်။

၇။ အမောင်အမောင် ယောင်တောင်တောင် အမောင်မှားခဲ့တယ်။
သဒ္ဒါဖြောင့်တန်း ဒါနခန်း ပြောစမ်းပါဦးကွယ်။
သားကြီးရှင်ဖြစ် ကျွန်တော်စစ် ညစ်၍လှူခဲ့တယ်။

၈။ လှူသောအခါ စေတနာ သုံးဖြာညီလားကွယ်။
သုံးချက်စေတနာ နည်းလှပါ မှန်စွာလျှောက်တော့မယ်၊
ကျွန်တော့အလှူ ကျွေးတွေပူ ငွေကူမျှော်မိတယ်။
ကူငွေနှင့်သာ ငါလှူတာ ထေမိပါရင် တော်တော့မယ်။
ကျွန်တော်မျိုးမှာ သည်လိုသာ အောက်မေ့မိပါတယ်။

၉။ ယုတ်မြတ်မဟူ စားသောက်သူ ကြည်ဖြူပါလားကွယ်။
ငွေကူများရာ လူချမ်းသာ မျက်နှာလိုက်၍ ကျွေးခဲ့တယ်၊
မျက်နှာနဲပါး လူမွဲများ မလွှဲသာကျွေး ကျွေးရတယ်၊
လူချမ်းသာလျှင် မကျာပ်ဝင် ဖျာလျှင်သင်ဖြူး ခင်းပေးတယ်၊
သည်ကိုဟိုကို ကျွပါဆို ဖျိုဖျာမစဲ ခေါ်ခဲ့တယ်၊
ကွမ်းဆေးလဖက် ဆီစက်စက် ဝက်နှင့်ကြက်သား
ကျွေးခဲ့တယ်။

၁၀။ မင့်အလှူမှာ ငွေတွေသာ နမြောပါဘိကွယ်၊ ပရိက္ခရာ
ဆောင်ရန်မှာ ကောင်းစွာလှူလားကွယ်။
ပရိက္ခရာ ညံ့လှစွာ ဖိုးချိုတာမှ ဝယ်ခဲ့တယ်။

၁၁။ လှူသောအခါ ပစ္စည်းမှာ စင်ကြယ်ပါလားကွယ်။
ကျွန်တော်လှူတာ ပစ္စည်းမှာ ခိုးတာများခဲ့တယ်။

၁၂။ ပစ္စည်းကုန်ကာ မင်းလှူတာ ဝမ်းနည်းပါပေတယ်၊
ဘုန်းကြီးပင့်ခန်း အလမ်းလမ်း ပြောစမ်းပါဦးကွယ်၊
အကျင့်သိက္ခာ ရွေးချယ်ကာ မြတ်ရာကိုယ်တော်
ပင့်လားကွယ်။
သည်လိုပဟာမှာ မလေ့လာ မျက်နှာနာမှ ပင့်ခဲ့တယ်၊
နှုတ်ဆက်ခေါ်ငင် မျက်နှာရှင် ပုဂ္ဂိုလ်ကောင်းလို့ ထင်ခဲ့တယ်။
သည်လိုဆရာ ကျွန်တော့်မှာ များစွာပင့်ခဲ့တယ်။ ဒီအမျိုးပါ
ဒို့ဆရာ ဒို့ရွာကိုယ်တော် ပင့်ဦးမယ်၊ ပြောင်းနှင့်စပါး
မင်းတို့များ ဘယ်လောက်ရလဲကွယ်၊ကျောင်းကိုများသွား
တဟားဟား လဖက်ကွမ်းစားတယ်၊ ငှက်ပျောအုန်းသီး
ဒကာကြီး မည်းစမ်း ပါအုန်းကွယ်၊ ဒီလိုခေါ်ဆို မျက်နှာချို
ထိုပုဂ္ဂိုလ်မှ ပင့်ခဲ့တယ်၊ ကျွန်တော်တို့ ရွာ လှူကြတာ
ဒီလိုချည်းသာပင့်ကြတယ်။

၁၃။ အမောင်လှူတာ ဗလချာ တန်ပါဦးတော့ကွယ်၊ အင်္ဂါငါးလီ
ပဋ္ဌသီ ဆောက်တည်ပါလားကွယ်။
သီလငါးပါး ကျင့်တရား ပျက်ပြားများခဲ့တယ်၊ သက်သတ်ခိုးမှု
ကာမေသု တစ်ခုမကျန်ပေါက်ခဲ့တယ်၊ မုသားသေရည်
ဤနှစ်လီ ဝသီရှိတိုင်း ကျင့်ခဲ့တယ်။

၁၄။ ဖြစ်ခဲလေစွ လူ့ဘဝ သနားလှတော့တယ်။
ကျွန်တော်ချည်းသာ မဟုတ်ပါ လူတကာလဲ ပျက်ကြတယ်
၊မိန်းမတွေဟာ ပျက်လိုက်တာ ဈေးဝယ်ရာတောင်
ရန်ဖြစ်တယ်။

၁၅။ သည်မှတစ်ခန်း ရှေ့သို့ လှန်း မေးစမ်းပါအုန်းမယ်၊ ဘုရား
တရား သံဃာများ ဝပ်တွားပါလားကွယ်။
ဘုရားဖူးများ တဟားဟား ပျော်ပါးရအောင် လိုက်ဖူးတယ်။

၁၆။ လိုက်သောအခါ မြတ်ဗုဒ္ဓါ ကြည်ညိုလှစွာ ဖူးလားကွယ်။
ဗုဒ္ဓဂုဏော စိတ်မစော ရယ်မောစားသောက်ပြန်ခဲ့တယ်။

၁၇။ မာတာပိတ မိနင့်ဖ ညွှတ်ခရဲ့လားကွယ်။
မညွှတ်ခဘဲ ကျွန်တော်လဲ ဆဲတောင်ဆဲသေးတယ်။

၁၈။ များစွာ့များစွာ့ မောင်ဗာလ သနားပါဘိကွယ်။ တရားတော်မှာ
ဒေသနာ ကြားနာရဲ့လားကွယ်။
စိတ်ကမပါ ရုက်လိုက်တာ လူဆိုမှာကြောင့် နာဘူးတယ်။

၁၉။ နာသောအခါ မင်းစိတ်မှာ သဒ္ဓါကြည်နူး ရှိလားကွယ်။
ကတောင်ခြောက်ခြား စိတ်ကသွား တောထဲများတောင်
ရောက်သေးတယ်။

၂၀။ ပုဂ္ဂိုလ်များစွာ ဟောကြားပါ သည်တစ်ခါလားကွယ်။
ကျွန်တော်မျိုးမှာ သည်တစ်ခါ
လူမျက်နှာကြောင့်လိုက်သေးတယ်။

၂၁။ သည်တစ်ခါနာ အမောင့်မှာ ကြည်ညိုပါလားကွယ်။
တရားလဲချ အိပ်ရေးဝ ထ၍ပြန်ခဲ့တယ်။ မိန်းမတွေဟာ
ငိုက်လိုက်တာ ကျွန်တော့်ထက်တောင် သာသေးတယ်။

၂၂။ စံကျောင်းဝိဟာ မြတ်သံဃာ ဆည်းကပ်ပါလားကွယ်။
ဆွမ်းမုန့်ငှက်ပျော ကျောင်းမှာပေါ ရောရှ်လိုက်ဖူးတယ်။

၂၃။ လိုက်သောအခါ ထေရ်သံဃာ ရဟန္တာသို့ ထင်လားကွယ်။
ဘုန်းကြီးနားမှာ မရောက်ပါ တော်ရာချောင်က ခိုခဲ့တယ်။

၂၄။ ခိုသောအခါ မင်းစိတ်မှာ ကြည်ညိုပါလားကွယ်။
ကြည်ညိုဝေးစွာ ကျွန်ုပ်မှာ စားစရာသာကြည့်ခဲ့တယ်၊
စားစရာပင် ကြည့်ရှုမြင် ဘုန်းကြီးကပင် နမြောတယ်၊
သည်လိုများပေ ကျွန်တော်လေ ဆိုတောင်ဆိုမိတယ်၊
ကျွန်တော်ချည်းသာ မဟုတ်ပါ သူတကာလဲ ဆိုကြတယ်။

၂၅။ ကျောင်းပစ္စည်းများ အမောင့်အား မစား မသောက်
ကင်းလားကွယ်။
စားသည့်ထမင်း ဝမ်းတောင့်တင်း ကျောင်းကအနိုင်
ဆင်းခဲ့တယ်။

၂၆။ စားသည်မယွင်း ကျောင်းတလင်း
ခတ်ခြင်းတံမြက်လှည်းလားကွယ်။
မလှည်းမိပါ ကျွန်တော့်မှာ စားပြီးကျောင်းကပြန်ခဲ့တယ်၊
ကျွန်တော်တို့ရွာ လူတွေဟာ သည်လိုချည်းသာ စားကြတယ်။

၂၇။ အမောင်ယောကျ်ား မင်းဖြစ်ငြား သနားပါဘိတယ်၊
ဥပုသ်စောင့်ခန်း ရှေသို့လှန်း မေးစမ်းပါဦးမယ်၊ ဥပုသ်အင်္ဂါ

အရိယာ ဖြူစွာသီလ စောင့်လားကွယ်။
ဘုန်းကြီးများထံ သီလခံ ကြွက်ကြွက်ညံအောင် ပြောခဲ့တယ်။

၂၈။ ပြောသောစကား မင်းဖြစ်ပြား တရားကြောင်းလားကွယ်။
လယ်ယာကျွဲနွား ပြောင်းစပါး သားမယားကြောင်း
ပြောခဲ့တယ်၊ စပ်မိစပ်ရာ ပြောလိုက်တာ နွားခြင်းလဲရာ
ရောက်သေးတယ်၊ သည့်လိုနှင့်ပင် နေသာဝင်
အိမ်လျှင်ပြန်ခဲ့တယ်၊ ဥပုသ်စောင့်ရာ ပြောကြတာ
မိုးမရွာကြောင်းသာ များလေတယ်။

၂၉။ သီလပျောက်ကျား စောင့်လေပြား မိုးကားကွက်ကျား
ရွာတတ်တယ်၊ မင်းတို့လူဘောင် သီလကြောင် မိုးရှောင်ကွင်း
တတ်တယ်၊ မင်းတို့ဖြစ်ပုံ အလုံးစုံ အကုန်တွေးပကွယ်၊
မင်းတို့စောင့်တာ ဥပုသ်မှာ ထမင်းဆာတာ သနားတယ်၊
ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းပါလားကွယ်။ ဘာဝနာလမ်း
ကမ္မဋ္ဌာန်း စီးဖြန်းနဲ့ခဲ့တယ်။

၃၀။ တရားစကား အမောင့်အား ဆွေးနွေးပါလားကွယ်။
တတ်တယ်ဆိုလျှင် ကျွန်တော်ပင် အလွန်မေးချင်တယ်။

၃၁။ မေးသောအခါ မင်းစိတ်မှာ ဘာဝနာလားကွယ်။
မဖြေနိုင်က အရှက်ရ နာမည်လှလှပျက်အောင် မေးခဲ့တယ်။
တစ်ခါတစ်ခါ ကျုပ်တို့ရွာ စာစကားသာ ပြောကြတယ်။

သင်္ဂြိုဟ်ဘေးပေါက် ကောက်သင်းကောက်
ရောက်မိရောက်ရာ ငြင်းခဲ့တယ်။

၃၂။ ငြင်းသောအခါ မင်းစိတ်မှာ ဘယ်လိုပါလဲကွယ်။
ကျွန်တော်ကပင် ဂုဏ်လိုချင် တတ်သည့်ထင် အောင်
ငြင်းခဲ့တယ်။ ကျွန်တော်တို့ရွာ လူတွေဟာ စာငြင်းတာနဲ့
ရန်ဖြစ်တယ်။

၃၃။ အမောင်ယောကျ်ား လျှောက်တင်ထား အမှားတွေသာ
များခဲ့တယ်။ အားကိုးစရာ ကုသိုလ်မှာ ဘယ်ဟာကိုမျှ
မရှိတယ်။ တစ်ခုကိုမျှ မေးမရ ဝမ်းနဲ့လှေချေတယ်၊
အမောင့်ဖြစ်ပုံ အလုံးစုံ အကုန်သနားတယ်။ ယမရာဇာ
မေးသောခါ ခမျာမှိုင်၍ နေရှာတယ်။ သည်သောအခါ ငရဲရွာ
ဆွဲခါချတော့တယ်။

**ယမမင်းထံ အစစ်ခံ သံပေါက်ပြီး၏။**